www.dhammaransi.com

# အိပ်မက်ဟူသည်



မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ ( မဟာစရိယ ၊ ဘီအေ )

www.dhammaransi.com

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၈၆၀၆၁၀

မျက်နှာဖုံးခွင့်ပြုအမှတ် - ၄၀၈၃၂၁၀၆၁၁

ထုတ်ဝေသည့်ကာလ - ၂၀၀၆-ခုနှစ်၊ ဒီဇင်ဘာလ

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

❑

ထုတ်ဝေသူ

ဦးခင်မောင်ဦး မြဲ(၀၄၀၇၃)၊

၄၇၃(က)၊ နီလာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊

မြောက်ဥက္ကလာပမြို့နယ်

❑

ဖြန့်ချိရေး

၁။ မြတ်ပန်းရဂုံစာပေ၊ အမှတ်(၁၉၄)၊ မြေညီထပ်၊

(၂၉)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊

ဖုန်း ၀၉၅၁-၃၉၄၅၀

၂။ ဆွေသဟာစာပေ၊ အမှတ်(၅၅)၊ (၈)ရပ်ကွက်၊

သုနန္ဒာ (၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်

❑

ကွန်ပျူတာစာစီ - ဆွေသဟာ(ဖုန်း ၆၉၀၃၂၄)

တန်ဖိုး - ၃၅၀ ကျပ်

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | --------------- |


## အခန်း (၁)

## အိပ်မက်ဟူသည်


| | | |
|---|---|---|
| ၂။ | - အိပ်မက်အမျိုးမျိုး | ၁ |
| | - အိပ်မက်မြင်မက်ခြင်းအကြောင်းလေးပါး | ၆ |
| | - အိပ်မက်,မက်ချိန် | ၁၅ |
| | - အိပ်မက်မြင်မက်သူနှင့်မမြင်မက်သူ | ၂၅ |
| | - အိပ်မက်နှင့်အသက်အရွယ် | ၂၈ |
| | - အိပ်မက်သည်အကျိုးဖြစ်-မဖြစ် | ၂၉ |
| | - အိပ်မက်၏မှန်မှု-မမှန်မှု | ၃၀ |
| | - အိပ်မက်ထဲမှကုသိုလ်-အကုသိုလ် စေတနာအကျိုးပေးမှု | ၃၁ |

www.dhammaransi.com

- အိပ်မက်နှင့်ဝိနည်းအဘိဓမ္မာဆန့်ကျင်မှု ၃၂
- အိပ်မက်နှင့်ပတ်သက်သော
မိလိန္ဒမင်း၏အမေး ၃၅

## အခန်း (၂)

## အိပ်မက်မြင်မက်မှုဘာဝအဆွေစွေ

၃။ (က) ဇာတ်တော်ပုဒ္ဓဝင်လာ
အိပ်မက်ရှင်များ
၁။ ဗဟုပုတ္တကမင်း မိဖုရား၏အိပ်မက်နှင့်
ရွှေဟင်္သာမင်း ၄၁
၂။ ခေမာမိဖုရား၏
ဆပ်မင်းတရားဟောအိပ်မက် ၅၁
၃။ ဝိဒေဟရာဇ်မင်း၏အိပ်မက် ၆၄
၄။ မဒ္ဒီဒေဝီ၏အိပ်မက် ၇၀
၅။ စန္ဒကုမာရမင်းသား၏ဖခင်
ဝသဝတ္တိမင်းကြီး၏အိပ်မက် ၇၇
၆။ မယ်တော်မာယာ၏အိပ်မက် ၈၁

www.dhammaransi.com


၇။ ဘုရားလောင်း၏အိပ်မက်ကြီးငါးပါး ၈၇

၈။ ကောသလမင်း၏အိပ်မက်(၁၆)ချက် ၉၂

၉။ စဏ္ဍပဇ္ဇောတမင်း၏အိပ်မက်နှင့် ရှင်မဟာကစ္စည်းအဖြေ ၁၀၈

၄။ ရှေးဘုရင်တို့၏အိပ်မက်များ

(က) စလေငခွေးမင်း၏အိပ်မက် ၁၁၃

(ခ) အနော်ရထာမင်း၏အိပ်မက် ၁၁၈

(ဂ) ရခိုင်ဆရာတော်၏အိပ်မက်နှင့် မင်းရှင်စော၏သား(၃)ဦး ၁၂၃

(ဃ) မင်းခေါင်မင်းသားငယ်၏အိပ်မက် ၁၂၆

(င) ငနွဲကုန်းသူကြီးသမီးခင်ဦး၏အိပ်မက် ၁၃၀

(စ) တပင်ရွှေထီးမိခင် ခင်ဦး၏အိပ်မက် ၁၃၂

(ဆ) ဘုရင့်နောင်မင်း၏အိပ်မက် ၁၃၅

(ဇ) အလောင်းဘုရားမိခင်၏အိပ်မက် ၁၄၀

(ဈ) ဦးအောင်ဇေယျဖခင်၏အိပ်မက် ၁၄၅

(ည) မောင်အောင်ဇေယျ၏ အိမ်ထောင်ရှင်ဘဝအိပ်မက် ၁၄၆

www.dhammaransi.com

(ဠ) အလောင်းဘုရား၏အိပ်မက် ၁၄၈
၅။ လူဝင်စားအိပ်မက်များ
(က) ဓမ္မစေတီမင်း၏သားမင်းရဲကျော်စွာ
အိပ်မက်ပေးပုံ ၁၅၂
(ခ) သုံးဘဝလူဝင်စား
မုံတောဆရာတော်၏အိပ်မက်ပေးပုံ ၁၅၄
(ဂ) ဆီးတောဆရာတော်လူဝင်စား၏
အိပ်မက်ပေးပုံ ၁၅၈
(ဃ) ဆီမီးခုံဒန်းကျောင်းဆရာတော်
ဦးဂန္ထလူဝင်စား၏အိပ်မက်ပေးပုံ ၁၆၁
(င) ဦးဓမ္မစာရလူဝင်စား၏အိပ်မက်ပေးပုံ ၁၆၅

၇။ မကျွတ်မလွတ်သူများ၏အိပ်မက်ပေးမှု
(က) တောင်တန်းသာသနာပြုဆရာတော်ကြီး
ဦးဥတ္တမသာရ၏မိခင်အိပ်မက်ပေးပုံ ၁၆၈
(ခ) အမေကိုအမျှပေးဝေကြပါ ၁၇၅

www.dhammaransi.com


(ဂ) အိပ်မက်ပေး၍ကယ်ခိုင်းသော
အဘိုးအို ၁၈၂

(ဃ) ကျောက်တော်ကြီးဘုရားရှိမြွေ၏
အိပ်မက်ပေးပုံ ၁၉၃

(င) ဖျာပုံမဟာသွံ့သာရဘုရားရှိမြွေက
အိပ်မက်ပေးပုံ ၁၉၅

**၆။ နတ်ပေးအိပ်မက်များ**

(က) နတ်ကကောင်းကျိုးပေးသော
အိပ်မက် ၁၉၈

(ခ) ရက္ခစိုးနတ်ကကူညီပေးခဲ့ရသော
ဘိုင်ဘင်ဆရာတော်၏အိပ်မက် ၂၀၀

(ဂ) အိပ်မက်ပေး၍ရွာစောင့်နတ်က
ကူညီမှု ၂၀၄

(ဃ) နတ်ပေးအိပ်မက်ကြောင့်
ပျက်စီးရသောဆရာတော် ၂၀၆

www.dhammaransi.com

# အခန်း (၃)

## အိပ်မက်ကောင်းမက်လိုသော်

၈။ -နတ်များကိုအမျှဝေမေတ္တာပို့ပါ ၂၁၂

-မေတ္တာအာနုဘော်ကြောင့်နတ်များက
ကူညီစောင့်ရှောက်ပုံ ၂၁၈

-မြစ်စောင့်နတ်ကိုအမျှဝေသောအကျိုး ၂၂၀

-နတ်ကိုပူဇော်လုပ်ကျွေးသောအကျိုး ၂၂၄

-ကျန်စစ်မင်းကို မင်းမဟာဂီရိနတ်ကူညီပုံ ၂၂၇

www.dhammaransi.com

# အမှာစာ

ဗုဒ္ဓါ ဒိနာ နုဘာဝေန  ဒုန္နိမိတ္တာ ဒုမင်္ဂလာ

ဒုသဒ္ဒါပါပဂြဟာစ  ဝိနာသန္တု ဒုဿုပိနာ

ဒုဿုပိနာစ  -ကြောက်မက်လန့်ဖွယ်၊ အသွယ်သွယ်ဖြင့်၊ နှိပ်နှယ်ညှင်းပန်း၊ ယောင်ယမ်းငိုကြွေး၊ ပူဆွေးဆူပွက်၊ မနှစ်သက်ဖွယ်သောအိပ်မက်တို့သည်လည်းကောင်း။

ဗုဒ္ဓါ ဒိနာ နုဘာဝေန-ဘုရားအစ၊ ဓမ္မာ သံဃာရတနာတို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့်

ဝိနာသန္တု  -မမှီမစပ်၊ ဝေးရာအရပ်သို့၊ မကပ်မချဉ်း၊ ဝေးအောင်ကွင်းလျက်၊ လွတ်ကင်းလမ်းဖြာ၊ ချမ်းသာကြပါစေကုန်သတည်း။

www.dhammaransi.com



ကြာနီကန်ဆရာတော်ကြီး၏ ဆုတောင်းဂါထာအနက်သံ သည် ကျွန်တော်တို့ဓမ္မစာပေစကားဝိုင်းသို့ စူးရှစွာထိုးဖောက် ဝင်ရောက်လာပါသည်။

"ဆရာ. . . အဲဒီအိပ်မက်အကောင်းအဆိုးမက်မှုနှင့် ပတ်သက်၍ လောကီအယူအဆလား၊ လောကုတ္တရာအယူအဆ လားသိပါရစေ၊ လောကုတ္တရာအယူအဆဆိုလျှင်လည်း ဗုဒ္ဓ စာပေတွေမှာ အိပ်မက်နှင့်ပတ်သက်လို့ ဘယ်လိုဗုဒ္ဓကဟောထား ပါသလဲ. . . ဆရာ-ရှင်းပြနိုင်လျှင် ရှင်းပြပါ. . . ဆရာ" ဟု ဓမ္မမိတ်ဆွေ ကိုချစ်ဆွေက မေတ္တာရပ်ခံပါသည်။

စာရေးသူအပါအဝင် လူအားလုံးတို့သည် ညဉ့်တွင် အိပ်မက်မြင်မက်ဖူးကြသည်၊ တစ်ချို့က အိပ်မက်ကို အလေး အနက်ထားပြီး အကောင်း-အဆိုးကိုယုံကြည်ကြသည်၊ တစ်ချို့က အလေးအနက်မထား သာမန်လောက်သာသဘောထားကြသည်၊ အိပ်မက်ကိုအလေးအနက်ထားသူတို့က လောကီကျမ်းလာ အိပ်မက်တိက္ခတ္ထုံကျမ်းများကိုလေ့လာပြီး အကောင်း-အဆိုးခွဲပြီး ယတြာချေကြသည်၊ ကုသိုလ်ကောင်းမှုပြုကြသည်၊ စာရေးသူ သည် အိပ်မက်နှင့်ပတ်သက်၍ ဤမျှသာခံယူထားပါသည်။

www.dhammaransi.com

## အိပ်မက်ဟူသည်

ယခု ဓမ္မမိတ်ဆွေကြီးကိုချစ်ဆွေက ဘုရားဟောထားတာ ရှိ-မရှိမေးလာမှ မယ်တော်မာယာအိပ်မက်၊ မဟောသဓာအိပ်မက် ကောသလမင်းအိပ်မက်စသည်တို့ကို သတိရမိပါသည်။

ဗုဒ္ဓစာပေတို့၌ အိပ်မက်အကြောင်းများ များစွာပါရှိသလို ယနေ့လူ့လောကတွင် လူသားတို့အား အိပ်မက်မြင်မက်မှုများ သည် များစွာရှိပါသည်၊ အိပ်မက်အရ ကောင်းကျိုးရရှိခံစားသူ များရှိသလို ဆိုးကျိုးခံစားရသူများလည်းရှိကြောင်း တွေ့မြင်ကြား နေရပါသည်။

သို့အတွက် အိပ်မက်သည် လူသားတို့အတွက် စိတ်ဝင် စားစရာကောင်းသောစိတ်ပိုင်းဆိုင်ရာပြဿနာတစ်ရပ်ဖြစ်နေရ ပါသည်။

ထိုအိပ်မက်မြင်မက်ခြင်းသည် အဘယ်ကြောင့်မြင်မက် ပါသနည်း ဟုမေးသော် အတိအကျပြောဆိုနိုင်သူကရှားပါမည်၊ အိပ်မက်သည် လူသားတစ်ယောက်၏ကောင်းကျိုးဆိုးကျိုး ရှေ့ ပြေးနိမိတ်ဖြစ်မှုတွေရှိနေ၍ စိတ်ဝင်စားစရာလည်းကောင်းပါ သည်။

သို့အတွက် စာရေးသူသည် အိပ်မက်နှင့်ပတ်သက်၍ စူးစမ်းလေ့လာရှာဖွေ၍ ထေရဝါဒဗုဒ္ဓဘာသာကျမ်းဂန်အဆိုအညီ

www.dhammaransi.com

## တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ-အေ)

ဤ အိပ်မက်ဟူသည် စာအုပ်ကိုရေးသားထုတ်ဝေရပါသည်၊ လောကီကျမ်းအယူအဆ အိပ်မက်တိက္ခတ္တုံကျမ်းများလည်းရှိပါသည်၊ ဤနေရာ၌ စာရေးသူမှ စာဖတ်သူတို့ကို အဓိကသိစေလိုသည်မှာ အိပ်မက်ဘာကြောင့်မြင်မက်သည်ဆိုတာကို သိစေလိုပါသည်၊ အိပ်မက်ကောင်းမက်ရန် နတ်ကောင်းနတ်မြတ်တို့စောင့်ရှောက်ရန်၊ ကောင်းသောရွှေ့ပြေးနိမိတ်များပေါ်စေရန် ရတနာသုံးပါးမပြတ်ကိုးကွယ်ဆည်းကပ်ဖို့လိုသည်---တို့ကို သိစေမှတ်စေ ယုံကြည်စေလိုပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် မေးခွန်းမေးခဲ့သော ဓမ္မမိတ်ဆွေကြီး ဦးချစ်ဆွေနှင့် စာမူဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးသော "ဆွေသဟာ"စာပေတိုက်မှ မခင်သူဇာ (ဘီ-အေ, စီးပွားစီမံ)၊ ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

| | |
|---|---|
| ဦးကိုကိုမြိုင် | မဟာသဒ္ဓမ္မဇောတိကဓဇ |
| ၈/၅၅၊ သုနန္ဒာ(၃)လမ်း | တက္ကသိုလ်သျှင်သီရိ |
| မြောက်ဥက္ကလာပမြို့နယ် | ဓမ္မာစရိယ ( ဘီ-အေ ) |
| ဖုန်း - ၆၉၀၃၂၄ | |

www.dhammaransi.com

# အခန်း ( ၁ )

# အိပ်မက်ဟူသည်

## အိပ်မက်အမျိုးမျိုး

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏အိမ်တိုင်းတွင် ဆွမ်းကျွေးခြင်းစသော အလှူမင်္ဂလာများ ပြုလုပ်ကြသည့်အခါတိုင်း ရဟန်းသံဃာတော်များက ပရိတ်မေတ္တာကို ရွတ်ဖတ်သရဇ္ဈာယ်ပေးကြပြီးနောက်ဆုံးတွင် လူ့လောက၊ လူ့သဘာဝ၌ဖြစ်ပေါ်တတ်သောကြုံလာတတ်သော မကောင်းသောအ-မင်္ဂလာများမကျရောက်မဖြစ်ပေါ်-မကြုံလာစေရန်-

www.dhammaransi.com



ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ

ယောစာမနာပေါ သကုဏဿသဒ္ဒေါ

ပါပဂ္ဂဟော ဒုဿုပိနံအကန္တံ

ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု

ဓမ္မာနုဘာဝေန ဝိနာသမေန္တု

သံဃာနုဘာဝေန ဝိနာသမေန္တု

မကောင်းသောနိမိတ်၊ မင်္ဂလာမရှိသောအရာ၊ နှစ်သက်ဖွယ်မရှိသောငှက်ဆိုးထိုးသံ၊ ပါပဂြိုဟ်၊ နှစ်လိုဖွယ်မရှိသော အိပ်မက်အမျိုးမျိုးတို့သည်-

- ဘုရားရှင်မြတ်တို့၏အာနုဘော်ကြောင့်ကင်းပျောက်ပါစေ။

- တရားတော်တို့၏အာနုဘော်ကြောင့်ကင်းပျောက်ပါစေ။

- သံဃာတော်တို့၏အာနုဘော်ကြောင့်ကင်းပျောက်ပါစေ။

ဟူသော အန္တရာယ်ကင်းဂါထာကိုရွတ်ဖတ်ဆုတောင်းပေးလေ့ရှိပါသည်။

www.dhammaransi.com



ထိုဆုတောင်းတွင် အိပ်မက်ဆိုသည်မှာ ပါလာသည်၊ အိပ်မက်ကို ကမ္ဘာလောကရှိလူသားတိုင်း လက်ခံယုံကြည်ထားကြပါသည်။

အင်္ဂလိပ်ဘာသာ၌ အိပ်မက်ဟူသောဝေါဟာရကို DREAM ဟု ခေါ်ပါသည်၊ ယင်း၏အဓိပ္ပာယ်ကို အဘိဓာန်၌-

"အိပ်ပျော်နေစဉ် မြင်တွေ့ရသကဲ့သို့ဖြစ်သောအရာ" ဟူ၍ဖွင့်ဆိုထားပါသည်။

အမှန်အားဖြင့်လည်းဟုတ်ပါသည်၊ အိပ်မက်ဟူသည် ဝိပ္ပလ္လာသမကင်းသေးသော သတ္တဝါတို့အားအိပ်နေစဉ်အတွင်း မိမိတကယ်ကိုယ်ထိလက်ရောက် မျက်မြင်မတွေ့ မမြင်ရသောအရာတို့ကို မြင်ရ-တွေ့ရသကဲ့သို့ထင်လာခြင်းပင်ဖြစ်ပါသည်။

အိပ်မက်လောက၊ အိပ်မက်ကမ္ဘာ ဟူသော ဝေါဟာရအသုံးအနှုန်းများသည်လည်း အမှန်တကယ်မဟုတ်သောအခြေအနေများကိုရည်ညွှန်းခြင်းပင်ဖြစ်ပါသည်။

လောက၌ လူတို့သည် တစ်ခါတစ်ရံ မိမိဘဝရှေ့ရေးအတွက် ကြီးမားသောမျှော်လင့်ချက်များဖြင့် မဖြစ်နိုင်သေးသောအရာများကို ကြံစည်စဉ်းစားလျက် စိတ်ကူးယဉ်အိပ်မက် မက်နေတတ်ကြသည်။

www.dhammaransi.com



သို့သော်လည်း တစ်ခါတစ်ရံတွင်မူ တကယ်မဖြစ်နိုင် ဟု ထင်ရသောအရာများ တကယ်ဖြစ်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသဖြင့် တအံ့တဩဖြစ်ကာ အိပ်မက်လေလား ဟု သင်မှတ်ပြောဆိုခြင်းများရှိပါသည်။

မြတ်စွာဘုရားရှင်က ကာမဂုဏ်ငါးပါး အာရုံတရားများ ကို သုပိနကူပမာ-အိပ်မက်လျှင် ဥပမာရှိကုန်၏၊ အိပ်မက်နှင့် အလားတူကုန်၏ ဟူ၍ ဟောကြားတော်မူပါသည်။

## ကာ္ထရ မစ္စု ပဌာနဌေန

အချိန်တိုတိုကလေးသာခံစားရပြီး မကြာခင်မှာပင် ပျောက်ဆုံးပျက်စီးသွားတတ်သောကြောင့် အိပ်မက်နှင့်တူသည် ဟု အဋ္ဌကထာဆရာက ထပ်မံဖွင့်ဆိုပါသည်။

လောကလူသားတို့ခံစားနေရပုံကိုကြည့်လျှင် ဖွင့်ဆိုချက် မှန်ကန်ကြောင်းတွေ့ရပါသည်။

လောကလူသားတို့သည် ကာမဂုဏ်စည်းစိမ်ခံစားနိုင် ရန်အတွက် အားထုတ်ရခြင်း၊ ရှာဖွေစုဆောင်းရခြင်း၊ မျှော်လင့် တောင့်တနေရခြင်းတို့ဖြင့်သာ အချိန်များစွာကုန်လွန်နေကြရပါ သည်၊ တကယ့်လက်တွေ့ခံစားရသောအချိန်တို့ကား အလွန်တို တောင်းလှပါ၏။

www.dhammaransi.com



ဤသို့အားဖြင့် ကာမဂုဏ်ငါးပါး အာရုံတရားတို့သည် အနုဿာသိတာ-အာသာမပြေစေနိုင်သောတရားများဖြစ်၏ ဟူ၍လည်း ဘုရားရှင်က ဟောကြားခဲ့ပါသည်။

အိပ်မက်ထဲ၌သောက်ရသောရေသည် ရေငတ်မှုကို မပြေစေနိုင်သကဲ့သို့ ကာမဂုဏ်ငါးပါးတို့သည် သတ္တဝါတို့၏အလို အာသာတဏှာရမ္မက်ကို ဘယ်အခါမျှပြေပျောက်သွားစေနိုင်သည်ဟူ၍မရှိ၊ သတ္တဝါတို့သည် တစ်မျိုးကိုခံစားပြီးနောက် တစ်မျိုးကိုခံစားလိုကြသည်သာဖြစ်၏။

"ရလေ လိုလေ အိုတဲ့ စွေ" များသာဖြစ်၏။

ထို့ကြောင့် ကာမဂုဏ်ငါးပါးအာရုံတရားတို့သည် အာသာမပြေနိုင်သောတရားများ အိပ်မက်ပမာ ဟူ၍ဟောကြားတော်မူခြင်းဖြစ်ပါသည်။

အိပ်မက်ဟူသည် အိပ်ပျော်နေစဉ်အတွင်း စိတ်အာရုံ ထင်လာခြင်းကို အိပ်မက်ဟူ၍ခေါ်ဆိုခြင်းဖြစ်ပါသည်၊ အိပ်ပျော်နေသူအား ဘဝင်စိတ်များသာဖြစ်ပေါ်နေသောကြောင့် သာမန်အားဖြင့် အာရုံများထင်ဟပ်မလာနိုင်ပါ၊ ထူးခြားသောအကြောင်း တစ်ခုခုရှိမှသာ ထင်ဟပ်လာနိုင်ပါသည်။

www.dhammaransi.com



ထို့ကြောင့် အိပ်ပျော်နေသူ၏စိတ်အစဉ်၌ အပြင်အာရုံများထင်လာနိုင်သောအကြောင်းတရားလေးပါးရှိပါသည်၊ ထိုအကြောင်းတရားလေးပါးတွင် တစ်ပါးပါးတိုက်ဆိုင်ထင်လာပါမှ အိပ်မက်, မက်သည်ဟု ဆိုပါသည်။

## အိပ်မက်မြင်မက်ခြင်းအကြောင်းလေးပါး

ယင်းအိပ်မက်မက်ခြင်းအကြောင်း(၄)ပါးမှာ-

၁။ ဓာတုက္ခောဘ -ဓာတ်ချောက်ချား၍ အိပ်မက်, မက်ခြင်း

၂။ အနုဘူတပုဗ္ဗ -ရှေးအခါက ခံစားခဲ့ဖူး၍ အိပ်မက်, မက်ခြင်း။

၃။ ဒေဝတောပသံဟာရ -နတ်တို့ကဆောင်ပြ၍အိပ်မက်,မက်ခြင်း။

၄။ ပုဗ္ဗနိမိတ္တ -ရှေ့ပြေးနိမိတ်ထင်လာခြင်းရှိ၍ အိပ်မက်, မက်ခြင်း

www.dhammaransi.com



ဤလေးပါးသောအကြောင်းတွင် တစ်ခုခုသော အကြောင်းကြောင့် အိပ်မက်မြင်မက်ခြင်းဖြစ်ပါသည်။

ဓာတုက္ခောဘ-ဓာတ်ချောက်ချား၍အိပ်မက်မြင်မက်ခြင်းတွင်-

က-ဝါတိက = လေ၊ ဓာတ်ပျက်၍မြင်မက်ခြင်း။

ခ-ပိတ္တိက = သည်းခြေပျက်၍မြင်မက်ခြင်း။

ဂ-သေမှိက = သလိပ်ပျက်၍မြင်မက်ခြင်း။

ဟူ၍ ထပ်မံခွဲခြားသဖြင့် အိပ်မက်-မက်ခြင်းအပြား(၆)ပါးရှိကြောင်းဆိုပါသည်။

၁။ ဓာတုက္ခောဘ-ဓာတ်ချောက်ချား၍အိပ်မက်မြင်မက်ခြင်းဆိုသည်မှာ-

-မသင့်လျော်သောအစာကိုစားမိသူ

-မသင့်လျော်သောဆေးဝါးကိုမှီဝဲမိသူ

တို့အား ယင်းတို့၏ခန္ဓာကိုယ်မှ သွေး၊ သည်းခြေ၊ သလိပ်စသော ဓာတ်သဘာဝများ ဖောက်ပြန်ချောက်ချားမှုဖြစ်တတ်ပါသည်။

www.dhammaransi.com



မသင့်လျော်သောနေရာ၊ မိမိအိပ်နေကျမဟုတ်သောနေရာတို့၌ အိပ်မိသောသူအားလည်း အလားတူခေတ်ချောက်ချားမှု ဖြစ်တတ်ပါသည်။

အထူးအားဖြင့် သုသာန်၊ အသုဘအိမ်နှင့်အခြားအစွဲအလမ်းတစ်ခုခုရှိသောနေရာ၌ အိပ်စက်သူအား စိတ်စွဲလမ်းမှုကြောင့် ခေတ်ချောက်ချားသွားခြင်းဖြစ်တတ်ပါသည်။

ထိုကဲ့သို့ ခေတ်ချောက်ချားခြင်းဖြစ်သူတို့အား အိပ်မက်အမျိုးမျိုးထင်လာတတ်ပါသည်။

-တောင်ပေါ်မှလိမ့်ကျသကဲ့သို့လည်းကောင်း

-ဘီလူး၊ သဘက်၊ သားရဲတိရစ္ဆာန်အလိုက်ခံရသကဲ့သို့ လည်းကောင်း

-ရန်သူလူဆိုးများနှင့် ရင်ဆိုင်တွေ့ရသကဲ့သို့လည်းကောင်း

-အစားကောင်းများစားနေရသကဲ့သို့လည်းကောင်း

-ပုဂ္ဂိုလ်တစ်ယောက်ယောက်နှင့်တွေ့နေရသကဲ့သို့ လည်းကောင်း

စသည်ဖြင့် ခံစားမြင်မက်တတ်ပါသည်။

www.dhammaransi.com



မြန်မာတို့တွင် ထမင်းလုံးကိုနင်းမိလျှင် ထမင်းလုံးတအွေ့ခြောက်ခံရတတ်သည်ဟူသောအစွဲအလမ်းနှင့် ထမင်းလုံးတအွေ့ခြောက်ခံရမှုသည် စိတ်၏စွဲလမ်းမှုအရင်းခံရှိသော ဓာတ်ချောက်ချားမှုကြောင့် အိပ်မက်မက်ခြင်းဖြစ်ပါသည်။

လူတို့တွင် ဓာတ်ချောက်ခြားနှင့် စိတ်ချောက်ခြားတို့သည် ဆက်စပ်နေပါသည်၊ ဓာတ်ချောက်ခြားကြောင့် စိတ်ချောက်ခြားတတ်သကဲ့သို့ စိတ်ချောက်ခြားခြင်းကြောင့်လည်း ဓာတ်ချောက်ခြားမှုဖြစ်နိုင်ပါသည်၊ စိတ်၏စွဲလမ်းခြင်းသည် စိတ်ချောက်ခြားခြင်း၏တစ်မျိုးဖြစ်ပါသည်၊ အရေးကြီးသောကိစ္စတစ်ခုကိုပြုလုပ်ရန်ရှိသည့်အခါ စိတ်စွဲလမ်းနေသောကြောင့် ထိုကိစ္စနှင့်ပတ်သက်သော အိပ်မက်ကိုမြင်မက်တတ်ပါ၏၊ မိဘဆွေမျိုးစသည်တို့နှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြဖွယ်အခြေအနေရှိသောအခါ၌လည်း ထိုသူများနှင့်ပတ်သက်သောအိပ်မက်မြင်မက်တတ်ပါသည်။

၂။ အနုဘူတပုဗ္ဗ -ရှေးအခါက ခံစားခဲ့ဖူး၍မြင်မက်သောအိပ်မက် ဟူသည်မှာ-

ရှေးအခါက မိမိခံစားခဲ့ဖူးသောအာရုံများကိုစွဲလမ်းမှုကြောင့် မကြာခဏအိပ်မက်မြင်မက်ခြင်းကိုဆိုလိုပါသည်။

www.dhammaransi.com



တစ်ချိန်တစ်ခါက မိမိနှင့်အတူတကွနေခဲ့ဖူးသော ဆွေမျိုး ဉာတိ၊ မိတ်ဆွေသူငယ်ချင်းများအကြောင်းကို အိပ်မက်မြင်မက်တတ်ပါသည်။

မိမိရောက်ခဲ့ဖူးသောအရပ်ဒေသ၊ နေရာဌာနများအကြောင်းကိုပြန်ပြောင်းမြင်တတ်ပါသည်၊ မိမိကိုယ်တိုင်ကြည်ကြည်နူးနူးဖူးမြင်ခဲ့ရသော ဗုဒ္ဓရုပ်ပွားတော် စေတီပုထိုးတော်များသည် အိပ်မက်၌ထင်လာတတ်ပါသည်။

မကောင်းမှုဒုစရိုက်တစ်မျိုးမျိုးကို ပြုလုပ်ခဲ့မိသူတို့မှာလည်း ထိုမကောင်းမှုနှင့်စပ်သောအာရုံများ အိပ်မက်၌မကြာခဏမြင်မက်ထင်လာတတ်ကြပါသည်၊ ထိုမကောင်းသောအာရုံနိမိတ်များ မြင်မက်သော် ကြောက်လန့်ခြင်း၊ ဇောချွေးပြန်ခြင်းစသည်များ ခံစားကြရသည်ကိုတွေ့ရပါမည်။

၃။ ဒေဝတောပသံဟာရ -နတ်တို့ကဆောင်ပြခြင်း၊ နတ်တို့လှည့်ပတ်၍အိပ်မက်မြင်မက်ခြင်း ဟူသည်မှာ-

နတ်တို့တွင် လူသားများကဲ့သို့ပင်-

-ကောင်းသောကောင်းကျိုးကို လိုလားစောင့်ရှောက်သော သမ္မာဒေဝနတ်

www.dhammaransi.com



-မကောင်းသောကောင်းကျိုးကို လိုလားပြီးဖျက်ဆီး
သော မိစ္ဆာဒေဝနတ်

ဟူ၍ (၂)မျိုးရှိပါသည်။

သမ္မာဒေဝနတ်တို့သည် လူတို့၏အထူးသဖြင့် သူတော်ကောင်းတို့၏အကျိုးစီးပွားကိုလိုလားကြသည်၊ လူတို့အား အကြောင်းအားလျော်စွာကူညီစောင့်ရှောက်လေ့ရှိကြသည်။

မိစ္ဆာဒေဝနတ်တို့သည်ကား လူတို့၏အကျိုးစီးပွားကို မလိုလားကြ၊ လူတို့၏အကျိုးစီးပွားပျက်ပြားစေရန် နှောင့်ယှက်ဖျက်ဆီးလေ့ရှိကြသည်။

သို့ဖြစ်၍ အိပ်ပျော်နေသောလူတို့အား သမ္မာဒေဝနတ်တို့က မိမိတို့၏တန်ခိုးအာနုဘော်ဖြင့် နှစ်သက်ဖွယ်အာရုံများကို ဆောင်ပြ၍ အိပ်မက်ပေးတတ်ကြသည်။

မိစ္ဆာဒေဝနတ်တို့ကလည်းမနှစ်သက်ဖွယ်၊ ထိတ်လန့်ကြောက်ရွံ့ဖွယ်အာရုံများကိုဆောင်၍ အိပ်မက်ပေးတတ်ကြပါသည်။

အချို့သောနတ်တို့သည် တစ်စုံတစ်ခုသောအကြောင်းဖြင့် မိမိမကျေနပ်သူအား ဖောက်ပြန်သောအိပ်မက်ပေး၍ ပျက်စီးအောင်ပြုလုပ်တတ်ကြသည်။

www.dhammaransi.com



နတ်တို့သည် လူတို့အားလှည့်စားသောအိပ်မက်ကို ပေးတတ်သလိုမှန်သောအိပ်မက်ကိုလည်း ပေးတတ်ကြပါသည်။

သို့သော် အိပ်မက်ကိုအကြောင်းပြုပြီးရရှိသောပစ္စည်းကို နတ်ကပေးသည်ဟု ယုံကြည်နေကြသည်၊ အမှန်အားဖြင့် နတ်က ပေးသည်မဟုတ်ပါ၊ မိမိပြုလုပ်ခဲ့သော ကုသိုလ်ကံကပေးခြင်းသာ ဖြစ်ပါသည်၊ ပစ္စုပ္ပန်ကံ၏အထောက်အပံ့ဖြင့် အတိတ်က မိမိပြုလုပ်ခဲ့သောကုသိုလ်ကံကြောင့်သာလျှင် ထိုသူသည်မမျှော်လင့်သောရွှေ၊ ငွေပစ္စည်းများကိုရရှိခြင်းသည် နတ်ကပေးသည်မဟုတ် နတ်က ထိုသူ၏အတိတ်ကံအကြောင်းပေါ်မူတည်ပြီး ကူညီပေးခြင်းသာဖြစ်ပါသည်။

လူလောကတွင် မိတ်ကောင်းဆွေကောင်းက မိမိကို ကူညီသကဲ့သို့ဖြစ်ပါသည်၊ အတိတ်-ပစ္စုပ္ပန်ကုသိုလ်ကံ လုံးဝမရှိသူကို နတ်ကမကူညီနိုင်ပါ။

မင်္ဂလာတရားတော်၌ ပုဗ္ဗေစကတပုညတာ-ရှေးကပြုခဲ့ဖူးသောကောင်းမှုရှိခြင်းဟူသော မင်္ဂလာတရားသည် လူတိုင်းအတွက် အရေးကြီးသောမင်္ဂလာတစ်ပါးဖြစ်ပါသည်။

ကံ ကံ၏အကျိုးကိုယုံကြည်ပါသည်ဆိုသော ဗုဒ္ဓဘာသာဝင်တို့သည် ထိုနတ်-ဤနတ်ကို ပူဇော်ပသလျှင် စီးပွားတိုးမည်၊

www.dhammaransi.com



ရာထူးတက်မည်၊ အကြံအစည်အောင်မည် ဟုယုံကြည်ကြကာ နတ်ကို ကိုးကွယ်လက်ခံမှုပြုနေကြသည်မှာ များပါသည်။

မိမိ၏ပြုခဲ့သောကုသိုလ်ကံ(ဝါ) ဒါန သီလကံမရှိဘဲ မည်သည့်နတ်ကမှမကူညီသလို မည်သည့်နတ်ကမှလည်း ကူညီရန် အိပ်မက်ပေးသည်မဟုတ်သည်ကို သတိပြုကြရပါမည်။

၄။ ပုဗ္ဗနိမိတ္တ -ရှေးပြေးနိမိတ်ထင်လာခြင်းရှိသောအိပ်မက် ဆိုသည်မှာ-

တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်အား ထူးခြားသောဖြစ်ရပ်တစ်ခုပေါ်လာတော့မည်ဆိုလျှင် ထိုသူသည် ထိုဖြစ်ရပ် ရှေ့ပြေးနိမိတ်ဖြစ်သောအိပ်မက်ကိုမြင်မက်တတ်ပါသည်။

ထိုအိပ်မက်သည်ကား လူသားတို့ပြုအပ်ခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံအစွမ်းအာနုဘော်ကြောင့် ထင်လာသော အိပ်မက်များဖြစ်ကြပါသည်။

ယခုဘဝ၌ဖြစ်စေ၊ အတိတ်ဘဝ၌ဖြစ်စေ၊ မိမိပြုလုပ်အပ်သော ကုသိုလ်ကံအစွမ်းအားဖြင့် **ကောင်းကျိုးစီးပွားရရှိတော့**မည်ဆိုလျှင် ကောင်းသောပုဗ္ဗနိမိတ်**အိပ်မက်**ကို မြင်မက်တတ်ပါသည်။

www.dhammaransi.com



အကုသိုလ်ကံအစွမ်းအားဖြင့် ဆင်းရဲဒုက္ခရောက်တော့မည်ဆိုလျှင် မကောင်းသောပုဗ္ဗနိမိတ်များမြင်မက်လာတတ်ပါသည်။

ဘုရားလောင်းပဋိသန္ဓေနေကာနီးတွင် မယ်တော်မာယာမြင်မက်သောအိပ်မက်သည်လည်းကောင်း၊ ဘုရားဖြစ်ကာနီး ဘုရားလောင်းမြင်မက်သောအိပ်မက်သည်လည်းကောင်း၊ ဘုရားလောင်း၏ကုသိုလ်ပါရမီကံအာနုဘော်ကြောင့်မြင်မက်သော အိပ်မက်များဖြစ်ကြပါသည်။

ဘုရားလောင်းမှတစ်ပါး အခြားသောဘုန်းရှင်၊ ကံရှင်တို့သည်လည်း အကြောင်းအားလျော်စွာ ပုဗ္ဗနိမိတ်ကိုမြင်မက်တတ်ကြပါသည်။

ယနေ့ခေတ်ထင်ရှားသောဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိတို့၌ ထိုမထေရ်များ၏ ပဋိသန္ဓေနေတော့မည့်အခြေအနေ မွေးဖွားသောအခြေအနေတို့၌ ထူးခြားသောအိပ်မက်များ မြင်မက်ခဲ့ပုံအကြောင်းစုံရေးသားထားသည်ကို တွေ့ရှိရပါသည်။

အခြားသောလူတို့၌လည်း ထီပေါက်ခြင်း၊ ကြီးမားသော ဆုလာဘ်ရရှိခြင်းစသည်များဖြင့် ထူးခြားသောကုသိုလ်ကံအကျိုး

www.dhammaransi.com



ပေးခွင့်ကြုံလာကာနီးတွင် ထူးခြားသော ပုဗ္ဗနိမိတ်အိပ်မက် တစ်မျိုးမျိုးထင်လာနိုင်ပါသည်။

## အိပ်မက်မက်ချိန်

အိပ်မက်ကို ဘယ်အချိန်မြင်မက်ပါသနည်း ဟုဆိုသော် ဘဝင်ကျ၍ အပြည့်အဝအိပ်ပျော်နေစဉ်ကာလ၌လည်း မမြင်မက်သလို ဘဝင်ကင်းသောနိုးကြားနေစဉ်ကာလ ဇောဝါရ၌လည်း မြင်မက်သည်ဟု မဆိုနိုင်ပါ၊ နိုးလိုက်၊ အိပ်ပျော်လိုက်ဖြစ်နေစဉ် ကာလ(ဝါ)ဘဝင်စိတ်နှင့် ဝီထိစိတ်ကြားကာလ(စိတ္တဝေါကိဏ္ဏ)၌ မက်သည် ဟုဆိုပါသည်။

ဤကဲ့သို့သော ကာလကို မိလိန္ဒပဉှာကျမ်း၌ မျောက်တို့၏အိပ်ခြင်းကဲ့သို့သော လျင်သောအိပ်ခြင်း(ဝါ) နိုးလိုက်-အိပ်လိုက် ဘဝင်စိတ်နှင့် ဝီထိစိတ်ကြားကာလ(စိတ္တဝေါ ကိဏ္ဏ)ကို မျောက်မျဉ်းအိပ်ခြင်း၊ မျောက်သတ္တဝါများငိုက်မျဉ်းနေခြင်း ဟု ဆိုပါသည်။

မျောက်သတ္တဝါတို့ဟူသည် အများအားဖြင့် ပြေးလွှား လှုပ်ရှားကစားမြူးတူး၍နေကြလေ့ရှိရာ အိပ်သောအခါ၌ပင် နှစ်

www.dhammaransi.com



နှစ်ခြိုက်ခြိုက်မအိပ်နိုင်ကြဘဲ နိုးလိုက်-အိပ်ပျော်သွားလိုက် ဖြစ်နေတတ်ကြသည်။

ဘဝင်စိတ်ဖြစ်လိုက်၊ ဝီထိစိတ်ဖြစ်လိုက်ခြင်းအားဖြင့် လျင်မြန်သောပြောင်းလဲမှုများဖြစ်နေတတ်ပါသည်။

ဤနည်းတူပင် လူတစ်ယောက်၏အိပ်ခြင်းသည် ဘဝင်စိတ်နှင့်ကုသိုလ်-အကုသိုလ်စသော ဝီထိစိတ်များ ရောပြွမ်းနေခြင်းကြောင့် လျင်မြန်သောအလှည့်အပြောင်းရှိနေပါသည်။

ဘဝင်ကျနေရာမှ မကြာခဏ ဝီထိစိတ်များဖြစ်၍ ဖြစ်၍လာ၏၊ ထိုကဲ့သို့သောအချိန်တွင် အိပ်မက်ကိုမြင်မက်သည် ဟုဆိုပါသည်။

ထိုမျောက်မျဉ်းအိပ်မက်နှင့်ပတ်သက်၍ ပါရမီတော်ခန်းပျို့၌-

**"မျောက်မျဉ်းခါ၌၊ မင်းလျှာအိပ်မက်၊ မြတ်သောထက်လည်း၊ ဆထက်အရာ၊ ရင့်တဝါလျှင်၊ ထိုခါလွန်ဝမ်းမြောက်၏တည်း "**

ဟူ၍ စပ်ဆိုထားပါသည်။

www.dhammaransi.com



မျဉ်း -ဆိုသောစကားသည် ဤနေရာ၌အိပ်သည်ဟုဆိုသော ပေါရာဏစကားဖြစ်ပါသည်။

## အိပ်မက်မြင်မက်သောစိတ်

အိပ်၍ပျော်နေသူသည် ဘဝင်သို့ညွတ်သောစိတ်ရှိသည်၊ ဘဝင်စိတ်တို့ဟူသည်လည်း ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်မှတစ်ပါး အာရုံငါးပါးကို မယူတတ်ပါ။

သို့သော် အိပ်ပျော်နေသောကာလ အာရုံငါးပါးနှင့် မကင်းသော ထူးထူးသောအဆင်းသဏ္ဌာန်၊ အသံတို့ကိုမြင်ရ၊ ကြားရခြင်းဖြစ်သည်။

ဥပမာ-သမုဒ္ဒဇာမိဖုရား၊ မဒ္ဒီမိဖုရားတို့မက်ကြသော အိပ်မက်သည် ရူပါရုံ(အဆင်း)ကိုမြင်မက်သော အိပ်မက်ဖြစ်သည်။

ခေမာမိဖုရားစသည်တို့ကို ရွှေဟင်္သာမင်း၊ ရွှေဥဒေါင်းမင်း၊ ရွှေသမင်မင်းတို့ ဟောတော်မူသောတရားကို အိပ်မက်၌ နာကြားရခြင်းသည် သဒ္ဒါရုံ (အသံ)ကိုကြားရသော အိပ်မက်ဖြစ်သည်။

ဤမှတစ်ပါး အများအပြားပင် ဝိညာဉ်ငါးပါး၊ အာရုံငါးပါးတို့ကိုထိပါး၍ ဝီထိငါးပါးနှင့်ဆက်ဆံသော အာရုံငါးပါးတို့ကို

www.dhammaransi.com



မြင်ရကြားရသောအိပ်မက်များ အများအပြားရှိနေပါသည်။

အိပ်မက်ထဲ၌ ဘုရားကိုဖူးရခြင်း၊ တရားကိုနာရခြင်း စသည်တို့ကိုမြင်မက်ရာ၌ တကယ့်ဖူးမြင်ရသည်မဟုတ်၊ တကယ် နားဖြင့်ကြားရသည်မဟုတ်၊ မနောဒွါရ၌ဖြစ်သော အသိစိတ်ဖြင့် မြင်ရ၊ ကြားရသကဲ့သို့ ပြန်လည်ခံစားရခြင်းသာဖြစ်သည်။

အိပ်မက်ကိုမြင်မက်သူသည် မနောဒွါရ၌ဖြစ်သော ဇော စိတ်ဖြင့်မြင်မက်ခြင်းဖြစ်၏၊ စက္ခုဒွါရ၊ သောတဒွါရစသည့် ပဉ္စ ဒွါရ၌ဖြစ်သောစိတ်ဖြင့် မြင်မက်ခြင်းမဟုတ်။

အိပ်ယာမှနိုးထသောသူသည် မနောဒွါရိကဇောစိတ်ဖြင့် သာလျှင်နိုး၏၊ ပဉ္စဒွါရိကစိတ်ဖြင့် နိုးသည်မဟုတ်။

အိပ်ပျော်နေသူ၏မျက်စိအနီးသို့ ဆီမီးခွက်ကိုဆောင် အပ်သည်ရှိသော် ရှေးဦးစွာစက္ခုဒွါရ၌ဖြစ်သော အာဝဇ္ဇန်းဖြစ် သောစိတ်သည် ဘဝင်ကိုလည်စေဖြစ်စေသည်မဟုတ်၊ မနောဒွါရ ၌ဖြစ်သောအာဝဇ္ဇန်းစိတ်ကသာလျှင် ဘဝင်ကိုရှေးဦးစွာ လည်စေ ဖြစ်စေ၏၊ ထို့နောက် ဇောစော၍ဘဝင်ကျသွား၏။

ဒုတိယအကြိမ်၌ စက္ခုဒွါရ၌ဖြစ်သော အာဝဇ္ဇန်းစိတ် သည် ဘဝင်ကိုလည်စေ၊ ဖြစ်စေ၏၊ ထို့နောက် စက္ခုဝိညာဏ်အစ၊

www.dhammaransi.com



ဇောအဆုံးဖြစ်သောစိတ်တို့သည်ဖြစ်ကုန်၏၊ ထိုစိတ်တို့၏အခြားမဲ့၌ ဘဝင်စိတ်ဖြစ်ပြန်၏။

တတိယအကြိမ်၌ မနောဒွါရ၌ဖြစ်သော အာဝဇ္ဇန်းစိတ်က ဘဝင်ကိုလည်စေ၊ ဖြစ်စေရသည်ရှိသော် မနောဒွါရ၌ရှိသော စိတ်သည်စော၏၊ ထိုဇောစိတ်ဖြင့် ဒီနေရာက အလင်းရောင်သည် ဘယ်လိုအလင်းရောင်လဲ ဟုသိသည်။

ထို့အတူပင် အိပ်ပျော်နေသူ၏နားအနီး၌ တူရိယာများကိုတီးခတ်သော်လည်းကောင်း၊ ၎င်းအနီး၌ မွှေးကြိုင်သောအနံ့ရှိသောပန်းတို့ကိုဆောင်ထားသော်လည်းကောင်း၊ ပါးစပ်ထဲသို့ ထောပတ်ကိုဖြစ်စေ၊ သကာခဲကိုဖြစ်စေ ထည့်အပ်သော်လည်းကောင်း၊ ကျောကုန်း၌လက်ဖြင့် ရိုက်ခတ်သော်လည်းကောင်း၊

ရှေးဦးစွာသောတဒွါရ၌ဖြစ်သော အာဝဇ္ဇန်းစိတ်တို့က ဘဝင်ကိုလည်စေ၊ ဖြစ်စေသည်မဟုတ်၊ မနောဒွါရ၌ဖြစ်သော အာဝဇ္ဇန်းစိတ်ကသာလျှင် ဘဝင်ကိုလည်စေ ဖြစ်စေ၏၊ ထိုအာဝဇ္ဇန်း၏နောက်၌ ဇောစောပြီး ဘဝင်ကျသွား၏။

ဒုတိယအကြိမ်၌ သောတဒွါရစသည်တို့၌ဖြစ်သော အာဝဇ္ဇန်းတို့သည် ဘဝင်ကိုလည်စေ ဖြစ်စေကုန်၏၊ ထို့နောက် သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်

www.dhammaransi.com



စိတ်များ အစရှိကုန်သောဇောစိတ်တွင် အဆုံးရှိကုန်သောစိတ်တို့သည် ဖြစ်ကုန်၏၊ ထိုစိတ်တို့၏အခြားမဲ့၌ဘဝင်ကျ၏။

တတိယအကြိမ်၌ မနောဒွါရ၌ဖြစ်သော အာဝဇ္ဇန်းက ဘပင်ကိုလည်စေ ဖြစ်စေအပ်သည်ရှိသော် မနောဒွါရ၌ဖြစ်သော ဇောသည်ဇော၏။

ထိုဇောစိတ်ဖြင့်သိ၍-

"ဒီနေရာက အသံကဘာအသံလဲ၊ ခရုသင်းသံလား၊ စည်သံလား" ဟူ၍လည်းကောင်း၊

"ဒီနေရာက အနံ့က ဘာအနံ့လဲ၊ အမြစ်အနံ့လား၊ အပွင့်အနံ့လား" ဟူ၍လည်းကောင်း၊

"ငါ့ပါးစပ်ထဲကို ဘာထည့်သလဲ၊ ထောပတ်လား၊ သကာလား" ဟူ၍လည်းကောင်း၊

"ငါ့ကျောကုန်းကို ဘယ်သူရိုက်လိုက်သလဲ၊ ရိုက်ချက်တယ်ပြင်းပါလား "ဟူ၍လည်းကောင်း ပြောတတ်ကြသည်။

ထို့ကြောင့် အိပ်မက်ကိုလည်း မနောဒွါရ၌ဖြစ်သော ဇောစိတ်ဖြင့်သာလျှင် မြင်မက်ပါသည်၊ ပဉ္စဒွါရ၌ဖြစ်သောဇောစိတ်ဖြင့် မမြင်မက်ပါ။

www.dhammaransi.com



## အိပ်မက်ဟူသည်

အိပ်မက်ကို ပဉ္စဒွါရဖြင့်မမက်၊ မနောဒွါရဖြင့်သာ မြင်မက်သည် ဟုဆိုရာဝယ် မဒ္ဒိဒေဝီမြင်မက်ခြင်းကဲ့သို့သော ရူပါရုံ ခေမာမိဖုရားတရားနာခြင်းကဲ့သို့ သဒ္ဒါရုံ စသည်တို့သည် ပဉ္စဒွါရ မဟုတ်ဟုဆိုသည်ရှိသော် မနောဒွါရဖြင့် ရူပါရုံ သဒ္ဒါရုံတို့ကို မြင်နိုင်ပါမည်လော-ဟု မေးစရာရှိလာပါသည်။

"မနောဒွါရ၌ဖြစ်သော စိတ်(၆၇)ပါးသောစိတ်တို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်အားဖြင့် ကာလ(၃)ပါး၌ဖြစ်ကုန်သော စိတ်(၈၄)ခု၊ စေတသိက်(၅၂)၊ ရုပ်(၂၈)၊ ကာလဝိမုတ်၊ နိဗ္ဗာန်ပညာတ် ဟုဆိုအပ်သော အာရုံ(၆)ပါးကို ထိုက်သည့်အားလျော်စွာအာရုံပြုသည် ဟု အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ဆိုပါသည်။

"မနောဒွါရိက စိတ္တာနံပန ဆဗ္ဗိဓမ္မိ ပစ္စုပ္ပန္နမတီတံ အနာဂတံ ကာလဝိမုတ္တဥ္စ ယထာရဟ မာလမ္ဗဏံ ဟောတိ "

"ပဋ္ဌာန်းပါဠိတော်၌လည်း အာရုံခြောက်ပါးလုံးပင် မနောဝိညာဏဓာတ်အားဖြင့် အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်၏ "ဟု ဟောတော်မူပါသည်။

"သဗ္ဗေဓမ္မာ မနောဝိညာဏ ဓာတုယာတံသမ္ပယုတ္တကာနဥ္စဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော"

၂၆၂၈၉
ဆွေသဟာ စာပေ

www.dhammaransi.com



ထိုသို့ဟောတော်မူသည်နှင့်အညီ မနောဒွါရ၌ ဝိသယ ပဝတ္တိကိုခွဲဝေသည်ရှိသော်-

၁။ ဝိဘူတာရုံ (ထင်ရှားသော)ဝီထိ

၂။ အဝိဘူတာရုံ (မထင်ရှားသော)ဝီထိ

ဟူ၍ (၂)မျိုးရှိပါသည်။

ထို(၂)မျိုးတွင် ဝိဘူတာရုံဝီထိသည်-

၁။ ပစ္စုပ္ပန်ဖြစ်၍ စိတ်သက်(၁၇)ချက်ဖြစ်ကောင်းသော အာရုံခြောက်ပါး၌အကျုံးဝင်သော ဝိညာတ်ဒွေး၊ လက္ခဏာရုပ်(၄)ခုကြဉ်သော ရုပ်(၂၂)တို့တွင် တစ်ပါးပါးကိုအာရုံပြု၍ (၅)ဝီထိ

၂။ ပစ္စုပ္ပန်ဖြစ်၍ စိတ်သက်(၁၇)ချက်မဖြစ်ကောင်းသော ဓမ္မာရုံ၌အကျုံးဝင်သော ဝိညာတ်ဒွေး၊ လက္ခဏာရုပ် (၄)ခု၊ ကာမစိတ်(၅၄)၊ စေတသိက်(၅၂)တို့တွင် တစ်ပါးပါးကိုအာရုံပြု၍ (၁)ဝီထိ

၃။ အတိတ်၊ အနာဂါတ်ဖြစ်၍ စိတ်သက်(၁၇)ချက် မဖြစ်ကောင်းသောအာရုံ(၆)ပါး၌အကျုံးဝင်သော ရုပ်(၂၈)ပါး၊ စိတ် (၈၉)၊ စေသတိက်(၅၂)၊ ကာလဝိမုတ်၊ နိဗ္ဗာန်၊

www.dhammaransi.com



ပညတ်တို့တွင် တစ်ပါးပါးကိုအာရုံပြု၍ (၁)ဝိထိ

ဤသို့လျှင် (၇) ဝိထိ ဖြစ်ပါသည်။

အဝိဘူတာရုံဝိထိ၌လည်း-

၁။ ပစ္စုပ္ပန်ဖြစ်၍ စိတ်သက်(၁၇)ချက်ဖြစ်ကောင်းသော အာရုံခြောက်ပါး၌အကျုံးဝင်သော ဝိညာဉ်ဒွေး၊ လက္ခဏာရုပ်(၄)ခုကြဉ်သော ရုပ်(၂၂)တို့တွင် တစ်ပါးပါးကိုအာရုံပြု၍ (၂)ဝိထိ

၂။ ပစ္စုပ္ပန်ဖြစ်၍ စိတ်သက်(၁၇)ချက်မရကောင်းသော ဓမ္မာရုံ၌အကျုံးဝင်သော ဝိညာဉ်ဒွေး၊ လက္ခဏာရုပ် (၄)ခု၊ စိတ်-၈၉၊ စေတသိက်(၅၂)တို့တွင် တစ်ပါးပါး ကိုအာရုံပြု၍ (၁)ဝိထိ

၃။ အတိတ်၊ အနာဂတ်ဖြစ်၍ စိတ်သက်(၁၇)ချက် မဖြစ်ကောင်းသောအာရုံ(၆)ပါး၌အကျုံးဝင်သော ရုပ်(၂၈)ပါး၊ စိတ် (၈၉)၊ စေတသိက်(၅၂)၊ ကာလဝိမုတ်၊ နိဗ္ဗာန်၊ ပညတ်တို့တွင် တစ်ပါးပါးကိုအာရုံပြု၍ (၁)ဝိထိ

ဤသို့လျှင် (၄) ဝိထိ ဖြစ်ပါသည်။

ဤ(၁၁)ဝိထိတို့တွင် အကြောင်းနှင့်လျော်စွာ တစ်ခုခု သောဝိထိဖြင့် မြင်မက်ပါသည်။

www.dhammaransi.com



သာရတ္ထသင်္ဂဟကျမ်းဆရာ၊ မိလိန္ဒပဉှာဆရာတို့ကမူ-

"သတ္တဝါတို့၏သွားခြင်းစသော ကြိယာပုတ်ကိုလှုပ်ခြင်း၊ ကာယကံ၊ ဝစီကံတို့ကိုဖြစ်စေခြင်း၊ ကုသိုလ်-အကုသိုလ်မှုတို့ကို ဆောက်တည်ခြင်း၊ လောကီ-လောကုတ္တရာသမာဓိကိုဝင်စား ခြင်း၊ ထခြင်း၊ စုတိခြင်း၊ ပဋိသန္ဓေကိုဖြစ်စေခြင်း၊ အလုံးစုံသော ကုသိုလ်-အကုသိုလ်ဓမ္မကိုသိခြင်းစသော ဇောအဆုံးရှိသောကိစ္စ သည် မနောဒွါရဖြင့်သာဖြစ်၏၊ ပဉ္စဒွါရိကစိတ်ဖြင့်မဖြစ်၊ ထို့အတူ အိပ်ခြင်းသို့မက်ခြင်း၊ နိုးကြားခြင်းအိပ်မက်မြင်မက်ခြင်းတို့သည် လည်း ပဉ္စဒွါရိကဖြင့်မဖြစ်၊ မနောဒွါရစိတ်ဖြင့်သာဖြစ်သည် ဟု ဖွင့်ဆိုထားပါသည်။

( သတ္တာနံ ဂမနာဒိ ကြိယပထကမ္မာနံ ကာယကမ္မ ဝစိကမ္မ သမုဋ္ဌာပနံ ကုသလာကုသလဓမ္မသမာဒါနံ လောကိယ လောကုတ္တရ သမာဓိသမာပဇ္ဇနံတတော ဝုဋ္ဌာနံစုတူပပတ္တိစာတိ သဗ္ဗကုသလာ ကုသလဓမ္မပဋိဇာနာနာဒိ ဇဝနပရိယောသာနကိစ္စံ မနောဒွါရိက စိတ္တေနေဝဟောတိ နပဉ္စဒွါရိကေန ယထာနိဒ္ဒေါ ကြမနပဋိဗုဇ္ဈနသုပိဒဿနာ )

www.dhammaransi.com



# အိပ်မက်မြင်မက်သူနှင့် မမြင်မက်သူ

လောက၌ လူတိုင်းလိုလိုအိပ်မက်မက်ကြလေ့ရှိပါသည်၊ အချို့က မကြာခဏအိပ်မက်မြင်မက်တတ်ကြပြီး အချို့က တစ်ခါ တစ်ရံမှသာ မြင်မက်တတ်ကြပါသည်။

လူတိုင်းဟုဆိုရာတွင် ပုဂ္ဂိုလ်အရခွဲခြား၍ကြည့်သော် ပုဂ္ဂိုလ်အမျိုးအစားသည်-

- ပုထုဇဉ်ပုဂ္ဂိုလ် (၄)ယောက်
- အရိယာပုဂ္ဂိုလ် (၈)ယောက်

စုစုပေါင်း (၁၂) ယောက်ရှိရာတွင် မပယ်အပ်သေးသော သညာဝိပ္ပလ္လာသ(အမှတ်မှားမှု)၊ စိတ္တဝိပ္ပလ္လာသ(စိတ်အမြင်မှားမှု)၊ ဒိဋ္ဌိဝိပ္ပလ္လာသ(အယူမှားမှု)ဟူသော ဝိပ္ပလ္လာသ(၃)ပါးမကင်းကြသေးသော ပုထုဇဉ်ပုဂ္ဂိုလ်သေက္ခပုဂ္ဂိုလ်တို့သာ အိပ်မက်မြင်မက်လေ့ရှိပါသည်။

ဝိပ္ပလ္လာသကင်းပြီးသော ဘုရားရဟန္တာတို့မှာမူ အိပ်မက်မြင်မက်ခြင်းမရှိတော့ပါပေ။

ဖော်ပြပါပုဂ္ဂိုလ်(၁၂)မျိုးတွင် သေက္ခပုဂ္ဂိုလ် (ကျင့်ဆဲ

www.dhammaransi.com



ပုဂ္ဂိုလ်) ဟူသည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

သောတာပန်ပုဂ္ဂိုလ်သည် သစ္စာလေးပါးကိုသိမြင်၍ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာနှစ်ပါးကင်းစင်ပြီးသူဖြစ်သည်၊ ထို့ကြောင့် **သေက္ခ** ပုဂ္ဂိုလ်တို့မှာ အမြင်မှောက်မှားခြင်း၊ ဒိဋ္ဌိဝိပ္ပလ္လာသ ရှိနိုင်၊ **သညာ** ဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသက ရှိသေးသည်။

ဤဝိပ္ပလ္လာသနှစ်ပါးရှိနေသေးသောကြောင့်ပင် ရှင်အာနန္ဒာသည် ဘုရားရှင်က ငါတို့ဘုရားမည်သည် ကမ္ဘာပတ်လုံးထိ နေနိုင်သည်ဟုမိန့်ကြားသည်ကို မာရ်နတ်၏နှောက်ယှက်လှည့်စားမှုကိုခံခဲ့ရပြီး ဘုရားရှင်ကိုအာယုကပ်အထိနေရန် မတားမြစ်မလျှောက်ထားမိခဲ့ပါချေ။

ဝိပ္ပလ္လာသ(၃)ပါးတွင် သညာဝိပ္ပလ္လာသသည်-

-အသုဘကို သုဘ ဟုထင်သော - သညာဝိပ္ပလ္လာသ

-အနိစ္စကို နိစ္စ ဟုထင်သော - သညာဝိပ္ပလ္လာသ

-ဒုက္ခကို သုခ ဟုထင်သော - သညာဝိပ္ပလ္လာသ

-အနတ္တကို အတ္တ ဟုထင်သော - သညာဝိပ္ပလ္လာသ

ဟူ၍ (၄)မျိုးရှိပါသည်။

www.dhammaransi.com



စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသတို့၌လည်း ထိုနည်းအတူ (၄)မျိုးစီရှိကြပါသည်၊ သို့အတွက် ဝိပ္ပလ္လာသသည် အကျယ်အားဖြင့် (၁၂)ပါးရှိသည် ဟုဆိုရပါမည်။

သောတာပန်စသောပုဂ္ဂိုလ်တို့၌ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသရှိသေးသည် ဟုဆိုရာဝယ်-

-အသုဘကို သုဘ ဟုထင်သော -သညာဝိပ္ပလ္လာသ-
စိတ္တဝိပ္ပလ္လာသ

-ဒုက္ခကို သုခ ဟုထင်သော -သညာဝိပ္ပလ္လာသ-
စိတ္တဝိပ္ပလ္လာသ

(၄)မျိုးသာရှိပါတော့သည်။

ဒိဋ္ဌိဝိပ္ပလ္လာသ(၄)မျိုးလုံးနှင့်တကွ-

-အနိစ္စကို နိစ္စ ဟုထင်သော -သညာဝိပ္ပလ္လာသ-
စိတ္တဝိပ္ပလ္လာသ

-အနတ္တကို အတ္တဟုထင်သော -သညာဝိပ္ပလ္လာသ-
စိတ္တဝိပ္ပလ္လာသ

တို့ကား သေက္ခ(ကျင့်ဆဲ)ပုဂ္ဂိုလ်တို့၌မရှိတော့ပါ။

ထို့ကြောင့် အိပ်မက်မြင်မက်မှုဟူသည် လောကီနယ်ပယ်

www.dhammaransi.com



ပုထုဇဉ်များသာ အိပ်မက်မြင်မက်သည်မဟုတ်၊ သစ္စာလေးပါးကို သိမြင်၍ ကိလေသာအချို့ကင်းစင်ပြီးသော သောတာပန်စသော သေက္ခပုဂ္ဂိုလ်တို့သည်လည်း အိပ်မက်မြင်မက်သည်ဟုဆိုပါသည်။

## အိပ်မက်နှင့်အသက်အရွယ်

အိပ်မက်ကို ဘုရား-ရဟန္တာတို့မှတစ်ပါး လူတိုင်းပင် အိပ်မက်မြင်မက်သည်ဟုဆိုပါသည်။

သို့သော် အသက် (၉)နှစ်မှ (၁၀)နှစ်အထိ ကလေးသူငယ်များသည်လည်းကောင်း၊ အသက်အရွယ်အိုပင်းရင့်ရော်သောအဘိုးကြီး၊ အဘွားကြီးများသည်လည်းကောင်း၊ စိုးရိမ်ခြင်းစိတ်သောကအားနည်းကြ၍ အိပ်မက်မမြင်မက် ဟု ဆိုပါသည်။

အိပ်မက်မြင်မက်မှုသည် များသောအားဖြင့် စိုးရိမ်ကြောင့်ကြစိတ်၊ ပူပန်စိတ်များသော လူလတ်ပိုင်းအရွယ်တို့တွင် မြင်မက်သည်ဟုဆိုပါသည်။

ထိုလူလတ်ပိုင်းအရွယ်တွင် လူတို့သည် လိုချင်သောလောဘတဏှာများကြ၍ စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်း၊ ပူပန်ခြင်း၊ စိတ်များများကြပြီး ကုသိုလ်-အကုသိုလ်တို့ကိုပြုလုပ်ကြသည်၊ ထို

www.dhammaransi.com



ကုသိုလ်-အကုသိုလ်တို့ကြောင့် ပုဗ္ဗနိမိတ်အိပ်မက်များ၊ နတ်ပေးသောအိပ်မက်များ မြင်မက်ကြခြင်းဖြစ်ပါသည်။

## အိပ်မက်သည် အကျိုးဖြစ်—မဖြစ်

အိပ်မက်တို့၌ဖြစ်သော ကုသိုလ်-အကုသိုလ်စေတနာသည် အားနည်းသော(ဒုဗ္ဗလ)ဝတ္ထုဖြစ်၍ ပဋိသန္ဓေနာမက္ခန္ဓာ ကဋတ္တာရုပ်တို့အကျိုးမပေးသောကြောင့် အိပ်မက်၌ လွန်ကျူးသောရဟန်းအား အာပါတ်မသင့်ဟူ၍ ဝိနည်းသံယာဒိသိက်၊ ပထမသိက္ခာပုဒ်၌ ဟောတော်မူပါသည်။

ထိုပဋိသန္ဓေအကျိုးကိုမပေးဆိုသော အိပ်မက်၌ဖြစ်သော ဗုဒ္ဓါရမ္မဏ ဓမ္မာရမ္မဏ ဟု ဆိုအပ်သောဘုရားကိုပူဇော်ခြင်း၊ တရားကိုနာခြင်းစသော ကုသိုလ်စေတနာ၊ သူ့အသက်သတ်ခြင်း အကုသိုလ်စေတနာတို့သည် အကျိုးမခံရ အဟောသိကံဖြစ်မည်လော ဟု ဆိုစရာရှိလာပါသည်။

"ပဝတ္တေန အဉ္ဉေဟိကုသလာကုသလေဟိ ဥပတ္ထမ္ဘိတော ဝိပါကံဒေတိ"

www.dhammaransi.com



"ပဝတ္တိအခါ၌သော်ကား တစ်ပါးကုန်သောကုသိုလ်-အကုသိုလ်စေတနာတို့သည် အထောက်အပံ့အမှီရသည်ရှိသော် အလွန်ပဝတ္တိအကျိုးကိုပေးစွမ်းနိုင်၏"

ဟုဆိုထားသောကြောင့် အဟောသိကံ (အကျိုးမဲ့)မဖြစ်ပါ။

## အိပ်မက်၏မှန်မှု—မမှန်မှု

ထိုအိပ်မက်သည် နေ့အခါမြင်မက်မှု မမှန်တတ်ပါ။

ညဉ့်ဦးယံ သန်းခေါင်ယံ၌မက်မှုလည်း မမှန်တတ်ပါ။

လင်းအားကြီး မိုးသောက်ယံ၌မက်မှု စားအပ်သောက်အပ်သောအာဟာရတို့သည် ကောင်းစွာကြေခြင်းသို့ရောက်သော ကိုယ်၌ ဩဇာတည်ခြင်းကြောင့် အာရုံတက်သောကာလ၌မက်သောအိပ်မက်သည် ညီညွတ်မှန်ကန်တတ်ပါသည်။

-ကောင်းသော ဣဋ္ဌာရုံကိုမြင်မက်သော် ကောင်းသော ဣဋ္ဌာရုံကိုရ၏။

-မကောင်းသော အနိဋ္ဌာရုံကိုမြင်မက်သော် မကောင်းသောအနိဋ္ဌာရုံကိုရ၏။

www.dhammaransi.com



လောကီကျမ်းများကမူ စနေနေ့မိုးသောက်ယံ၌မြင်မက်သော အိပ်မက်သည်မှန်တတ်သည် ဟုဆိုပါသည်။

## အိပ်မက်ထဲ၌ ကုသိုလ်–အကုသိုလ်စေတနာအကျိုးပေးမှု

ဘဝင်စိတ်နှင့် ဝီထိစိတ်များရောပြွမ်းသကဲ့သို့ဖြစ်နေစဉ်တွင် အိပ်မက်,မက်ခြင်းဖြစ်သောကြောင့် အိပ်မက်ထဲတွင်-

- ကုသိုလ်စိတ်လည်းဖြစ်နိုင်သည်
- အကုသိုလ်စိတ်လည်းဖြစ်နိုင်သည်
- ကုသိုလ်-အကုသိုလ်မဟုတ်သောအဗျာကတစိတ်လည်းဖြစ်နိုင်သည်။

-အိပ်မက်ထဲ၌ဘုရားဖူးရခြင်း၊ တရားတော်နာရခြင်း စသည်တို့ကိုမြင်မက်လျှင် ကုသိုလ်စိတ်ဖြစ်ပါသည်။

-သူ့ဥစ္စာခိုးဝှက်ယူခြင်း၊ သူတစ်ပါးကိုနှိပ်စက်သတ်ဖြတ်ရခြင်း စသည်ကိုမြင်မက်လျှင် အကုသိုလ်စိတ်ဖြစ်ပါသည်။

-ကုသိုလ်-အကုသိုလ်စိတ်တို့မှအလွတ်ဖြစ်သော

www.dhammaransi.com



အာဝဇ္ဇန်းစိတ်၊ တဒါရုံစိတ်စသည်တို့ဖြစ်သောအခါ၌ ကား အဗျာကတစိတ်ဖြစ်၏။

ဤသို့လျှင် အိပ်မက်ထဲ၌ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် များဖြစ်နိုင်သော်လည်း ထိုကုသိုလ်-အကုသိုလ်စေတနာတို့သည် အားနည်းသောမှိုရာဝတ္ထုရှိခြင်းကြောင့် ပဋိသန္ဓေအကျိုးကို မပေး နိုင်ပါ၊ ပဝတ္တိအကျိုးကိုမူ ပေးနိုင်သည်ဟု ဆိုပါသည်။

## အိပ်မက်နှင့် ဝိနည်းအဘိဓမ္မာဆန့်ကျင်မှု

အိပ်မက်မက်မှုသည် ဘဝင်ကင်း၍ နိုးစဉ်ကာလဇော ဝါရ၌မက်သည်၊ ဘဝင်ကျ၍အိပ်ပျော်နေစဉ်ကာလ၌မက်သည် ဟုစသည့်ယူဆပါက အဘိဓမ္မာနည်းအရ ဝိနည်းအရ ဆန့်ကျင်မှု များဖြစ်နိုင်ပါသည်။

အကယ်၍ အိပ်ပျော်နေသောကာလမက်သည်ဟုဆိုပါ က အဘိဓမ္မာဒေသနာတော်နှင့် ဆန့်ကျင်ခြင်းသို့ရောက်ပါမည်။

အိပ်ပျော်နေသောသူတို့သည် ဘဝင်စိတ်ချည်းသာဆက် တိုက်ဖြစ်နေပါသည်၊ ထိုဘဝင်စိတ်သဘောသည် ရူပါရုံအစရှိ သောဗဟိဒ္ဓအာရုံတို့ကို အာရုံမပြုနိုင်၊ ရာဂအစရှိသည်တို့နှင့် လည်းယှဉ်ခြင်းသည်မဖြစ်ကုန်။

www.dhammaransi.com



ဘဝင်စိတ်သည် ပဋိသန္ဓေစိတ်၏အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ကိုသာ အာရုံပြုသည်။

အိပ်မက်မက်သောသူတို့အား ရူပါရုံ၊ သဒ္ဒါရုံအစရှိသည်တို့ကိုစွဲလမ်းခြင်း၊ ရာဂအစရှိသည်တို့နှင့်ယှဉ်ခြင်းတို့သည် ဖြစ်ပါသည်၊ ဘဝင်စိတ်တွင်ကား လောဘ၊ ဒေါသအစရှိသော အကုသိုလ်စေတနာများနှင့်မယှဉ်ပါ။

ထို့ကြောင့် အိပ်ပျော်နေစဉ် အိပ်မက်မြင်မက်သည်ဟု ဆိုပါက အဘိဓမ္မာဒေသနာနှင့်မညီ ဆန့်ကျင်နေပါသည်။

ထိုသို့မဟုတ် နိုးစဉ်ကာလမှမက်သည်ဟု ဆိုပါက ဝိနည်းဒေသနာတော်နှင့် ဆန့်ကျင်နေပါသည်။

နိုးနေစဉ်အိပ်မက်မြင်မက်သူသည် သိသာထင်ရှားအားရှိသောစေတနာနှင့်ယှဉ်သောစိတ်ဖြင့် မြင်မက်သည်ဟုဆိုရာရောက်နေပါ၏။

အိပ်မက်ထဲ၌ သူတစ်ပါးအသက်ကိုသတ်ပုံ၊ နှိပ်စက်ပုံ၊ သူတစ်ပါးပစ္စည်းခိုးယူပုံစသည့်မကောင်းမှုများပြုလုပ်ခဲ့ပုံများမှာ အားနည်း၍ မသိသာမထင်ရှားသောစေတနာဖြင့် ပြုလုပ်သောအပြစ်များဖြစ်ပါသည်။

www.dhammaransi.com



ဝိနည်းဒေသနာတော်၌ -

“ပကတိသောစိတ်ဖြင့်လွန်ကျူးမိ သောရဟန်းတို့အား အာပတ်မသင့်သည်မည်သည်မရှိ၊ သင့်ကြသည်သာဖြစ်သည်၊ လူတို့အားလည်း ပကတိစိတ်ဖြင့်လွန်ကျူးမိပါက အပြစ်မရောက်သည်မရှိ၊ အပြစ်ရောက်သည်ချည်းသာ ဖြစ်သည်”

ဟူ၍ ဟောကြားထားသည်။

ထို့ကြောင့် ထိုအိပ်ပျော်နေသူအား သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးခြင်းမြင်မက်သောရဟန်းတို့အား ပါရာဇိကစသော အာပတ်တို့သည် ဝတ္ထုအလျောက်သင့်ရောက်ပါမည်။

လူတို့အားလည်း ပါဏာတိပါတစသော အကုသိုလ် အပြစ်များကျရောက်ခံစားကြရပါမည်။

ဝိနည်းဒေသနာတော်၌ကား အိပ်မက်၌ သူ့အသက် သတ်ခြင်း၊ ခိုးယူခြင်းစသည်တို့ကိုကျူးလွန်သောရဟန်းအား အာပတ်မသင့်ဟုဆိုထားသောကြောင့် နိုးလျက်ပင်မက်၏ ဟု ယူဆပါက ဝိနည်းဒေသနာတော်မညီ၊ ဝိနည်းဒေသနာတော်နှင့် ဆန့်ကျင်ရာရောက်ပါသည်။

www.dhammaransi.com



# အိပ်မက်နှင့်ပတ်သက်၍
# မိလိန္ဒမင်းကြီး၏အမေးနှင့် ရှင်နာဂသေန၏အဖြေ

မိလိန္ဒပဉှာတွင် မိလိန္ဒမင်းကြီးက အိပ်မက်နှင့်ပတ်သက်သောပြဿနာအချို့ကိုမေးလျှောက်ခဲ့သည်၊ အရှင်နာဂသေနက ထိုအမေးတို့ကို ဥပမာ-ဥပမေယျတို့ဖြင့် စုံလင်စွာထင်ရှားစွာ ဖြေကြားပေးခဲ့ပါသည်။

မင်းကြီး၏အိပ်မက်နှင့်ပတ်သက်၍ မေးလျှောက်ပုံနှင့် ရှင်နာဂသေန၏ဖြေကြားပုံတို့မှာ ဖတ်ရှုဖွယ်၊ မှတ်သားဖွယ် ကောင်းလှပါသည်၊ ကောက်နုတ်ချက်မူရင်းအတိုင်း တင်ပြအင်ပါသည်-

မေး -အရှင်ဘုရား နာဂသေန. . . ဤလောက၌ ယောကျ်ားမိန်းမတို့သည် ကောင်းသည်လည်းဖြစ်သော၊ မကောင်းသည်လည်းဖြစ်သော၊ မြင်ဖူးသည်လည်းဖြစ်သော၊ မမြင်ဖူးသည်လည်းဖြစ်သော၊ ပြုလုပ်ဖူးသည်လည်းဖြစ်သော၊ မပြုလုပ်ဖူးသည်လည်းဖြစ်သော၊ ဘေးကင်းသည်လည်း ဖြစ်သော၊ ဘေးနှင့်တကွဖြစ်သော အိပ်မက်ကိုမြင်မက်ကုန်၏။

www.dhammaransi.com


ဝေးသောအရပ်၌လည်းကောင်း၊ နီးသောအရပ်၌လည်းကောင်း၊ များပြားကုန်သောအကြောင်းအရာတို့ကိုလည်း တွေ့မြင်ကြပါကုန်၏။
ထိုအိပ်မက်မည်သည် အဘယ်ပါနည်း၊ ထိုအိပ်မက်ကို အဘယ်သူသည် မြင်မက်ပါသနည်း။

ဖြေ -မင်းမြတ်. . . အကြွင်အာရုံသည် စိတ်အားထင်ခြင်းသို့ရောက်၏၊ ထိုအာရုံသည် အိပ်မက်မည်၏၊ မင်းမြတ် ဤခြောက်ယောက်သောသူတို့သည် အိပ်မက်ကို မြင်မက်ကုန်၏၊ လေနာရှိသူသည် အိပ်မက်ကိုမြင်မက်၏၊ သည်းခြေနာရှိသူသည် အိပ်မက်ကိုမြင်မက်၏၊ သလိပ်နာရှိသူသည် အိပ်မက်ကိုမြင်မက်၏၊ နတ်တို့ဆောင်ပြသောအားဖြင့် အိပ်မက်ကိုမြင်မက်၏၊ ရှေ့ပြေးနိမိတ်အားဖြင့် အိပ်မက်ကိုမြင်မက်၏၊ မင်းမြတ် ထိုခြောက်ပါးသောအိပ်မက်တို့တွင် ရှေ့ပြေးနိမိတ်အားဖြင့် မြင်မက်သောအိပ်မက်သည်သာလျှင်မှန်၏၊ ထိုမှကြွင်းသော အိပ်မက်သည် မမှန်။
(လေနာ၊ သည်းခြေနာ၊ သလိပ်နာသုံးပါးသည် ဓာတုက္ခောဘဝင်ဖြစ်၏၊ အနုဘူတပုဗ္ဗကို ရှေး၌လေ့ကျက်ဖူးခြင်းဟုဆို၏)

www.dhammaransi.com



# ကြေးမုံနှင့်အိပ်မက်

မေး -အရှင်ဘုရား နာဂသေန. . . အကြင်ဟူသည် ရှေ့ပြေး နိမိတ်အားဖြင့် အိပ်မက်ကိုမြင်မက်၏၊ ထိုသူစိတ်သည် မိမိအလိုလိုသွား၍ ထိုအာရုံကိုစူးစမ်းပါသလော၊ ထို အာရုံကမူလည်း စိတ်အားရှေးရှုထင်ခြင်းသို့ရောက်ပါ သလော၊ တစ်ပါးသောသူကမူလည်းလာ၍ ထိုသူအား ပြောကြားပါသလော။

ဖြေ -မင်းမြတ်. . . ထိုအိပ်မက်မက်သောသူ၏စိတ်သည် အလိုလိုသွား၍ ထိုအာရုံကိုစူးစမ်းသည်မဟုတ်၊ အခြား တစ်ပုတစ်ယောက်သောသူကမူလည်း လာ၍ ထိုသူ အားပြောကြားသည်မဟုတ်၊ စင်စစ်သော်ကား ထိုအာရုံ ကသာလျှင် စိတ်အားထင်ခြင်းသို့ရောက်လာ၏၊ ဥပမာ အားဖြင့်ကြေးမုံ(မှန်)သည် မိမိအလိုလို တစ်စုံတစ်ခု သောအရပ်သို့သွား၍ အရိပ်ကိုစူးစမ်းသည်မဟုတ်၊ အခြားတစ်စုံတစ်ယောက်သောသူကမူလည်း အရိပ်ကို ဆောင်ခဲ့၍ ကြေးမုံ(မှန်)ပေါ်သို့တင်ပေးသည်မဟုတ်၊ စင်စစ်သော်ကား အရိပ်သည် အမှတ်မထင် တစ်ခုခု သောအရပ်မှလာ၍ ကြေးမုံ(မှန်)အားရှေးရှုထင်ခြင်းသို့

www.dhammaransi.com



ရောက်၏၊ ထိုနည်းတူပင် ထိုအိပ်မက်မက်သောသူ၏ စိတ်သည်အလိုလိုသွား၍ ထိုအာရုံကိုစူးစမ်းသည်မဟုတ်၊ အခြားတစ်စုံတစ်ယောက်သောသူကမူလည်း လာ၍ထိုသူအားပြောကြားသည်မဟုတ်၊ စင်စစ်သော်ကား ထိုအာရုံကသာလျှင် စိတ်အားရှေးရှုထင်ခြင်းသို့ ရောက်လာ၏။

မေး -အရှင်ဘုရား နာဂသေန. . . အိပ်မက်မြင်မက်သောသူသည် အိပ်ပျော်စဉ် မြင်မက်ပါသလော၊ သို့မဟုတ် နိုးကြားစဉ် မြင်မက်ပါသလော။

ဖြေ -မင်းမြတ်. . . အိပ်မက်မြင်မက်သောသူသည် အိပ်ပျော်စဉ် မြင်မက်သည်လည်းမဟုတ်၊ နိုးကြားစဉ် မြင်မက်သည်လည်းမဟုတ်၊ စင်စစ်သော်ကား မျောက်၏ အိပ်ခြင်းကဲ့သို့၊ ငိုက်မျည်းခြင်းသို့သက်ရောက်၍ ဘဝင် အလျဉ်သို့မရောက်မီ ဤအတွင်း၌ အိပ်မက်ကိုမြင်မက်၏၊ ငိုက်မျဉ်းခြင်းသို့သက်ရောက်ပြီးနောက် ဘဝင် အလျဉ်သို့ရောက်သွားသောစိတ်သည်ကား ဇောဝီထိ အားဖြင့်မဖြစ်၊ ဇောဝီထိအားဖြင့်မဖြစ်သောစိတ်သည် ချမ်းသာ-ဆင်းရဲကိုမသိ၊ ချမ်းသာ-ဆင်းရဲကိုမသိသော

www.dhammaransi.com



သူအား အိပ်မက်မြင်မက်ခြင်းသည်မဖြစ်၊ ဇောဝီထိစိတ် ဖြစ်မှသာလျှင် အိပ်မက်ကိုမြင်မက်၏။

မင်းမြတ်. . . ဥပမာအားဖြင့် အရောင်အလင်းမရှိသောအမိုက်တိုက်၌ အလွန်ကြည်လင်သောကြေးမုံကို ထားသော်လည်း ထိုကြေးမုံ၌အရိပ်သည်မထင်သကဲ့သို့လည်းကောင်း၊ ဆီးနှင်းဖြင့်ဖုံးလွှမ်းအပ်သောနေ၏ အရောင်သည် မထင်ရှားသည်ဖြစ်၍ အလင်းရောင် မဖြစ်သကဲ့သို့လည်းကောင်း၊ ထိုနည်းတူပင် ဘဝင် အလျဉ်သို့ရောက်သောသူအား ဇောဝီထိမဖြစ်၍ အိပ်မက်မက်ခြင်းသည် မဖြစ်နိုင်ချေ။

မေး -အရှင်ဘုရား နာဂသေန. . . အိပ်ခြင်း၏အစ၊ အလယ်၊ အ ဆုံးသည် ရှိပါသလော။

ဖြေ -မင်းမြတ်. . . အိပ်ခြင်း၏အစ၊ အလယ်၊ အဆုံးသည် ရှိ၏။

မေး -အရှင်ဘုရား နာဂသေန. . . အဘယ်သည်အိပ်ခြင်း၏ အစဖြစ်ပါသနည်း။ အဘယ်သည် အိပ်ခြင်း၏အလယ် ဖြစ်ပါသနည်း၊ အဘယ်သည် အိပ်ခြင်း၏အဆုံးဖြစ်ပါ သနည်း။

www.dhammaransi.com



ဖြေ -မင်းမြတ်. . . ကိုယ်၏လေးလံထိုင်းမှိုင်းခြင်းသည် အိပ်ခြင်း၏အစဖြစ်၏၊ အကြင်သူသည် မျောက်၏အိပ်ခြင်းကဲ့သို့ ငိုက်မျဉ်းခြင်းနှင့် ယှဉ်သည်ဖြစ်၍ စိတ်အစဉ်၌ ဘဝင်ရောပြွမ်းခြင်းသည်ဖြစ်၏၊ ဤသို့စိတ်အစဉ်၌ ဘဝင်ရောပြွမ်းမှုဖြစ်လာခြင်းသည် အိပ်ခြင်း၏ အလယ်ဖြစ်၏၊ ဘဝင်အလျဉ်သို့ရောက်သွားခြင်းကား အိပ်ခြင်း၏အဆုံးဖြစ်၏၊ အိပ်ခြင်း၏အလယ်သို့ရောက်လျက် မျောက်အိပ်သကဲ့သို့ ငိုက်မျဉ်းခြင်းနှင့်ယှဉ်သောသူသည် အိပ်မက်ကိုမြင်မက်၏။

ဤသို့ အရှင်နာဂသေနက ဖြေကြားလိုက်သောအခါ မိလိန္ဒမင်းကြီးသည် အလွန်ကျေနပ်နှစ်သက်တော်မူသည်ဖြစ်၍-

“အရှင်နာဂသေန. . . သင့်မြတ်ကောင်းမွန်လှပါ၏၊ အရှင်ဘုရား၏ဖြေကြားချက်ကို တပည့်တော်လက်ခံပါ၏”

ဟု လျှောက်ထားလေသည်။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

www.dhammaransi.com



# အခန်း ( ၂ )

## အိပ်မက်မြင်မက်မှုဘဝအတွေ့တွေ

### (က) ဇာတ်တော်ဗုဒ္ဓဝင်လာအိပ်မက်ရှင်များ

### ( ၁ ) ဗဟုပုတ္တကမင်း မိဖုရား၏အိပ်မက်နှင့်ရွှေဟင်္သာမင်း

ဗာရဏသီပြည်တွင် ဗဟုပုတ္တကမည်ရှိသော မင်းကြီး နန်းစံစဉ် ထိုမင်း၏မိဖုရားကြီးသည် တစ်နေ့သောညတွင်-

"ရွှေအဆင်းရှိသော ဟင်္သာမင်းထံမှတရားကိုနာရသည်" ဟုအိပ်မက်မြင်မက်လေသည်။

မိဖုရားကြီးသည် ထိုအိပ်မက်ကိုအကြောင်းပြုပြီး မင်းကြီး

www.dhammaransi.com



ထံချဉ်းကပ်ပြီး အိပ်မက်၌တွေ့ရသော ရွှေဟင်္သာမင်း၏တရားကို နာယူလိုကြောင်းလျှောက်ထားသည်။

ထိုအချိန်တွင် ဓတရဋ္ဌအမည်ရှိသော ရွှေဟင်္သာမင်းသည် ဟင်္သာအပေါင်းကိုးသောင်းခြောက်ထောင်ခြံရံလျက် စိတ္တကူဋ်တောင်၌နေလေသည်၊ ထိုရွှေဟင်္သာမင်း၏စစ်သူကြီးကား သုမုခ အမည်ရှိလေသည်။

မင်းကြီးသည် ရွှေဟင်္သာမင်းရှိကိုစုံစမ်းသည်၊ ရှိမှန်းသိသောအခါ ဟင်္သာတို့၏အစာဖြစ်သောစပါးမျိုးတို့ကို စိုက်ပျိုးစေသည်၊ လေးထောင့်ကန်တို့ကိုတူးသားစေသည်၊ သတ္တဂါတို့ကို ဘေးမဲ့ပေးကြောင်း နေ့စဉ်ကြွေးကြော်စေသည်။

ဟင်္သာမင်းများလာရောက်စားက ဖမ်းဆီးရန် မုဆိုးတစ်ယောက်ကို လျှို့ဝှက်စွာထားလေသည်။

နောင်အခါ ဟင်္သာမင်းသည် ဟင်္သာအပေါင်းခြံရံလျက် ထိုစပါးခင်းသို့လာရောက်စားလေသည်၊ မုဆိုးသည် ကျော့ကွင်းထောင်၍ဖမ်းယူရာ ရွှေဟင်္သာမင်းကိုဖမ်းမိလေသည်။

ရွှေဟင်္သာမင်းကျော့ကွင်းမိသောအခါ ကျန်သောဟင်္သာများက သေဘေးမှကြောက်သဖြင့် ပျံသန်းသွားကြသည်၊ ဟင်္သာ

www.dhammaransi.com



မင်း၏စစ်သူကြီး သုမုခသည် ပျံမသွားဘဲ ရွှေဟင်္သာမင်းအနီးသို့ ရောက်လာသည်။

ရွှေဟင်္သာမင်းက မိမိမှာ အန္တရာယ်ရှိနေပြီဖြစ်၍ မိမိကို ခွဲခွာသွားဖို့အကြောင်းပြောပြသည်၊ သုမုခစစ်သူကြီးကလက်မခံဘဲ ရွှေဟင်္သာမင်းနှင့်သေအတူရှင်မကွာနေမည် ဟုပြောဆိုနေသည်။

မုဆိုးသည် ထိုဟင်္သာ(၂)ကောင်ကိုဖမ်းဆီးပြီး မုဆိုးက ရွှေဟင်္သာမင်းကို-

"ကောင်းကင်၌ကျက်စားသော အသင်ဟင်္သာမင်းသည် အောက်၌ရှိသောကျော့ကွင်းကိုမမြင်ဘူးလော"

ဟု မေးသည်။

"အဆွေမုဆိုး. . . သတ္တဝါသည် အကြင်အခါ၌ ပျက်စီးလိုသည်ဖြစ်လာအံ့၊ ထိုအခါဝယ် ပိုက်ကွန်၊ ကျော့ကွင်းတို့ကို မမြင် မသိနိုင်ပါချေတကား၊ မုဆိုးသည် ရွှေဟင်္သာမင်း၏အဖြေစကားကိုအလွန်နှစ်သက်သွားပြီး သုမုခ၏စစ်သူကြီးဟင်္သာကို-

"ရွှေအဆင်းရှိသော သုမုခစစ်သူကြီး အခြားဟင်္သာတို့သည် ကောက်တို့ကိုစားသောက်ပြီး သေဘေးမှကြောက်၍ပြေး

www.dhammaransi.com



ထွက်ပုံ့သန်းသွားကြပြီး သင်သည်ကား ဤရွှေဟသ်ာမင်းနှင့် မည်သို့တော်စပ်၍ ပျံမသွားဘဲအနီးကပ်ချန်နေရစ်ခဲ့ပါသနည်း”

ဟုမေးသည်။

“အဆွေမုဆိုး . . . ဤရွှေဟသ်ာမင်းသည် ငါ၏မင်းလည်းဖြစ်၏၊ အဆွေခင်ပွန်းလည်းဖြစ်၏၊ အသက်နှင့်ထပ်တူရှိသူဖြစ်၏၊ ငါသည် သေအတူရှင်မကွာရှိ၍ ဘယ်သောအခါမျှ ရွှေဟသ်ာမင်းကိုစွန့်ခွာ၍မသွားပါ ”

မုဆိုးသည် သုမုခစစ်သူကြီးဟသ်ာ၏စကားကိုကြားရသော် အလွန်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍-

“အကယ်၍ ငါသည် ဤသီလနှင့်ပြည့်စုံသော ရွှေဟသ်ာတို့ကိုပြစ်မှားမိအံ့၊ ငါ့အား မြေမျိုသည်ဖြစ်လိမ့်မည်၊ မင်းထံမှရသောဥစ္စာဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဤဟသ်ာမင်းတို့ကိုလွှတ်အံ့” ဟု ကြံစည်မိပြီး-

“အဆွေသုမုခစစ်သူကြီး . . . သင်သည် အဆွေခင်ပွန်းဟူသောအကြောင်းကြောင့် အသက်ကိုစွန့်ခြင်းငှာအလိုရှိ၏၊ ငါသည် သင်၏အဆွေခင်ပွန်းကိုလွှတ်ပါအံ့၊ ရွှေဟသ်ာမင်းသည် သင့်အလိုတိုင်းဖြစ်ပါစေလော့”

ဟု ပြောကြားသည်။

www.dhammaransi.com



ထို့နောက် တေရင္ဒရွှေဟင်္သာမင်းကို ကျောင်းကွင်းမှချ၍ ရေအိုင်နားသို့သယ်ဆောင်ကာ ဒဏ်ရာတို့ကိုရေဆေးပေးသည်၊ သစ်ရွက်၊ ဆေးဝါးတို့ဖြင့် ကုသပေးသည်။

သုခုမစစ်သူကြီးဟင်္သာမင်းသည် မိမိ၏ရွှေဟင်္သာမင်းကို မြင်သော် နှစ်သက်ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ မုဆိုးကို-

"အဆွေမုဆိုး. . . လွတ်သောရွှေဟင်္သာမင်းကိုမြင်ရ၍ ငါသည် ယခုအလွန်နှစ်သက်သကဲ့သို့ သင်မုဆိုးသည်လည်း အလုံးစုံသောဆွေမျိုးတို့နှင့်အတူတကွနှစ်သက်ရွှင်လန်းနိုင်ပါစေ"

ဟု ပြောကြားသည်။

မုဆိုးသည် ဝမ်းမြောက်ကြည်ညိုနှစ်သက်သောစိတ်ဖြင့် ဟင်္သာမင်းကို-

"အရှင် ကြွတော်မူပါလော့"

ဟုဆိုလေသည်။

"အဆွေမုဆိုး. . သင်သည် ငါ့ကို မိမိကိုယ်ကျိုးအတွက် ရည်ရွယ်ပြီး ဖမ်းသလော၊ တစ်ခြားသူကစေခိုင်း၍ ဖမ်းရပါ သလော"

ဟု မေးသည်။

www.dhammaransi.com



ထိုအခါ မုဆိုးကြီးက မိဖုရားကြီးအိပ်မက်မက်ပုံ၊ မင်းကြီးစေခိုင်းပုံအကြောင်းစုံကိုပြောပြသည်။

"ငါသည် ဤနေရာမှနေ၍ ငါနေရာ စိတ္တကူဋတောင်သို့ ပြန်သွားသင့်သလော၊ မင်းကြီးထံသွားသင့်သလော၊ ငါသည် မင်းကြီးထံသွားက မုဆိုးသည်လည်း ဥစ္စာရလတ့်၊ မိဖုရားကြီး၏ အိပ်မက်ချင်ခြင်းသည်လည်း ငြိမ်းလတ့်၊ သုခုမစစ်သူကြီး၏အဆွေခင်ပွန်းကောင်းပီသပုံသဘောသည်လည်း ထင်ရှားလာလတ့်၊ ထိုမှတစ်ပါး ခေမာအိုင်လေးယောင့်ကန်ကိုဘေးမဲ့ပေးခြင်းကို ပြုဖို့ပြောအံ့၊ ထို့ကြောင့် ငါသည် မင်းကြီးထံသွားသင့်သည်"

ဓွေဟာသ်ာမင်းသည် ဤသို့ဆင်ခြင်ဆုံးဖြတ်ပြီး-

"အဆွေမုဆိုး. . . သင်သည် ငါတို့ကိုထမ်းပိုးဖြင့်ယူ၍ မင်းထံသို့ယူဆောင်ပါ။ မင်းကြီးသည် ငါတို့ကိုလွှတ်မည်ထင်ပါသည်"

ဟုပြောကြားသည်။

"အရှင်. . . မင်းတို့မည်သည်ကား ကြမ်းတမ်းခက်ထန်ကုန်၏၊ အရှင်တို့ ပြန်သာပြန်ကြပါတော့"

"အဆွေမုဆိုး. . မစိုးရိမ်လင့်၊ ငါတို့သည် သင်ကဲ့သို့

www.dhammaransi.com



ကြမ်းကြုတ်သောမုဆိုးကိုပင် စိတ်နူးညံ့အောင်ပြုနိုင်၏၊ မင်းကို နှစ်သက်အောင် ငါတို့ပြုပါမည်၊ ငါတို့ကိုဆောင်သာဆောင်ယူပါလေ"

မုဆိုးသည် ဝတရွှေဟသာမင်းဆိုသည့်အတိုင်း မင်းထံသို့ ယူဆောင်ကာ မင်းကြီးကိုအပ်နှံလေသည်။

မင်းကြီးသည် ရွှေဟသာမင်းတို့ကိုမြင်သော် အလွန်နှစ်လိုဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ ရွှေဟသာမင်းနှစ်ပါးကို ရွှေအင်ပျဉ်၌နေစေပြီး ပျားပေါက်ပေါက်တို့ကိုကျွေးမွေးသည်၊ ရေကိုတိုက်သည်၊ မင်းကြီးသည် ရွှေဟသာမင်းကိုလက်အုပ်ချီ၍ တရားကိုနာလိုကြောင်းပြောကြားသည်။

ရွှေဟသာမင်းသည် မင်းကြီးနှင့်နှုတ်ခွန်းဆက်စကားကို ဆိုလိုသည်ဖြစ်၍ ဤသို့စတင်ပြောဆိုသည်။

"မြတ်သောမင်းကြီး. . . အသင်မင်းကြီးကား အပြစ်ကင်းပါ၏လော၊ အနာကင်းပါ၏လော၊ ဤကာသိတိုင်းသည် ဝ,ပြောပါ၏လော၊ တရားနှင့်အညီ လူတို့ကိုဆုံးမပါ၏လော"

"ရွှေဟသာမင်း. . . ငါ့အား အပြစ်ကင်းအနာကင်းပြီး တိုင်းပြည်သည်လည်း ဝ,ပြောပါ၏၊ ငါသည်လည်း တရားနှင့် အညီ ဆိုဆုံးမပါ၏"

www.dhammaransi.com



"မြတ်သောမင်းကြီး. . . အသင်မင်းကြီးအား အမတ် ဗိုလ်ပါတို့နှင့် အပြစ်သည်မရှိပါ၏လော၊ အရိပ်သည်တောင်အရပ်သို့ ရှေးရှုမသွားသကဲ့သို့ ရန်သူဖြစ်သောမချစ်မနှစ်သက်သောသူတို့သည် မပွားကုန်ပါသလော"

"ဗြဟ္မာမင်း. . . အမတ်တို့နှင့်လည်းအပြစ်မရှိပါ၊ မချစ်သောရန်သူလည်းမရှိပါ"

"မြတ်သောမင်းကြီး. . . သင်မင်းကြီးနှင့် ဇာတ် ဥစ္စာ အနွယ် အမျိုးအညွန့်အားဖြင့်တူကုန်သောမယားတို့သည် လင်၏ အလိုသို့လိုက်ပါကုန်၏လော၊ ချစ်ဖွယ်သောစကားကိုဆိုကုန်ပါသလော၊ သားသမီးအရောင်အဆင်းအခြံအရံနှင့်ပြည့်စုံကုန်ပါသလော၊ အားလုံးသည် အသင် မင်းကြီး၏အလိုသို့လိုက်ပါကြပါ၏လော"

"ဗြဟ္မာမင်း. . မယားတို့သည် လင်အလိုလိုက်ပါ၏ ချစ်ဖွယ်စကားလည်းဆိုပါ၏၊ သားသမီး အခြံအရံလည်းရှိပါ၏၊ ကျွန်ုပ်အလိုသို့လည်းလိုက်ကြပါ၏"

"မြတ်သောမင်းကြီး. . . သင်မင်းကြီး၏သားတော်တို့သည် အားအစွမ်းပညာအစွမ်းနှင့်ပြည့်စုံကြပြီး ထိုထိုကိစ္စတို့၌ ဝမ်းမြောက်ဝမ်းသာဆောင်ရွက်ကြပါကုန်သလော"

www.dhammaransi.com



"ရှေ့ဟသာ်မင်း. . . ကျွန်ုပ်အား သားတို့သည်များစွာ ရှိပါ၏၊ ကျွန်ုပ်ကိုသားများ၏ဖခင့်ဟု ကျော်စောထင်ရှားပါ၏၊ အရှင်ဟသာ်မင်းသည် ကျွန်ုပ်၏သားတို့ကိုလည်း ထိုထိုသော ပြုဖွယ်ကိစ္စတို့ကိုဟောကြားပါ၊ သူတို့သည် အရှင်ဟသာ်မင်း၏ စကားကိုမဆန့်ကျင်ဘဲ နားကြားကြပါလိမ့်မယ်"

ထိုအခါ ရွှေဟသာ်မင်းသည် ထိုသားတို့ကို ဆိုဆုံးမလို သည်ဖြစ်၍-

"မြတ်သောမင်းကြီး. . . အကြင်သူသည် အမျိုးအနွယ် နှင့်လည်းကောင်း၊ အကျင့်နှင့်လည်းကောင်း ပြည့်စုံသည်ဖြစ် သော်လည်း နောင်အိုမင်းသောအခါမှအတတ်ပညာကို သင်ကြား ပါက ဘေးအန္တရာယ်ပေါ်လာသောအခါ ဆုံးရှုံးနစ်နာရသည်သာ ဖြစ်၏"

"မြတ်သောမင်းကြီး. . . မသင်၊ မတတ်မြောက်သော ပညာရှိသောသူအား နည်းသောအရောင်သည် ကြီးသောအရုပ် အဆင်းတို့ကိုမြင်သကဲ့သို့ ထိုသူအား ကြီးစွာသောဆုတ်ယုတ်ခြင်း သည်ဖြစ်ရာ၏"

"အနှစ်မရှိသော လောကာယတဗေဒင်အတတ်၊ တိတ္ထိ ကျမ်းအတတ်၊ လူမိုက်တို့၏အတတ်တို့ကို အနှစ်သာရရှိသည်

www.dhammaransi.com



ဟု ယူဆယုံကြည်ကြသောသူတို့သည် သမင်ဆီးဆောက်သည် တောတောင်ချောက်ကမ်းပါး၌ကျသည်ဖြစ်၍ အကြား၌နစ်မြုပ်ရသကဲ့သို့ မြင့်မြတ်သောအတတ်ပညာကိုမရသည်သာတည်း။

-လူသည် ယုတ်ညံ့သောဇာတ်ရှိသော်လည်း ထကြွလုံ့လရှိသည်၊ တည်ကြည်သောသမာဓိရှိသည်၊ အကျင့်သီလနှင့်ပြည့်စုံသည်ဖြစ်ငြားအံ့၊ ညဉ့်အခါ၌ မီးထွန်းထားသကဲ့သို့ ထွန်းပ၏။

-မြတ်သောမင်းကြီး. . . ညဉ့်၌အနည်းငယ်သောအရောင်၊ မီးရောင်နှစ်ပါးတို့ကိုဥပမာပြု၍ သားတို့ကိုသင်အပ်သော အတတ်ပညာတို့ကိုသင်ယူပါစေ။

-ပညာရှိသည် လယ်ကောင်း၌မိုးရွာသောအခါ၌ ချအပ်သောမျိုးစေ့သည်ပွားရောက်သကဲ့သို့ စည်းစိမ်အခြံအရံဖြင့်လည်းကောင်း၊ လာဘ်သပ်ပကာဖြင့်လည်းကောင်း ကောင်းစွာပွားများရာ၏။

ရွှေဟသာမင်းသည် အလုံးစုံသောညဥ့်သုံးယံပတ်လုံး မင်းကြီးနှင့်မင်း၏မိဖုရား မင်းပရိသတ်တို့ကို တရားဟောကြားပေးရာ မိဖုရားကြီးအိပ်မက်၌ဖြစ်သောချင်ခြင်းသည် ငြိမ်လေသည်။

www.dhammaransi.com



ရွှေဟင်္သာမင်းသည် အရဟတ်တက်သောအခါ မင်းနှင့် မိဖုရားတို့ကို သီလ၌တည်စေ၍ အပ္ပမာဒတရားဖြင့်ဆုံးမပြီး သုခုမစစ်သူကြီးဟင်္သာနှင့်အတူ စိတ္တကူဋတောင်သို့ပျံခဲ့ကြလေ သည်။

စူဠဟံသဇာတက

## ( ၂ ) ခေမာမိဖုရား၏ ဆပ်မင်းတရားဟောအိပ်မက်

ဟရဏသီပြည်ဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေး တွင် သားတစ်ယောက်ရှိသည်၊ ထိုသားကို မဟာဓနံ ဟူသော အမည်ကိုပေးထားသည်။

အတတ်သင်အံ့သောအရွယ်ရောက်သော် သားပင်ပန်း မည်စိုး၍ မည်သည့်အတတ်ကိုမျှမသင်စေ၊ ကခြင်း၊ သီဆိုခြင်း၊ ဖျော်ဖြေခြင်းနှင့်စားခြင်း၊ ဝတ်ခြင်းတို့လောက်သာ တတ်သိနား လည်သည်၊ အခြားလောကရေးရာ ဘာမျှမသိချေ။

တစ်နေ့ သူဌေးသားကို မိဘတို့က သင့်တင့်လျောက်ပတ် သောအမျိုးသမီးတစ်ဦးနှင့်အိမ်ထောင်ချပေးသည်။

www.dhammaransi.com



နောင် မိဘများသေလွန်သော် သူဌေးသားသည် မိန်းမ ကြီးသောသူ၊ သေသောက်ကြီးသူ၊ ကြွေးအန်ကြီးသူတို့နှင့်ပေါင်း သင်းခြံရုံပြီးနေ သာခဲ့ရာ မကြာခင် ဥစ္စာတို့ဆုံးရှုံးပျက်စီးသည့် အပြင် ကြွေးမြီပါတင်လာခဲ့လေသည်။

ကြွေးရှင်တို့က ကြွေးတောင်းလာသော် မဟာဓနံသည် မပေးနိုင်၍-

"ငါ့အား အသက်ရှင်နေခြင်းဖြင့် အဘယ်အကျိုးရှိပါအံ့ နည်း၊ ဘဝတစ်ခုထဲ၌ပင် ဘဝတစ်ခုဖြစ်နေရသကဲ့သို့ရှိ၏၊ သေ ခြင်းသည်သာလျှင် မြတ်လှပေ၏"

ဟု ကြံစည်မိလေသည်။

ထို့နောက် သူဌေးသားသည် မြီရှင်တို့ကိုခေါ်ကာ-

"ငါ၏မိဘတို့သည် ဂင်္ဂါနားဌ်မြှုပ်ထားသောဥစ္စာတို့သည် ရှိပါ၏၊ သင်တို့၏မြီရှင်စာရင်းကိုယူလာကြပါကုန်၊ ထိုဥစ္စာဖြင့် သင်တို့၏အကြွေးကိုပေးပါမည်"

ဟု ဆိုလေသည်။

မြီရှင်တို့သည် ကြွေးစာရင်းကိုကိုင်ကာ သူဌေးသား နောက်လိုက်ကြသည်။

www.dhammaransi.com



"ဤရေအောက်အရပ်၌ ငါ့မိဘတို့သည် ဥစ္စာတို့ကိုမြှုပ်ထားပါ၏၊ ငါဆင်း၍ယူပါမည်"

ဟု ပြောဆိုကာ ရေထဲသို့ဆင်း၍သေရန်ဆင်းသွားလေသည်။

သူဌေးသားသည် ပြင်းစွာသော်ရေအလျဉ်ဖြင့်မျောသွားသည်ရှိသော် သနားစဖွယ်အသံဖြင့်မြည်တမ်းလေသည်။

ထိုအခါ်ချိန်တွင် ဘုရားလောင်းသည် ဆတ်မျိုး၌ဖြစ်ပြီးလျှင် အခြံအရံတို့ကိုစွန့်ကာ တစ်ကောင်တည်း ဂင်္ဂါမြစ်ကွေ့၌ အင်ကြင်းပင်၊ သရက်ပင်ရောနှောသော နှလုံးမွေ့လျော်ဖွယ်ကောင်းသောတော၌နေလေသည်။

ဆတ်မင်း၏ကိုယ်သည် ကောင်းစွာအပြေအပြစ်ပြုအပ်သောရွှေပျဉ်ချပ်နှင့်တူသည်။

- လက်၊ ခြေ၊ ့့သည် ချိပ်ရည်ဖြင့် အပြေအပြစ်ပြုသကဲ့သို့ရှိသည်။
- အမြီးသည် စာမရီသားမြီးနှင့်တူသည်။
- ဦးချိုသည် ငွေပန်းခိုင်နှင့်တူသည်။
- မျက်စိတို့သည် ကောင်းစွာပွတ်အပ်သောပတ္တမြားလုံးရွဲလုံးနှင့်တူကုန်သည်။

www.dhammaransi.com



ခံတွင်း၊ နှုတ်သီးသည် စနစ်၍ထားအပ်သော ကမ္ဗလာ
နီအိမ်ကျင်းနှင့်တူသည်။

ညသန်းကောင်ယံအခါ ထိုသူဌေးသား၏သနားစဖွယ်
ငိုသောအသံကိုကြားလျှင်-

"လူသံသည်ကြားရ၏၊ ငါသည် ထင်ရှားရှိစဉ်မသေစေ
သင့်"

ဟုကြံစည်၍ နေရာမှထပြီးလျှင် မြစ်နားသို့သွားပြီးလျှင်-

"အို-ယောကျ်ား . . မကြောက်လင့်၊ သင့်အား အသက်
ကို ငါပေးအံ့"

ဟု သက်သာရစေ၍ ရေအလျဉ်ကိုဖြတ်သွားသကဲ့သို့ သွားပြီး
လျှင် ထိုသူဌေးသားကို ကျောက်ကုန်း၌တင်၍ ကမ်းနားသို့ ယူ
ဆောင်ခဲ့သည်။

ထို့နောက် သစ်သီးတို့ကိုကျွေး၍ နှစ်ရက်သုံးရက်ပတ်
လုံး မိမိနေရာ၌နေစေကာ သက်သာရစေသည်၊ နှစ်ရက်၊ သုံးရက်
နေပြီးသော် ဆတ်မင်းက-

"အို-ယောကျ်ား . . ငါသည် သင့်ကို ဤတောမှထုတ်
ဆောင်ရာ ဗာရာဏသီပြည်သွား ခရီး၌ထားပေမည်၊ သင်သည်

www.dhammaransi.com



ချမ်းသာစွာခရီးဆက်သွားပါက ဗာရဏသီသို့ရောက်ပါမည်၊ သို့သော သင်သည် ဤမည်သောတောအရပ်၌ ရွှေအဆင်းနှင့်တူသောဆတ်မင်းနေ၏-ဟု ဥစ္စာဟူသောအကြောင်းကြောင့် မင်းနှင့်မင်းအမတ်တို့ကို မပြောကြားပါလေနှင့်"

ဟု မှာကြားပြောဆိုသည်။

ထိုအခါ သူဌေးသားသည် အရှင်ကောင်းပါပြီ ဟု ဝန်ခံသည်။

ဆတ်မင်းသည် သူဌေးသားကို ဗာရဏသီခရီးလမ်းမသို့ မိမိကျောဖြင့် သယ်ဆောင်၍ ချပေးခဲ့ပြီးပြန်ခဲ့သည်။

ထိုသူဌေးသား ဗာရဏသီပြည်သို့ရောက်သောနေ့ည၌ပင် ဗာရဏသီမင်း၏ ခေမာအမည်ရှိသောမိဖုရားသည် မိုးသောက်ယံ၌-

"ရွှေအဆင်းနှင့်တူသောအဆင်းရှိသော ဆတ်မင်းသည် မိမိအား တရားဟောသည်"

ဟု အိပ်မက်မြင်မက်လေသည်။

ထိုအခါ မိဖုရားသည် စဉ်းစားကြံစည်မိသည်။

"ဤသို့သဘောရှိသော ဆတ်မင်းသည် အကယ်၍မရှိ

www.dhammaransi.com



အံ့၊ ငါသည် ဤကဲ့သို့ အိပ်မက်မမြင်မက်ရာ၊ မချွတ်လျှင်ရှိသည် ဖြစ်လတံ့၊ ထို့ကြောင့် ငါသည် အရှင်မင်းကြီးအား ပြောကြား အကူအညီတောင်းအံ့”

ဟု ကြံစည်ပြီးလျှင် မင်းကြီးထံသို့သွားကာ-

“မြတ်သောမင်းကြီး . . ကျွန်ုပ်သည် ရွှေအဆင်းနှင့်တူ သောအဆင်းရှိသောဆတ်မင်းကို မြင်လိုပြီး သူ့ထံမှတရားကို နာလိုပါ၏၊ ဆတ်မင်းကိုမြင်ရပါမူ ကျွန်ုပ်အသက်ရှင်ပါမည်၊ အကယ်၍ မမြင်ရလျှင် အသက်ရှင်တော့မည် မဟုတ်ပါ ”

ဟု လျှောက်ထားလေသည်။

မင်းကြီးသည် မိဖုရားကိုနှစ်သိမ့်စေ၍-

“အသင်မိဖုရား . . မစိုးရိမ်လင့်၊ သင်အိပ်မက်မြင်မက် သောဆတ်မင်းသည် လူ့ပြည်၌အကယ်၍ရှိငြားအံ့၊ သင် မြင်ရ လတံ့”

ဟု မိန့်ကြားသည်။

ထို့နောက် မင်းကြီးသည် ပုဏ္ဏားတို့ကိုခေါ်၍ လောက တွင် ရွှေအဆင်းနှင့်တူသော သားကောင်းရှိ-မရှိ မေးတော်မူရာ ပုဏ္ဏားတို့ကရှိကြောင်း လျှောက်ထားကြသည်။

www.dhammaransi.com



ထိုအခါ မင်းကြီးသည် တန်ဆာဆင်အပ်သောဆင်၏ ကျောကုန်း၌ အသပြာတစ်ထောင်ကို ရွှေတောင်း၌ထည့်စေပြီး

"အကြင်သူသည် ရွှေအဆင်းနှင့်တူသော အဆင်းရှိသောဆတ်မင်းရှိသည်ကိုကြားသိအံ့၊ ထိုသူအား ရွှေတောင်းနှင့်တကွသော အသပြာတစ်ထောင်ကိုလည်းကောင်း၊ ဤဆင်ကိုလည်းကောင်း၊ ရွာစားအဖြစ်ကိုလည်းကောင်း၊ တန်ဆာဆင်အပ်သောမိန်းမကိုလည်းကောင်း ပေးအံ့"

ဟု တိုင်းပြည်သို့လှည့်လှည်ကြွေးကြော်စေလေသည်။

ထိုအချိန်၌ သူဌေးသားသည် ဗာရာဏသီသို့ဝင်လာသောနေ့ဖြစ်သည်၊ ထိုလှည့်လှည်သံကိုကြားသောအခါ အမတ်ထံသို့သွားကာ-

"ဤသဘောရှိသော ဆတ်မင်းကို ကျွန်ုပ်သိပါသည်"

ဟု ကျေးဇူးကန်းလျက်ဆိုလေသည်။

အမတ်သည် ထိုသူဌေးသားကို မင်းထံသို့ခေါ်ဆောင်သွား၍-

"အရှင်မင်းကြီး . . . ဤသူသည် ဆတ်မင်းရှိကြောင်းသိပါ၏ ဟု ဆိုလာပါသည်" ဟု လျှောက်ထားလေသည်။

www.dhammaransi.com



"ယောက်ျား . . ဆတ်မင်းရှိကြောင်းသိသည် မှန်ပါသလော"

"မြတ်သောမင်းကြီး . . မှန်ပါ၏"

"ယောက်ျား . . ထိုဆတ်မင်းသည် အဘယ်အရပ်၌ နေပါသလဲ"

ထိုအခါ အဆွေခင်ပွန်းပျက် သူဌေးသားသည် ဆတ်မင်း ရှိသောနေရာကိုပြောပြလေသည်။

မင်းကြီးသည် ထိုသူဌေးသားကို ခရီးညွှန်းပြု၍ များစွာသောအခြံအရံဖြင့် ထိုအရပ်သို့သွားလေသည်၊ ရောက်သောအခါ ဆတ်မင်းနေသော သရက်၊ အင်ကြင်းရောသောတောကိုပြလေသည်၊ မင်းကြီးသည် ဆတ်မင်းနေသောတောကို စစ်သည်ဗိုလ်ပါတို့ဖြင့် ဆတ်မင်းထွက်မပြေးအောင် ဝိုင်းရံစေသည်၊ ကြီးစွာသောအသံကိုလည်းပြုကြလေသည်။

ဆတ်မင်းသည် ဤအသံများကိုကြား၍-

"ဤဗိုလ်ပါအပေါင်း၏အသံများသည် ဤဘေးသည် လူယုတ်မာကြောင့်ဖြစ်သောဘေးဖြစ်မည်"

ဟု ကြံစည်မိသည်။

www.dhammaransi.com



ထို့နောက် ဝပ်ရာမှထ-ကာ အလုံးစုံသောပရိသတ်ကို ကြည့်သည်။

"မင်းနေရာအရပ်သည်သာလျှင် ငါ့အားချမ်းသာခြင်း ဖြစ်လတ့်၊ မင်းရှိရာအရပ်သို့သာ ငါသွားသင့်သည်"

ဟု ကြံစည်ပြီး မင်းရှိရာအရပ်သို့ ရှေ့ရှုလာခဲ့သည်။

မင်းကြီးသည် ဆင်ပြောင်အားနှင့်တူသော အားရှိသော ဆတ်မင်း၏ မိမိထံသို့ရှေးရှုလွှမ်းမိုးလာသည်ကိုမြင်သော် မြားဖြင့် ပစ်ရန် လေးကိုတင်ပြီးချိန်လေသည်၊ ထိုအခါ ဆတ်မင်းက-

"မြတ်သောမင်းကြီး. . . ငံ့ဦးလော့၊ မပစ်ပါနဲ့ဦး၊ ဤ အရပ်၌ ဤဆတ်မင်းနေသည်ကို မည်သူက ပြောကြားပါ သနည်း" ဟု မေးသည်။

မင်းကြီးသည် ဆတ်မင်း၏ချိုသာသောစကားကိုကြား လျှင် လေးတင်မှုကိုချ၍ ဆတ်မင်း၏ရှေ့၌ရပ်တည်သည်၊ ဗိုလ် ပါတို့လည်း ဝိုင်းရံလာကြသည်၊ သူဌေးသားလုလင်ယုတ်သည် ဆတ်မင်းမမြင်စေရန် နောက်သို့ဆုတ်၍ရပ်တည်နေလေသည်။

"အဆွေ. . . သင်ရှိကြောင်းကို ဤသူသည်ပြပါသည်" ဟု မင်းကြီးက သူဌေးသားကိုညွှန်းပြသည်။

www.dhammaransi.com



"မင်းမြတ် . . . ဤလောက၌ အချို့ကုန်သောပညာရှိတို့သည် ထင်းတုံးကိုဆယ်တင်သော်မှ မြတ်သေး၏၊ အဆွေခင်ပွန်းဖြစ်များတတ်သူကို ဆယ်တင်ခြင်းသည် မမြတ်သည်သာလျှင်ဖြစ်သည်ဟု ရှေးပညာရှိတို့က အမှန်ကိုဆိုကြပါသည်"

"အဆွေဆတ်မင်း . . . သင်သည် သားကောင်တို့ကိုကဲ့ရဲ့သလော၊ လူတို့ကိုကဲ့ရဲ့စကားဆိုပါသလော၊ လူစကားဖြင့်ဆိုသော သင်ဆတ်မင်း၏စကားကိုကြားရ၍ ဤအကြောင်းကိုငါရသည် ဟု ထင်ပါသည်"

"မြတ်သောမင်းကြီး . . . များသော၊ လျင်သောရေအယဉ်တွင်မျောလာသောသူကို ဆယ်တင်မိ၏၊ ထိုဆယ်တင်မိသောကြောင့် ငါ့အား ဤဘေးရောက်ရ၏၊ သူတော်မဟုတ် သူယုတ်မာတို့နှင့် ပေါင်းဖော်ခြင်းသည် ဆင်းရဲလှ၏"

"အဆွေ . . . ထိုကဲ့သို့သဘောရှိသော ကျေးဇူးတရားမသိ၊ အဆွေခင်ပွန်းကိုပြစ်မှားတတ်သောထိုသူကို ငါ၏ဤလေးမြားဖြင့်ယခုချက်ချင်း ပစ်သတ်ပါအံ့"

ဆတ်မင်းသည် ငါ့ကိုမှီ၍ မပျက်စီးပါစေနှင့်ဟူသောစိတ်ဖြင့်-

www.dhammaransi.com



"မင်းမြတ်. . . ပညာရှိအားလည်းကောင်း၊ သူမိုက်အားလည်းကောင်း၊ သူတော်ကောင်းတို့သည် သတ်ဖြတ်ခြင်းကို မချီးမွမ်းကြပါ၊ ယုတ်မာသောအကျင့်ရှိသောသူသည် အလိုအားလျော်စွာ မိမိအိမ်သို့သွားပါစေ၊ အကြင်ဥစ္စာစည်းစိမ်ကိုလည်း ထိုသူယုတ်အား အသင်မင်းကြီးပေးမည် ဟု ပြောထားသည့်အတိုင်းပေးလိုက်ပါ၊ ကျွန်ုပ်သည် သင်မင်းကြီးအလိုရှိရာ အလိုသို့လိုက်ပါမည်"

"အဆွေဆတ်မင်း. . . သင်သည် သူတော်ကောင်းအပေါင်းတို့တွင် တစ်ယောက်အပါအဝင်ဖြစ်ပါသည်၊ သူယုတ်မာအားမတုံ့ပြန်၊ မပြစ်မှားချေ၊ သင့်ကိုပြစ်မှားသော ဤသူကို ကျွန်ုပ်ကတိအတိုင်းပေးပါမည်၊ သင့်ကိုလည်း ရွာဆုကိုပေးပါမည်"

"မြတ်သောမင်းကြီး. . . ခြေခွေး၊ ငှက်တို့၏အသံကိုသိလွယ်၏၊ လူတို့၏စကားကိုမူ အလွန်သိနိုင်ခဲပါ၏။

"မြတ်သောမင်းကြီး. . . အကြင်သူသည် ရှေး၌ကောင်းသောစိတ်ရှိသူဖြစ်၍ ဤသူသည် ငါ၏ဆွေမျိုးတည်း၊ ချစ်သောသူတည်း၊ အဆွေခင်ပွန်းတည်းဟူ၍ အကယ်၍အောက်မေ့ငြားအံ့၊ ထိုသူသည် နောင်တွင်ရန်သူသည်ဖြစ်တတ်သည်"

"အဆွေဆတ်မင်း. . . သင် ဤသို့မအောက်မေ့လင့်၊ ငါ

www.dhammaransi.com



သည် မင်းအဖြစ်ကိုသာစွန့်ပါမည်၊ သင့်အား ပေးသောဆုကို မစွန့်ပါ။ ငါ့အား ယုံကြည်ပါလော့ ဟုဆို၍ ဆုကို မင်းကြီးက ပေးလေသည်။

ဆတ်မင်းက ထိုရွာဆုကိုမယူလို၊ မိမိကိုဆုပေးလိုသော် အလုံးစုံသောသတ္တဝါတို့အား ဘေးမဲ့ပေးခြင်းဟူသောဆုကိုသာ ပေးရန် တောင်းဆိုလေသည်။

မင်းကြီးသည်လည်း ထိုဆုကိုသဘောတူ၍ ဆတ်မင်းကို နေပြည်တော်သို့ခေါ်ဆောင်သွားလေသည်။

မင်းကြီးသည် မြို့ကိုလည်းကောင်း၊ ဆတ်မင်းကိုလည်းကောင်း၊ တန်ဆာဆင်၍ ခေမာမိဖုရားကိုတရားဟောစေသည်။

ဆတ်မင်းသည် မိဖုရားကြီးကိုအမှူးပြု၍ မင်းပရိသတ်တို့အား သာယာသောလူဘာသာစကားဖြင့် တရားဟောသည်၊ မင်းကျင့်တရား(၁၀)ပါးဖြင့် ဆိုဆုံးမသည်။

ထို့နောက် ဆတ်မင်းသည် ဟောသို့ဝင်၍ အခြံအရံဖြင့် နေလေသည်၊ မင်းကြီးသည် အလုံးစုံသောသတ္တဝါတို့အား ဘေးမဲ့ပေးသည်ဟု မြို့၌စည်ကိုလည်စေသည်။

ထိုနေ့မှစ၍ သားငှက်အစရှိသောသတ္တဝါတို့အား တစ်စုံတစ်ယောက်သောသူသည် ပစ်ခတ်ခြင်းငှာမဝံ့ကြကုန်၊ ထိုအခါ

www.dhammaransi.com



သားငှက်အပေါင်းတို့သည် လူတို့၏ကောက်ပဲသီးနှံတို့ကို ဝင်ရောက်စားသောက်သော်လည်း မည်သူမျှမတားမြစ်ရဲကြကုန်။

လူတို့သည် မင်းရင်ပြင်သို့သွား၍ သားငှက်တို့ကို တားမြစ်ပေးရန် ကြွေးကြော်တောင်းဆိုကြသည်။

မင်းကြီးကလည်း-

"ငါ့မှာ ဇနပုဒ်မရှိ၊ တိုင်းပြည်ပျက်သွားသည်ရှိပါစေ၊ ဆတ်မင်းကိုပေးထားသောဘေးမဲ့အလှူကို မပယ်ဖျက်နိုင်ပါ၊ ဆတ်မင်းကို မပစ်မှားလိုပါ၊ ဆတ်မင်းအားပေးထားသောဆုကို ပေးပြီးဖြစ်၍ ချွတ်လွဲသောစကားကိုမဆိုပါ"

ဟု မိန့်ကြား၍ လူတို့သည် မင်းကို မည်သို့မျှပြန်မပြောရဲကြတော့ချေ၊ ထိုသတင်းစကားသည် ကျယ်ပြန့်ပျံ့နှံ့သွား၍ဆတ်မင်းသည် ကြားသိသည်ရှိသော် သားငှက်အပေါင်းကိုစည်းဝေးစေသည်။

"ဤနေ့မှစ၍ လူတို့၏ကောက်ပဲသီးနှံတို့ကိုမစားကြစေရန် ဆုံးမလေသည်၊ လူတို့ကိုလည်း မိမိတို့လယ်များ၌ အထိမ်းအမှတ်ပြု၊ သစ်ကိုင်းသစ်ခက်တို့ကို အထိမ်းအအမှတ်ထားဆွဲချိတ်ထားပေးရန်"လူတို့အား ကြွေးကြော်စေသည်၊ လူတို့သည်လည်း ဆတ်မင်းဆိုတိုင်း ဆွဲတိုင်းဆွဲထားကြကုန်သည်၊ ထိုအချိန်မှစ၍

www.dhammaransi.com



သားတို့သည် သစ်ရွက်၊ သစ်ခက်အမှတ်ဖြင့် လူတို့၏ကောက်ပဲ သီးနှံတို့ကိုမစားကြကုန်။

(ထိုအချိန်မှစ၍ ယနေ့ထက်တိုင် လယ်များ၌ အထိမ်း အမှတ်ပိတ်ဖြူဆွဲခြင်း၊ ကောက်ရိုးရုပ်ဆွဲခြင်းဓလေ့များ ပြုလုပ် သားကြလေ့ရှိပါသည်)

(တေရသကရုရုမိဂဇာတ်)

## ( ၃ ) ဝိဒေဟရာဇ်မင်းကြီး၏အိပ်မက်

ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ ဝေဒေဟအမည်ရှိ သော မင်းကြီးမင်းပြုချိန်ကာလဖြစ်သည်။

ထိုမင်းကြီးအား အကောင်း-အဆိုး အကြောင်းအကျိုးကို ဆိုဆုံးမလမ်းညွှန်ပြပေးသော သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ ဟူသော သုခမိန်အမတ်ကြီးလေးယောက်ရှိသည်။

ထိုဝိဒေဟရာဇ်မြို့မှ မနီးမဝေးအရပ်လေးမျက်နှာ၌ ညဉ့် နံနက်ဈေး၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်အုတ်အုတ် ကျက်ကျက်သော အိမ်ဈေးတို့ဖြင့်နေ၍ ပျော်ရွှင်ဖွယ်ဖြစ်သော အရှေ့က ပါစိနယဝမဇ္ဈဂုံးရွာ၊ တောင်က ဒက္ခိဏယဝမဇ္ဈဂုံးရွာ၊

www.dhammaransi.com



အနောက်က ပစ္ဆိမယဝမဇ္ဈျှဂုံးရွာ၊ မြောက်က ဥတ္တရယဝမဇ္ဈျှဂုံးရွာဟူသော ရွာကြီးလေးရွာရှိသည်။

ထိုတွင် အရှေ့ ပါစိနယဝမဇ္ဈျှဂုံးရွာတွင် "သိရိဝဍ္ဎန" အမည်ရှိသောသူဌေးကြီးနှင့် မယား သုမနဒေဝီတို့နေထိုင်ကြသည်။

ထိုအခါ ဘုရားလောင်းသည် တာဝတိံသာနတ်ပြည်မှ စုတေ၍ သူဌေးကြီး၏မယား သုမနဒေဝီ၏ဝမ်း၌သန္ဓေယူလေသည်။

(အခြားသောနတ်သားတစ်ထောင်တို့လည်း သူဌေးကြီး၏အပေါင်းအဖော်အိမ်တို့၌ အသီးသီးပဋိသန္ဓေယူကြသည်)

ဘုရားလောင်း ပဋိသန္ဓေယူသည်နှင့် တပြိုင်နက်တည်း ဝိဒေဟရာဇ်မင်းကြီး၌ ဤသို့သောအိပ်မက်မြင်မက်လေသည်။

"မင်းအား ညီလာခံရာ မြေအပြင်၌လျှင် လေးထောင့်သောအရပ်တို့၌မြို့တံတိုင်းခန့်အမြင့်ရှိသော မီးပုံကြီးလေးပုံတို့သည် ထ,လက်၍ တလျှပ်လျှပ်တစ်ထိန်ထိန် အရှိန်အဝါနှင့်တောက်ပကုန်၏၊ ထိုမီးပုံကြီးလေးခုတို့၌ အလယ်၌ပင်လျှင် ပိုးစုန်းကြူးခန့်ပမာဏရှိသော မီးပုံငယ်သည် ထ,လတ်ပြန်၍ အလျှံကဲမိုးသဖြင့် ထိုမီးပုံကြီးလေးခုတို့ကိုလွှမ်းမိုးလျက် အထက်ဗြဟ္မာ

www.dhammaransi.com



ပြည်တိုင်အောင်တက်၍ စကြာပဌာတိုက်အလုံး၌ ဖုံးကွယ်တတ်သောအမိုက်မှောင်ကို အရောင်အဝါဖြင့်ပျောက်စေ၍ တောက်ပလျက်တည်၏။

ထိုမီးပုံငယ်သည် ကောင်းကင်၌ထွန်းလင်းပြီး၍ မြေသို့ဟစ်ဖန်ကျ ပြန်သော် မုန်ညင်းသီးပမာဏခန့်သာထင်၍ နတ်ပြည်ခြောက်ထပ်၌ရှိကုန်သော နတ်ပရိသတ်၊ လူ့ပြည်၌ရှိကုန်သော လူပရိသတ်အပေါင်းတို့သည်လည်း ထိုမီးပုံငယ်ကို ပန်းနှံ့သာစသည်တို့ဖြင့် ပူဇော်ကုန်၏။

မီးလျှံအတွင်း၌ လူအပေါင်းတို့သည် သွားလာကြကုန်၏ ယိုသူတို့သည်လည်း မွေးတွင်းမျှပူရှိန်သောမည်သည်မရှိ၊ ချမ်းငြိမ်းစွာလျှင် သွားလာကြကုန်၏”

ဤသို့သော အိပ်မက်ကို မင်းကြီးမြင်မက်လေသည်။

ထိုသို့အိပ်မက်မြင်မက်ပြီးလျှင် မင်းကြီးသည် ကြောက်လန့်တကြား နိုးလက်သဖြင့် ထ၍-

“ငါ့အား အဘယ်သို့သောအန္တရာယ်သည် ဖြစ်လတံ့နည်းမသိ”

ဟု ကြံစည်မိသောစိတ်ဖြင့် အိပ်မပျော်နိုင်၊ ထိုင်လျက်ပင်နေသည်။

www.dhammaransi.com



နေအရုဏ်တက်၍ လေးချက်တီးကျော်အချိန်ရှိလျှင် သုခမိန်အမတ်ကြီး(၄)ယောက်တို့သည် ရှေ့နောက်အစဉ်သင့် ခင်းခွင့်-မင်းရေး-မေးလျှောက်တိုင်ပင်ဆင်ခြင်စုံစမ်းမြဲအတိုင်း နန်းတော်သို့ဝင်လာပြီး မင်းကြီးကခ,စားကြသည်။

"အရှင်မင်းကြီး. . . ယနေ့ ညဉ့်အဖို့ ကိုယ်စိတ်ချမ်းသာစွာစက်တော်ခေါ်၍ ပျော်မွေ့ငြိမ်းအေးပါလော"
ဟု သာရဏီယကထာ စကားလျှောက်ထားကြကုန်သည်။

"သုခမိန်အမတ်ကြီးတို့. . . ယနေ့ အဘယ်မှာချမ်းသာစွာအိပ်ရပါအံ့နည်း၊ ဤသို့သောအိပ်မက်ကို ပြက်ပြက်ထင်ထင်ငါ မြင်မက်တော်မူ၏"
ဟု မိန့်ကြားပြီးမြင်မက်သည်၊ အလုံးစုံတို့ကို သုခမိန်တို့အား ပြောကြားသည်။

အိပ်မက်ကိုကြားနာပြီးသော သေနကသုခမိန်က-

"အရှင်မင်းကြီး. . . မည်သည်ကိုမျှ မစိုးရိမ်တော်မူပါလင့်၊ အရှင်မင်းကြီးမြင်မက်သောအိပ်မက်တော်သည် မင်္ဂလာရှိသောအိပ်မက်ဖြစ်ပါသည်၊ အရှင်မင်းကြီးအား များမြတ်သောစီးပွားချမ်းသာ ဘုန်းကျက်သရေတော်တိုးတက်ရာအကြောင်းပင်ဖြစ်ပါသည်" ဟု လျှောက်ထားသည်။

www.dhammaransi.com



"အရှိန်လည်းညီး၊ မီးတောက်ကိုစင်၊ မြင်မက်သည်ဖြစ်လျက် အဘယ်ကြောင့်ချမ်းသာရာဖြစ်မည်ဟုသင်ဖတ်သနည်း၊ အကြောင်းအကျိုးစပ်၍ အတတ်သိသာအောင်ဖတ်ပါလော့"

"အရှင်မင်းကြီး. . . ဒီးတောက်မီးလျှံဟူသည်ကား ဉာဏ်ပညာဘုန်းကျက်သရေပင်ဖြစ်ပါသည်၊ အိပ်မက်တော်၌ မီးပုံကြီးလေးပုံမြင်မက်သည်ကား ကျွန်ုပ်တို့သုခမိန်အမတ်ကြီးလေးယောက်တို့သည် တိုင်းရေး ပြည်ရေး အရှင်မင်းကြီးအရေးတို့၌ မြေးယှက်မိုက်မှောင်ကင်းလျက် ထွန်းလင်းသောပညာဖြင့် စိတ်ဖြာခွဲခြမ်းဝေဖန်စီရင်တတ်သောအမတ်ကြီးများဖြစ်ကြသည်နှင့်လျော်ညီစွာ ကျွန်ုပ်တို့ သုခမိန်လေးယောက်ကိုရည်၍ မြင်မက်တော်မူသည်။

ထိုမီးပုံကြီးအလယ်၌ ပိုးစုန်းကြူးခန့်ပမာဏရှိသော မီးပုံငယ်ကိုမြင်တော်မူသည်မှာ ပါရမီတော်ဘုန်းတော်ကြောင့် အသစ်ပညာရှိတစ်ယောက်ပေါ်ထွန်းမည်အကြောင်းဖြစ်ပါသည်။

ထိုပညာရှိသည် ကျွန်ုပ်တို့သုခမိန်လေးယောက်တို့ကို လွှမ်းမိုး၍ နတ်နှင့်တကွသော လူ၌အတုမရှိ၊ မိမိကျေးဇူးပညာဂုဏ်ဖြင့် ကျော်ဇော်ထင်ရှားစွာဖြစ်မည်ကားမချွတ်ရာပြီ"

ဟု အိပ်မက်ကိုဖတ်ကြားလျှောက်ထားလေသည်။

www.dhammaransi.com



မင်းကြီးသည် သေနကသုခမိန်၏စကားကိုကြားလျှင် နှစ်သက်ဝမ်းမြောက်ခြင်းရှိ၍-

"အမတ်ကြီးသုခမိန်. . . ယခု သင်ဖတ်သော ပညာရှိ သုခမိန်သည် အဘယ်မှာရှိမည်နည်း"

ဟု မေးသည်။

သေနကအမတ်ကြီးသည် မိမိသင်ကြားတတ်မြောက်ပြီး သော ဗေဒင်ကျမ်း၊ နေမိတ္တကျမ်းစသည်တို့၌ ထွက်ဆိုသည့် အတိုင်း နတ်မျက်စိကိုရသကဲ့သို့ မဖောက်မပြန်ဟုတ်မှန်သည့် အတိုင်းဖြစ်၍-

"အရှင်မင်းကြီး. . . ယခု ဤပညာရှိသည် ပဋိသန္ဓေ ယူဆဲသော်လည်းဖြစ်ရာ၏၊ ဖွားဆဲသော်လည်းဖြစ်ရာ၏"

ဟု လျှောက်ထားသည်။

ဝိဒေဟရာဇ်မင်းကြီးသည် ထိုအိပ်မက်မြင်မက်သည့်နေ့ မှစ၍ သေနကအမတ်ကြီး၏စကားကိုသာလျှင် တစ်နေ့မပြတ် အောက်မေ့လျက် နေလေသည်။

နောင်တွင် သုမနဒေဝီမှ ဘုရားလောင်း မဟောသဓာကို မွေးဖွားခဲ့ပြီး ထိုမဟောသဓာသည် အမတ်သုခမိန်ကြီး(၄)ယောက်

www.dhammaransi.com



ထက်သာသော(၇)နှစ်သားအရွယ်ကပင် အမတ်ပညာရှိဖြစ်လာသဖြင့် ဝိဒေဟရာဇ်မင်းကြီး၏ ပုဗ္ဗနိမိတ်သည် မှန်ကန်လေသည်။

## ( ၄ ) မဒ္ဒီဒေဝီ၏အိပ်မက်

သိဝိရာဇ်တိုင်း စေတုတ္တရာပြည်၌ သိဥ္စည်းမင်းကြီး မင်းပြုစဉ်ကာလအချိန်ဖြစ်သည်။

မင်းကြီး၏သားတော်မှာ ဝေဿန္တရာအမည်ရှိပြီး မိဖုရားမှာ မဒ္ဒီဒေဝီအမည်ရှိလေသည်။

သိဥ္စည်းမင်းကြီးသည် သားတော်ဝေဿန္တရာမင်းသားအတတ်ပညာမျိုးစုံတတ်မြောက်ပြီး အသက်(၁၆)နှစ်ရှိသောအခါ ဖုဿတိဒေဝီမိဖုရားနှင့် တိုင်ပင်ပြီးလျှင် သားတော်ကိုထီးနန်းလွှဲအပ်လေသည်။

ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီဒေဝီတို့တွင် သားတော်ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့မွေးဖွားသည်။

ဝေဿန္တရာမင်းကြီးသည် အလှူပေးမှု၌မရောင့်ရဲနိုင်သူဖြစ်၍ နေ့စဉ်ခြောက်သိန်းသောဥစ္စာတို့ကိုထုတ်လှူလေ့ရှိပြီး တစ်လလျှင် ခြောက်ကြိမ် ပစ္စယဆင်ဖြူတော်ကိုစီးပြီး အလှူဇရပ်

www.dhammaransi.com



ခြောက်ဆောင်တို့ကိုလှည့်လှည်ကြည့်ရှုသည်။

တစ်နေ့တွင် ကာလိင်္ဂရာဇ်ပြည်၌ မိုးခေါင်သည်ဖြစ်၍ လူတို့ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရောက်သောအခါ ဆင်ဖြူတော်ရှိရာ မိုးရွာသည်ဟု ပုဏ္ဏားတို့၏အပြောကြောင့် ကာလိင်္ဂရာဇ်မင်း၏ တမန်တော် ပုဏ္ဏားတို့သည် ဝေဿန္တရာမင်းကြီးထံမှ ပစ္စယဆင် ဖြူတော်ကိုလာရောက်အလှူခံကြသည်။

ဝေဿန္တရာမင်းကလည်း ရက်ရက်ရောရောလှူလိုက် သည်၊ ထိုပစ္စယဆင်ဖြူတော်လှူမှုကြောင့် ပြည်သူတို့က မကျေနပ် ဆန္ဒပြကြသောကြောင့် ဝေဿန္တရာမင်းကြီးသည် မိဖုရား၊ သား သမီးတို့နှင့်အတူ ဝင်္ကဘာအမည်ရှိသောတော၌နေရလေသည်။

ကာလိင်္ဂတိုင်း ဒုန္နိဝိဋ္ဌပုဏ္ဏားရွာ၌ ဇူဇကာပုဏ္ဏားသည် ဥစ္စာနှင့်ကြွေးသိမ်းထားသော ငယ်ရွယ်သောမယား အမိတ္တာပုံ ရှိလေသည်၊ အမိတ္တာပုံသည် လင်ကိုချစ်ခတ်မြတ်နိုးစွာ ပြုစု လုပ်ကျွေးသည်၊ သို့သော် ပတ်ဝန်းကျင်က အသက်အရွယ်ကြီး အဖိုးအိုကိုယူပြီး ဤကဲ့သို့ ဂရုတစိုက်ပြုစုလုပ်ကျွေးမှုကို မနာလို၊ သူတို့က ကဲ့ရဲ့ပြစ်တင်ဆဲရေးကြသောကြောင့် အမိတ္တာပုံသည် ရေသောက်မျှထွက်၍မခပ်ရဲဘဲရှိသည်။

www.dhammaransi.com



သို့အတွက် လင်ယောက်ျားဖြစ်သော ဇူဇကာပုဏ္ဏားကို အလုပ်အကျွေး ကျွန်မိန်းမ-ကျွန်ယောက်ျားကိုရှာခိုင်းသည်၊ ထိုသို့ မရှာပေးနိုင်က ဇူဇကာလင်အိုပုဏ္ဏားနှင့်မပေါင်းလို ဟုအကြပ် ကိုင်သည်၊ အမိတ္တာပုံသည် ကျွန်ယောက်ျား၊ ကျွန်မိန်းမတို့ကို ဝေဿန္တရာမင်းကြီးသည် ဝင်္ကပါတော၌နေသည်၊ မင်းကြီးသည် အလှူပေးမှု၌ရက်ရောသည်၊ ထိုဝင်္ကပါတောလိုက်သွားပြီး ဝေဿ န္တရာမင်းကြီးထံ ကျွန်ယောက်ျား၊ ကျွန်မိန်းမတို့ကို အလှူခံပါ ဟူ၍အကြံပြုလေသည်။

ထိုသို့ အမိတ္တာပုံ၏အကြံပြုချက်ဖြင့် ဇူဇကာပုဏ္ဏားသည် ဝေဿန္တရာမင်းကြီးထံ ကျွန်အလှူခံထွက်ရန် လမ်းခရီးတို့ကိုမေး ပြီး ထွက်လာခဲ့သည်။

ဇူဇကာပုဏ္ဏားသည် အစ္စုတရသေ့ညွှန်ကြားအပ်သော ခရီးဖြင့်လာခဲ့ရာ လေးထောင့်ကန်အနီးသို့ရောက်လာသည်။

"ငါသည် ယခုမိုးချုပ်ပြီ၊ မဒ္ဒီဒေဝီသည် တောမှသစ်သီး ရှာ၍ ပြန်ချိန်တန်ပြီ၊ မိန်းမတို့မည်သည်ကား ဝန်တိုပိတ်ပင် စဉ်းလဲတတ်သည်၊ သားသမီးကို မင်းကြီးက ငါ့အားပေးလိုသော် လည်း မဒ္ဒီဒေဝီက ဖျက်ဆီးနှောင့်ယှက်သဖြင့် ပျက်စီးရာချေ သည်၊ နက်ဖြန်နံနက် မဒ္ဒီဒေဝီတောသို့ သစ်သီးသစ်မြစ်အရှာ

www.dhammaransi.com



သွား၍ မင်းကြီးတစ်ပါးတည်းရှိသည့်ကာလမှ သူငယ်နှစ်ယောက်တို့ကိုတောင်း၍ မဒ္ဒီဒေဝီမလာမီ ပြန်အံ့”

ဟု ကြံစည်ပြီးလျှင် ထိုလေးထောင့်ကန်အနီး သာနုအမည်ရှိသော တောင်ပုလုထက်သို့တက်၍ တစ်ခုသောသစ်ပင်ရင်း မြေသလင်းတော်သင့်ရာအရပ်၌ ထိုညဥ့်အိပ်လေသည်။

မဒ္ဒီဒေဝီသည် ထိုညဥ့်မိုးသောက်ယံ၌ ဤသို့သော အိပ်မက်ကို မြင်မက်လေသည်-

“မည်းနက်ရုပ်သွင်အဆင်းဆိုးဝါးသောယောက်ျား တစ်ယောက်သည် ဖန်ရည်ဆိုးသောအဝတ်ကိုဝတ်လျက် နီစွာသောပန်းကိုနားနှစ်ဖက်၌ပန်လျက် လက်နက်စွဲကိုင်ခြင်းဖြင့် အတင်းခြိမ်းခြောက်၍ မဒ္ဒီဒေဝီမိဖုရား၏ အိပ်ရာသင်ခမ်းတွင်းသို့ ဝင်ပြီးသော် မဒ္ဒီဒေဝီမိဖုရား၏ဆံကျစ်ကိုဆွဲကိုင်လျက် မြေ၌လှဲကျစေပြီးလျှင် ငိုမြည်တမ်းစဉ်မှာပင် မဒ္ဒီဒေဝီမိဖုရားကြီး၏မျက်စိနှစ်လုံးကိုထုတ်ယူပြီးသော် လက်နှစ်ဖက်ကိုလည်းဖြတ်ပြီးမှ ရင်ကိုခွဲ၍ နှလုံးသည်းပွတ်ကို ယူနှုတ်လျက်သွားလေ၏”

ဤသို့သော အိပ်မက်ကိုမြင်မက်ပြီးသော် အလန့်တကြားနိုးလာလေသည်။

www.dhammaransi.com



"ငါအား ယုတ်မာစွာသောအိပ်မက်ကို ယခုမြင်မက်၏၊ အကြောင်းအဘယ်သို့ဖြစ်အံ့နည်း"
ဟု ကြောက်လန့်လျက်-

"ဤအရပ်၌ အိပ်မက်နိမိတ်ဖတ်ခြင်းမည်သည် မင်းကြီး မှတစ်ပါး အခြားမရှိပြီ"
ဟု ကြံစည်ပြီးသော် အားချင်းပင် မင်းကြီးဝေဿန်အိပ်ရာသခ်မ်း သို့သွား၍ တံခါးရွက်ကိုလက်ဖြင့်ခေါက်လေသည်။

"တံခါးရွက်ကိုခေါက်သည်ကား အဘယ်သူနည်း"

"အရှင်မင်းကြီး. . . ကျွန်ုပ်ကား မဒ္ဒီပါတည်း"

"အဘယ်မဒ္ဒီ. . . သင်နှင့်ငါသည် အထက်ရသေ့အသွင် ဆောင်စဉ်ကပင် အချိန်မဟုတ်သည်၌ တစ်ယောက်ဆီကိုတစ် ယောက် မလာစတမ်း ဟု ကတိဂဝတ်ရှိပြီးဖြစ်လျက် ကတိက ဝတ်ပျက်၍ ယခုအခါ မဟုတ်သည်၌အဘယ်ကြောင့် ငါ့ထံလာ ပါသနည်း"

"အရှင်မင်းကြီး. . . ကျွန်ုပ် ယခုလာခြင်းကား ကိလေ သာကာမဂုဏ်ဖြင့်လာခြင်းမဟုတ်၊ စင်စစ်သော်ကား ကျွန်ုပ်၌ ထိတ်လန့်ဖွယ်ယုတ်မာသောအိပ်မက်ကိုမြင်မက်သောကြောင့် အကြောင်းကြားရန်လာခြင်းဖြစ်ပါသည်"

www.dhammaransi.com



"အဘယ်မဒ္ဒီ. . . ထိုသို့ဆိုက သင်မြင်မက်သောအိပ်မက်ကိုဆိုပါလေ"

ထိုအခါ မဒ္ဒီဒေဝီသည် အိပ်မက်မြင်မက်ခဲ့သောအကြောင်းအရာအလုံးစုံကိုပြောကြားသည်။

မင်းကြီးသည် မဒ္ဒီဒေဝီမြင်မက်သောအိပ်မက်ကိုကြား၍ အိပ်မက်၏သဘောကိုဆင်ခြင်လတ်သော်-

"ငါ့အား ဒါနပါရမီကိုမချွတ်ဖြည့်ရလတ့်၊ နက်ဖြန်မိုးသောက်လျှင် ငါ့ထံသို့ တစ်စုံတစ်ယောက်သောအလှူခံရောက်လိမ့်မည်၊ မဒ္ဒီဒေဝီအား ထင်တိုင်း ငါကြားချေအံ့၊ ပြင်းစွာသောဆင်းရဲသို့ရောက်လိမ့်မည်"

ဟု အောက်မေ့ဆင်ခြင်ပြီးလျှင်-

"အဘယ်မဒ္ဒီ. . . အိပ်မက်သည်ကား ဓာတ်ချောက်ချား၍မြင်မက်သောအရာများသာ များပါ၏၊ အိပ်မက်တိုင်းလည်း အကျိုးအပြစ်ကိုပေးသည်မဟုတ်၊ သင် စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်းမရှိနှင့်၊ ချမ်းသာစွာအိပ်ချေလော့".

ဟု နှစ်သိမ့်စေလျက် လွှတ်လိုက်လေသည်။

မဒ္ဒီဒေဝီသည် နံနက်မိုးသောက်လတ်သော် အလုံးစုံ

www.dhammaransi.com



သောအမှုတို့ကို မိမိဆောင်ရွက်မြဲအတိုင်းဆောင်ရွက်၍ သားနှင့်သမီးတို့၏ နဖူးဦးခေါင်းတို့ကိုနမ်းလျက်-

"ချစ်သား၊ ချစ်သမီးတို့ . . ငါသည် ယနေ့ည၌ အိပ်မက်မကောင်းမြင်မက်သည်၊ သင့်တို့မမေ့မလျော့ကြကုန်လင့်"

ဟု သွန်သင်ဆုံးမပြီး မင်းကြီးထံသွားကာ-

"အရှင်မင်းကြီး . သူငယ်နှစ်ယောက်ကို မမေ့မလျော့ကြည့်ရှုတော်မူရစ်ပါ"

ဟုဆို၍ သားနှင့်သမီးကို မင်းကြီးထံအပ်ကာ တူရွင်း၊ တံချူတို့ကိုယူလျက် မျက်ရည်ကိုသုတ်ကာ သစ်သီး၊ သစ်မြစ်အလို့ငှာ တောသို့ဝင်လေသည်။

မဒ္ဒီဒေဝီ တောသို့သွားသောအခါ ဇူဇကာပုဏ္ဏားသည် မင်းကြီးထံသို့ဝင်ပြီး သားနှင့်သမီးတို့ကို ဝေဿန္တရာမင်းကြီးထံမှ အလှူခံ၍ ယူဆောင်သွားခဲ့လေသည်။

မဒ္ဒီဒေဝီ၏ ပုဗ္ဗနိမိတ်အိပ်မက်သည် မှန်ကန်သဖြင့် မဒ္ဒီဒေဝီသည် သားနှင့်သမီးတို့အတွက် ကြီးစွာသောသောကဝေဒနာကို ခံစားရခြင်းဖြစ်ပါသည်။

www.dhammaransi.com



# ( ၅ ) စန္ဒကုမာရမင်းသား၏ဖခင်–ဝသဝတ္တိမင်းကြီး၏အိပ်မက်

ပုပ္ဖဝတီပြည်တွင် ဝသဝတ္တိမင်းကြီး မင်းပြုသည်၊ ထိုမင်းကြီးသည် အလွန်ရိုးသားသော်လည်း ဉာဏ်ပညာနည်းသည်။

သားတော်များထဲတွင် ဉာဏ်ပညာအမြော်အမြင်နှင့်ပြည့်စုံသော စန္ဒကုမာရကို အိမ်ရှေ့မင်းရာထူး အပ်နှံထားလေသည်။

ထိုမင်း၏ပုရောဟိတ်ကား တရားလွှတ်တော်ရေးရာကို လွှဲအပ်ထားသည်၊ ထိုပုဏ္ဏားကား တန်စိုးလက်ဆောင်အလွန်စားသည်။

တစ်နေ့တွင် တရားရှုံးလာသောလူတစ်ယောက်သည် တရားရုံးမှ-

"ဒါတော့ မတရားသက်သက် တစ်ဘက်စောင်းနင်းစီရင်ချက်ချတာဘဲ၊ ဒင်း ငါစိတ်ဆင်းရဲသလို ခံစားရပါစေ"

ဟု ရေရွတ်ပြီးထွက်လာခဲ့ရာ ညီလာခံဝင်မည့် စန္ဒကုမာရမင်းသားနှင့်တွေ့၍ မင်းသားကမေးရာ မိမိမတရားဆုံးဖြတ်ခံရကြောင်း လျှောက်ထားသည်။

www.dhammaransi.com



အိမ်ရှေ့မင်းသားသည် တရားလွှတ်တော်ရုံးသို့ဝင်၍ အမှုကိုပြန်လည်စစ်ဆေးသည်၊ မှန်ကန်သောသူကို ပြန်လည် အနိုင်ပေးလိုက်သည်။

ပရိသတ်အားလုံးက မင်းသားကို ကောင်းချီးမင်္ဂလာသြဘာပြုကြသည်။

ထိုသတင်းကို မင်းကြီးကြားသိသော် ပုရောဟိတ်ကို ရာထူးချပြီး အိမ်ရှေ့မင်းသား စန္ဒကုမာရကိုသာ တရားလွှတ်တော်တာဝန်ကို ပေးအပ်နှင်းလေသည်။

ထိုအခါ စဏ္ဍဟာလပုဏ္ဏားကြီးသည် အိမ်ရှေ့မင်းသား စန္ဒကုမာရကိုအငြိုးထားပြီး ပျက်စီးကြောင်းအခွင့်ကိုသာ စောင့်နေလေသည်။

တစ်နေ့တွင် မင်းကြီးသည် ညီလာခံ၌-

"မင်းကြီးများ. . . ညက ငါကိုယ်တော်မြတ်၏အိပ်မက်ထဲတွင် နတ်ပြည်သို့သွားသည်၊ အိပ်မက်ဟုဆိုသော်လည်း တကယ်ပင် စည်းစိမ်ချမ်းသာခံစားရသည်၊ နတ်ပြည်ဆိုသည်မှာ အမှန်ပင်ကြီးကျယ်ခမ်းနားသည်၊ နတ်သားများ၏ကိုယ်ရောင်သည် တဖိတ်ဖိတ်တောက်ပပြီး နတ်သမီးများစွာခြံရံလျက်ရှိသည်၊ နတ်ဘုံနတ်နန်းသည် အလွန်လှပသာယာပြီး နေချင်စဖွယ်ဖြစ်

www.dhammaransi.com



သည်၊ နတ်ဩဇာသည်လည်း အလွန်ပင်အရသာထူးကဲသည်၊ ထိုကဲ့သို့ နတ်ပြည်သို့ရောက်အောင် မည်သို့သောကုသိုလ်ပြုလုပ်သင့်ပါသနည်း”

ထိုသို့ ဝသတ္တိမင်းကြီးက အိပ်မက်အကြောင်းပြောပြပြီး နတ်ပြည်ရောက်လိုကြောင်း မိန့်ကြားသောအခါ ခဏ္ဍဟာလက ပုဏ္ဏားသည် အိမ်ရှေ့မင်းသားကို ကလဲ့စားချေရန် အခွင့်အရေး ရပြီ ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကာ-

“အရှင်မင်းကြီး. . . သဗ္ဗစတုက္ကယဇ် ဟုဆိုအပ်သော မြင်းလေးစီး၊ နွားလားဥသဘလေးကောင်၊ သမီးတော်လေးပါး၊ သားတော်လေးပါး၊ မိဖုရားလေးပါးတို့၏လည်ချောင်းသွေးဖြင့် ပူဇော်လျှင် နတ်ပြည်ရောက်နိုင်ပါသည်”

ဟု လျှောက်ထားသည်။

ပညာမဲ့၍ စဉ်းစားဆင်ခြင်မရှိသော ဝသတ္တိမင်းကြီးသည် မိမိနတ်ပြည်ရောက်ရေးကိုသာ အာသာဆန္ဒပြင်းပြပြီး ပုဏ္ဏား ပြောသည့်အတိုင်း ယာဇ်ကိုစီရင်စေသည်။

ပုဏ္ဏားသည် မင်းထံမှအခွင့်ရသောအခါ ယာဇ်ကိုစီရင်ရန် မင်းသား၊ မင်းသမီး၊ မိဖုရားတို့ကိုဖမ်းဆီးပြီး ယာဇ်ပူဇော်ရန် စီမံလေသည်၊ မင်းကြီးကို မင်းကြီး၏မယ်တော်၊ ခမည်းတော်တို့က

www.dhammaransi.com



ဆိုဆုံးမသည်ကိုလည်းလက်မခံ၊ သားတော်၊ သမီးတော်များက တောင်းပန်သည်ကိုလည်းလက်မခံ၊ မိမိနတ်ပြည်ရောက်ရေးကို သာ အာသာငန်းငန်းဖြစ်ပြီး သားသမီး၊ မိဖုရားတို့ကို ယာဇ်ပူဇော်မှုကို ဆက်လက်စီမံစေသည်။

စန္ဒကုမာရမင်းသားကို ယာဇ်ပူဇော်ရန်စီမံသောအခါ မင်းသား၏ကြွင်ယာတော်သည်-

"ပညာမဲ့ ခဏ္ဍဟာလပုဏ္ဏားသည် မကောင်းမှုကိုပြုနေသည်မှန်၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် မောင်တော် အိမ်ရှေ့မင်းဘုရားနှင့်ဆက်လက်၍ အတူပေါင်းသင်းရပါစေ။

ဤအရပ်၌ရှိကြသော နတ်များအပေါင်းတို့ကူညီကြပါ၊ စောင့်ရှောက်ကြပါ၊ တောင်းပန်ပါ၏၊ အကျွန်ုပ်အား ချစ်သူနှင့် ကင်းအောင် မည်သူမျှမလုပ်နိုင်ကြပါစေသတည်း"

ဟု ကတိသစ္စာပြုလေသည်။

ထိုသစ္စာစကားသည် သိကြားမင်းထံရောက်သွားပြီး သိကြားမင်းသည် ချက်ချင်းဆင်းကာ ယာဇ်တွင်းဝတွင် ကိုယ်ထင်ပြပြီး-

"ဟဲ့. မင်းဆိုး-မင်းယုတ် . . . နတ်ပြည်ကိုတောင့်တပြီးလူ သူတော်ကောင်းတွေကိုမသတ်လင့်၊ သင့်အသက် ဇီဝိန်ကို ပြုတ်လိုသလော"

www.dhammaransi.com



ဟု ဝရဇိန်လက်နက်ဖြင့်ရွယ်၍မိန့်ဆိုရာ မင်းယုတ်၊ ပုဏ္ဏားယုတ်တို့သည် ကြောက်အားလန့်အားထွက်ပြေးကြလေသည်၊ ထိုအခါ ပြည်သူတို့သည် ပုဏ္ဏားအား ခဲ၊ တုတ်တို့ဖြင့်ပစ်ခတ်သတ်ကြသည်။

မင်းကြီးအားလည်း သတ်ရန်ပြုလုပ်ကြရာ မင်းသားက ကြားက ပုဏ္ဏားကြောင့်ဖြစ်ရတာပါ ဟု တောင်းပန်ပြီး မင်းကြီးကို အသက်မှလွတ်စေသည်၊ ပြည်သူတို့သည် မိမိတို့ချစ်ခင်မြတ်နိုးသော စန္ဒကုမာရမင်းသားတောင်းပန်မှုကြောင့် မင်းယုတ်ကို အသက်မှလွတ်ကြသော်လည်း မင်းကြီး၏အဆောင်အယောင်တို့ကို ချွတ်စေကာ စန္ဒကုမာရမင်းသားကိုသာ ထီးနန်းတင်ကြလေသည်။

ဤသည်မှာ မင်းကြီး၏ အိပ်မက်လောဘအမှားကို ပြုလုပ်မိသဖြင့် ဘဝဒုက္ခရောက်ရခြင်းဖြစ်လေသည်။

## ( ၆ ) မယ်တော်မာယာအိပ်မက်

သက္ကတိုင်း၊ ကပိလဝတ်ပြည်တွင် သုဒ္ဓေါဒနမင်းကြီး နတ်စံစဉ်အချိန်ကာလဖြစ်သည်၊ ထိုမင်း၏မိဖုရားကြီးမှာ သီရိမဟာမာယာဒေဝီဖြစ်သည်။

www.dhammaransi.com



အဂ္ဂမဟေသီမိဖုရားခေါင်ကြီးဖြစ်သော မာယာဒေဝီသည် သက်တော်(၅၅)နှစ်၊ (၄)လခန့်ရှိသောအခါ မဟာသက္ကရာဇ်(၆၇)ခု၊ ဝါဆိုလဆန်း(၉)ရက်နေ့ဝယ် ကပိလဝတ်နေပြည်တော်၌ အစဉ်အလာအားဖြင့်ဆင်ယင်ကျင်းပမြဲဖြစ်သော ဥတ္တရာသဠ်နက္ခတ်ပွဲသဘင်ကြီးကြိုက်၍ ပြည်သူပြည်သားအပေါင်းတို့သည် ပွဲကောင်းတစ်ခုအထိမ်းအမှတ်ပြု၍ သူ့ထက်ငါ ကြွေးကြော်လျက် နက္ခတ်ပွဲသဘင်ပျော်ရွှင်စွာကစားကြသည်။

မဟာမာယာဒေဝီသည် ထိုဝါဆိုလဆန်း(၉)ရက်မှ (၁၄)ရက်နေ့အထိ (၆)ရက်တိုင်တိုင် ပန်းနံ့သာအခိုးအထုံပန်ဆင်လိမ်းကျံမွှမ်းမံတန်ဆာဆင်ခြင်းတို့နှင့်ပြည့်စုံပြီး ထိုနက္ခတ်ပွဲသဘင်ကို ပျော်ရွှင်စွာခံစားလေသည်။

ဝါဆိုလပြည့်နေ့ရောက်သော် မဟာမာယာဒေဝီသည် နံနက်စောစောကပင် နံ့သာရေမိုးချိုးပြီးသော် (၄)သိန်းသော အသပြာဥစ္စာတို့ကိုစွန့်ကြဲ၍ ကြီးမြတ်သောအလှူကိုပေးလှူသည်။

အလုံးစုံသောအဆင်တန်ဆာဆင်ယင်ပြီးလျှင် မြိန်ယှက်ကောင်းမွန်သောနံနက်ပွဲတော်စာကိုတည်ခင်းသုံးဆောင်ပြီးနောက် ဆရာဒေဝီလရသေ့ထံတွင် အင်္ဂါ (၈)ပါးရှိသော ဥပုသ်သီလကို ဆောက်တည်ပြီး လှပစွာတန်ဆာဆင်အပ်သော ကြက်သရေတိုက်ခန်း၌နေကာ ဥပုသ်နှလုံးကျင့်သုံးစံနေလေသည်။

www.dhammaransi.com



ထိုလပြည့်နေ့ည၏ ပစ္ဆိမယံဝယ် ကြက်သရေရှိသော နေရာထက်၌ လျောင်းစက်၍မှောက်မျှင်းအိပ်ပျော်ခြင်းသို့ရောက်သောအခါ ဘုရားအလောင်းတော် ပဋိသန္ဓေနေလာမည့် ပုဗ္ဗနိမိတ်ရှေးပြေးအိပ်မက်ကို မြင်မက်တော်မူသည်။

“စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် အိပ်စက်ရာနေရာတော်နှင့်တကွ သီရိမဟာမာယာဒေဝီကို ပင့်ချီထမ်းမကြကုန်၍ ဟိမဝန္တာအနာဝတက်အိုင်သို့ ဆောင်ကြဉ်းခဲ့ကြကုန်သည်။

ယူဇနာ(၆၀)ရှိသော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာအပြင်ဝယ် (၇)ယူဇနာရှိသောအင်ကြင်းပင်ကြီး၏အောက်၌ ထားကြကုန်သည်။

ထို့နောက် စတုမဟာရာဇ်နတ်မင်းကြီးတို့၏ နတ်မိဖုရားများဖြစ်ကြသော နတ်သမီးတို့သည် လာရောက်ကြကုန်၍ သီရိမဟာမာယာဒေဝီအား အနာဝတက်အိုင်သို့ဆောင်ယူကြပြန်၍ အညစ်အကြေးတို့ကိုဖျောက်ပယ်ရန်အကျိုးငှာ ရေချိုးပေးကြကုန်၏၊ နတ်ဝတ်အထည်တို့ကို ဝတ်ဆင်ပေးကြကုန်၏၊ နတ်နံ့သာတို့ကိုလိမ်းကျံပေးကြကုန်၏၊ နတ်ပန်းတို့ကိုဆင်မြန်းပန်ဆင်ပေးကြကုန်၏။

www.dhammaransi.com


ထို့နောက် တစ်ဖန် အနောဝတတ်အိုင်မှ မနီးမဝေးသော အရပ်၌တည်ရှိသည့်ငွေတောင်ကြီး၏အဘွင်းရွှေဗိမာန်တိုက်ခန်း ပယ် အရှေ့အရပ်သို့ဦးခေါင်းပြု၍ သိရိမဟာမာယာဒေဝီမိဖုရား ကြီး၊ကို အိပ်စက်စေကုန်၏။

အိပ်တော်မူ၍ သိရိမဟာမာယာဒေဝီမိဖုရားမျောက်မျဉ်း ပျော်သောခဏ၌ မြတ်သောဆင်ဖြူတော်သည် မယ်တော်မာယာ အိပ်စက်ရာရွှေဗိမာန်ရှိသည့်ငွေတောင်မှ မနီးမဝေးသောအရပ်၌ တည်ရှိသောရွှေတောင်ဝယ်လှည့်လှည်ကျက်စားခဲ့ပြီးလျှင် ထိုရွှေ ကောင်မှဆင်းသက်ခဲ့၍ ရွှေဗိမာန်ရှိရာငွေတောင်သို့တက်လာပြီး သော် ရွှေဗိမာန်အတွင်းဝင်ရောက်ကာ သိရိမဟာမာယာဒေဝီ မိဖုရားကြီးကို လက်ျာရစ်လှည့်လှည်ပြီးမှ မိဖုရားကြီးလက်ျာနံပ်း ကို ခွဲဖောက်ဖွင့်လှစ်လျက် ဝမ်းတိုက်တော်အတွင်းသို့ဝင်လာ သည်”

ဟု အိပ်မက်မြင်မက်လေသည်။

ဤသို့အိပ်မက်မြင်မက်သောခဏအခိုက်ကာလဝယ် ဘုရားလောင်း သေတကေတုနတ်သားသည် တုသိတာနတ်ပြည် မှ သတိသမ္ပဇဉ်တရား လက်မလွှတ်ဘဲ နတ်သက်ကြွေစုတေကာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၊ အသင်္ခါရိက ပထမ

www.dhammaransi.com



မဟာကုသိုလ်စိတ်၏ အကျိုးဝိပါက်ဖြစ်သော ပထမမဟာဝိပါက် စိတ်ဖြင့် မယ်တော်၏ဝမ်းကြာတိုက်ဝယ် ပဋိသန္ဓေစွဲကပ်နေတော်မူလေသည်။

ထိုသို့ ဘုရားလောင်းပဋိသန္ဓေစွဲကပ်တည်နေသည်နှင့် ဘစ်ပြိုင်နက်ထဲ စကြာဝဠာကမ္ဘာလောကဓာတ်တစ်သောင်းလုံးသည် ခြောက်ပါးသောအခြင်းအရာအားဖြင့် ပြင်းစွာတုန်လှုပ်လေသည်။

ဇာတိခေတ်ဖြစ်သော စကြာဝဠာပေါင်းတစ်သောင်းသော လောကဓာတ်သည်-

-အရှေ့ပိုင်းအရပ်မှမြင့်မောက်တက်ကြွလာပြီးလျှင် အနောက်ပိုင်းအရပ်မှ ညွတ်ရှိုင်းနိမ့်ကျလျက်သွားသည်။

-တစ်ဖန် အနောက်ပိုင်းအရပ်မှမြင့်မောက်တက်ကြွလာပြီးလျှင် အရှေ့ပိုင်းအရပ်မှ ညွတ်ရှိုင်းနိမ့်ကျလျက်သွားသည်။

-ဤနည်းတူ မြောက်မှတောင်၊ တောင်မှမြောက်၊ အလယ်မှအနားဝန်းကျင်၊ အနားဝန်းကျင်မှမြင့်မောက်တက်ကြွလာပြီးလျှင် အလယ်မှ ညွတ်ရှိုင်းနိမ့်ကျလျက်သွားသည်။

www.dhammaransi.com



သုဒ္ဓေါဒနမင်းကြီးသည် နံနက်မိုးသောက်သော်(၆၄) ယောက်သော ဗြာဟ္မဏပါမောက္ခဆရာကြီးတို့ကိုဆင့်ခေါ်၍ မြင့်မြတ်သောနေရာတို့ကိုခင်းကျင်းစေပြီး ထိုနေရာ၌ ပုဏ္ဏားတို့အား ထိုင်စေသည်၊ ကောင်းစွာစီမံထားအပ်သော နို့ယနာအိုးကို ရွှေခွက်အသီးသီး၌ထည့်ပြီး သုံးဆောင်စေသည်၊ ထို့နောက် အဝတ်အစားအသစ်တို့ကိုပေးခြင်း၊ နို့စားနွားမတို့ကိုပေးခြင်းတို့ကို ပြု၍ ပုဏ္ဏားတို့ကို ရောင့်ရဲနှစ်သက်စေသည်။

ထို့နောက် ညဉ့်က အိပ်မက်မက်သော မယ်တော်မာယာဒေဝီ၏အိပ်မက်ကိုပြောပြသည်။

"ထိုအိပ်မက်ကား မည်သို့သောအကျိုးအပြစ်ရှိပါသနည်း ထိုအိပ်မက်နိမိတ်ကိုဖတ်ကြားလျှောက်ထားကြကုန်လော့"

ဟု မိန့်ကြားသည်။

"အရှင်မင်းကြီး. . . တွေးကြံစိုးရိမ်တောမမူပါလင့်၊ မိဖုရားကြီး၌ ပဋိသန္ဓေတည်ပါပြီ၊ ထိုပဋိသန္ဓေတည်သောသူကား မိန်းမမဟုတ်၊ ယောကျ်ားစင်စစ်တည်း၊ အရှင်မင်းကြီးအား သားတော်ဖြစ်ထွန်းလတ့်၊ ထိုသားတော်သည် အကယ်၍ အိမ်ရာတည်ထောင်၍ လူ့ဘောင်၌နေငြားအံ့၊ လေးကျွန်းသနင်းစကြာမင်းဖြစ်လတ့်၊ အကယ်၍ အိမ်ရာတည်ထောင်လူ့ဘောင်မှ တော

www.dhammaransi.com



ထွက်၍ ရဟန်းပြုအံ့၊ လောကသုံးပါး၌ ကိလေသာအစိုးရကို ပယ်ချိုးဖွင့်လှစ်သောသဗ္ဗညုဘုရားစစ်စစ်ဖြစ်လတ့်"

ဟူ၍ ဖတ်ကြားလျှောက်ထားကြသည်။

ထို့နောက် ဆယ်လပြည့်သော် သီရိမဟာမာယာဒေဝီ မှသားတော် သိဒ္ဓတ္ထမင်းသားကိုဖွားမြင်တော်မူခဲ့ပြီး ထိုမင်းသား သည် တောထွက်ပြီး ဒုက္ကရစရိယ(၆)နှစ်ကျင့်ပြီးနောက် လောက တွင် အမြတ်ဆုံးသော သဗ္ဗညုတဘုရားရှင်အဖြစ်သို့ ရောက်ရှိခဲ့ လေသည်။

## ( ၇ ) ဘုရားလောင်း၏အိပ်မက်ကြီးငါးပါး

သိဒ္ဓတ္ထမင်းသားသည် သက်တော်(၁၆)နှစ်အရွယ်တွင် ယသော်ဓရာဒေဝီနှင့် လက်ထပ်ထိမ်းမြားပြီး ထီးနန်းစည်းစိမ်ကို ခံစားခဲ့သည်။

နောက်တွင် ဥယျာဉ်တော်ကစားထွက်ရာ၌ ပထမအကြိမ် သူအိုကိုတွေ့သည်၊ ဒုတိယအကြိမ်ထွက်စဉ် သူနာကိုတွေ့သည်၊ တတိယအကြိမ်ထွက်စဉ် သူသေကိုတွေ့သည်၊ စတုတ္ထအကြိမ် ထွက်စဉ် ရဟန်းကိုတွေ့သည်။

www.dhammaransi.com



ဤသို့လျှင် နိမိတ်ကြီးလေးပါးကိုမြင်ပြီး သံဝေဂတရားရကာ သက်တော်(၂၉)နှစ်အရွယ်တွင် ဥရုဝေဠတောသို့ထွက်၍ အစာဆင်းရဲခံကာ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူသည်။

သိဒ္ဓတ္ထမင်းသားမွေးဖွားစဉ်က ဘုရားဧကန်ဖြစ်မည် ဟု လက်ညှိုးကစ်ချောင်းထောင်ခဲ့သော ကောဏ္ဍညပုဏ္ဏားအမှူးရှိသောပဉ္စဝဂ္ဂီငါးဦးတို့က ဘုရားလောင်းတရားကျင့်နေစဉ် ပြုစုစောင့်ရှောက်ခဲ့ကြသည်၊ အစားဆင်းရဲပြီး ဒုက္ကရစရိယကျင့်ခဲ့၍ ဟ ရားမရခဲ့၍ အစားအစာပြန်စားပြီး ပြန်ကျင့်သည်။

ထိုသို့အစားပြန်စားသည်ကို ပဉ္စဝဂ္ဂီတို့က အစာမစားဘဲကျင့်ကာတောင် ဘုရားမဖြစ်ဘဲ အစာစားပြီးကျင့်သော် ဘုရားဖြစ်ဖို့မဖြစ်နိုင်ဟုအထင်လွဲကြပြီး ထိုနှစ်တန်ခူးလကွယ်နေ့တွင် ဘုရားလောင်းကိုစွန့်ခွာ၍ မိဂဒါဝုန်တောသို့ပြောင်းရွှေ့သွားကြလေသည်။

ဘုရားအလောင်းတော်သည် ကိုယ်တော်တစ်ပါးတည်း ဆိတ်ငြိမ်မှုကိုရယူ၍ (၁၅)ရက်ခန့် တရားအားထုတ်တော်မူသဖြင့် သမာဓိတိုးတက်၍ ကဆုန်လဆန်း(၁၄)ရက်နေ့ ညဥ့်သန်းခေါင်ကျော်မိုးသောက်ဘက်သို့ရောက်သောအခါ အိပ်မက်ကြီးငါးပါးကို မြင်မက်တော်မူလေသည်။

www.dhammaransi.com



မြေအပြင်ကိုအိပ်ရာပြုလျက် ဟိမဝန္တာတောင်ကို ခေါင်းအုံးလျက် အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်ကိုထားလျက် အနောက်သမုဒ္ဒရာ၌ လက်ျာလက်ကိုထားကာ တောင်သမုဒ္ဒရာ၌ခြေထောက်နှစ်ဖက်ကိုထားလျက် အိပ်စက်တော်မူရသည် ဟု မြင်မက်သည်။

(ဤအိပ်မက်မှာ သဗ္ဗညုတဉာဏ်တော်ကိုရရှိတော်မူကာ လူသုံးပါး၌ဘုရားစင်စစ်ဧကန်ဖြစ်မည် ဟု မြင်မက်သောပုဗ္ဗနိမိတ်အိပ်မက်ဖြစ်သည်)

တိရိယာမည်သောမြက်ပင်မျိုးသည် ထမ်းပိုးခန်းပမာဏရှိသည်၊ နီမြန်းသောရိုးတံဖြင့် ချက်တော်မှထွက်ပေါ်လာ၍ ကြည့်နေစဉ်မှာပင် တစ်ထွာ၊ တစ်တောင်၊ တစ်လံ၊ တစ်တာ၊ တစ်ဂါဝုတ်၊ ယူဇနာဝက်၊ တစ်ယူဇနာ ဤသို့စသည်ဖြင့် မြင့်၍-မြင့်၍ ဘက်သွားပြီးလျှင် ယူဇနာပေါင်း အထောင်များစွာ အဇဋ္ဌာပြင်မိုးကောင်းကင်ကိုခိုက်ကျက်တည်နေသည် ဟု မြင်မက်သည်။

(ဤအိပ်မက်မှာ မဇ္ဈိမပဋိပဒါဖြစ်သော အဋ္ဌင်္ဂိကမဂ္ဂင်တရားကို လူနတ်တို့အား ဟောကြားနိုင်မည် ဟုမြင်မက်သောပုဗ္ဗနိမိတ်အိပ်မက်ဖြစ်သည်)

ကိုယ်လုံးဖြူလျက် ဦးခေါင်းနက်သော ပိုးလောက်အပေါင်းတို့သည် ခြေသည်းတော်ဖျားမှ ပုဆစ်ဒူးခေါင်းတိုင်အောင် တစ္ဆတက်ရောက်ဖုံးလွှမ်းသည်ဟု မြင်မက်သည်။

www.dhammaransi.com



(ဤအိပ်မက်မှာ ဝတ်ဖြူစင်ကြယ်ဝတ်ကြသော များစွာသောလူအပေါင်းတို့ ဘုရားရှင်ကိုကိုးကွယ်ဆည်းကပ်ကာ မဟာသရဏဂုံခံယူကြမည် ဟုမြင်မက်သော ပုဗ္ဗနိမိတ်အိပ်မက်ဖြစ်သည်)

ညို၊ ရွှေ၊ နီ၊ ရော်၊ လေးဖော်သောအဆင်းရှိကြသည့်ငှက်လေးမျိုးတို့သည် အရပ်လေးမျက်နှာမှ ပျံလာကြ၍ ခြေတော်ရင်း၌ ဝပ်ဆင်းမိကြသောအခါ ငှက်လေးမျိုးလုံးပင် ကိုယ်လုံးဆွတ်ဆွတ်ဖြူကြသည် ဟု မြင်မက်သည်။

(ဤအိပ်မက်မှာ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲသားအမျိုးလေးပါးတို့မှ အမျိုးကောင်းသားတို့သည် ဘုရားရှင်၏သာသနာတော်သို့ဝင်ရောက်ရဟန်းပြုကြပြီးလျှင် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ကြမည် ဟုမြင်မက်သော ပုဗ္ဗနိမိတ်အိပ်မက်ဖြစ်ပါသည်)

ကြီးစွာသောမစင်တောင်ကြီး၏အထက်၌ ထိုမစင်ဖြင့်မလူးမလည်းဘဲ လူးလာတုံ့ခေါက်စင်္ကြံန်လျှောက်ရသည် ဟု မြင်မက်သည်။

(ဤအိပ်မက်မှာ ဘုရားဖြစ်တော်မူသောအခါ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးတို့ကိုများစွာရတော်မူရန်

www.dhammaransi.com



နှင့် ထိုပစ္စည်းလေးပါးတို့ကို တွယ်တာတပ်မက်ငြိကပ်ခြင်းမရှိဘဲ သုံးဆောင်တော်မူရမည် ဟုမြင်မက်သော ပုဗ္ဗနိမိတ်အိပ်မက် ဖြစ်ပါသည်)

ဘုရားလောင်းတော်သည် အိပ်မက်ကြီး(၅)မျိုးကို မြင်မက်သော် လျောင်းစက်ရာမှထတော်မူကာ တင်ပလ္လင်ခွေထိုင်တော်မူပြီးလျှင်-

"ငါသည် ကပိလဝတ်နေပြည်တော်၌နေစဉ်ကာလ ဤအိပ်မက်မျိုးငါးပါးကို မြင်မက်ရပါမူ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအားပြောကြားရလေရဲ့၊ ငါ၏မယ်တော်သက်တော်ထင်ရှားရှိနေလျှင်လည်း မယ်တော်အားပြောကြားရလေရဲ့၊ ယခု ဤဥရုဝေဠတောအုပ်ကြီး၌ကား ဤအိပ်မက်ကြီးများကို လက်ခံနားထောင်ကာ နိမိတ်ဖတ်ပေးမည့်သူတစ်ယောက်မျှမရှိပါချေ၊ ငါသည်ပင်လျှင် ငါ၏အိပ်မက်ကို လက်ခံနာယူကာ နိမိတ်ဖတ်ပေအံ့" ဟု ကြံစည်ပြီးလျှင် မိမိအိပ်မက်တို့ကို မိမိဘာသာ နိမိတ်ကောက်ယူပြီး ဖတ်လေသည်။

ဤသို့ဖြင့် သဗ္ဗညုတဉာဏ်တော်ရှင်ဘုရားဖြစ်ပြီးနောက် ထိုမြင်မက်သော ပုဗ္ဗနိမိတ်အိပ်မက်တို့သည် အလုံးစုံမှန်ကန်သည်သာဖြစ်တော့သည်။

www.dhammaransi.com



# ( ၈ ) ကောသလမင်း၏အိပ်မက်

မြတ်စွာဘုရားရှင်သည် ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ခိုက်ဖြစ်ပါသည်။

တစ်ညတွင် ကောသလမင်းကြီးသည် အိပ်မက်(၁၆) ချက်ကို စဉ်းစင်းကြီးမြင်မက်လေသည်။

ထိုအိပ်မက်မြင်မက်ပြီး လန့်နိုးလာပြီးလျှင် အလွန်ပင် ကြောက်လန့်တုန်လှုပ်စွာ ခံစားရလေသည်။

နံနက်တွင် ထိုအိပ်မက်အကြောင်းကို ပုရောဟိတ်ပုဏ္ဏားတို့အား အိပ်မက်၏အကောင်း-အဆိုးအကြောင်းအကျိုးတို့ကို ဖတ်ကြားစေသည်။

ပုဏ္ဏားတို့က "အလွန်ဆိုးယုတ်ကြောက်မက်ဖွယ်သော အိပ်မက်ဖြစ်ပါသည်၊ မကုစားလျှင် တိုင်းပြည်၏အန္တရာယ်၊ မိဖုရားကြီး၏အသက်အန္တရာယ်၊ အသင်မင်းကြီး၏ အသက် အန္တရာယ်၊ ဤသုံးပါးတွင် တစ်ယောက်ယောက်၏အန္တရာယ်ဖြစ်ပါလိမ့်မည်၊ ထိုအိပ်မက်တို့ကို လေးစုအပေါင်းဖြစ်သော ယာဇ် ပူဇော်မှုကိုပြုလုပ်၍ ကုစားမှ ရပါမည်" ဟု လျှောက်ထားကြသည်။

www.dhammaransi.com



မင်းကြီးသည် စိုးရိမ်တုန်လှုပ်လျက် "ငါ၏အသက်သာ လျှင်လွတ်စေ၊ သင်အလိုရှိတိုင်း ကုစားပါလေ" ဟု မိန့်တော်မူသည်။

ပုရောဟိတ်ပုဏ္ဏားတို့သည် "များစွာသောဥစ္စာလာဘ် သပ္ပကာတို့ကိုရကုန်လတ့်" ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး မြို့ပြင်၌ ယာဇ်စင်ကိုတည်ဆောက်ပြီးလျှင် အခြေ(၄)ချောင်းရှိ သောသတ္တဝါတို့ကို ယာဇ်စင်အနီးသို့ဆောင်ထားကြသည်။

ဤသို့သော ယာဇ်ပူဇော်ရန်အတွက် သတ္တဝါတို့ကို စု ဆောင်းနေကြသည်ကို မလ္လိကာမိဖုရားကြီးက မြင်လျှင်ကောသ လမင်းကြီးထံသွားပြီး အကျိုးအကြောင်းသွားရောက်မေးလျှောက် လေသည်-

"အရှင်မိဖုရား. . . သင်သည်ကား ချမ်းသာပေ၏၊ ငါ၏ နားရင်း၌သွားနေသောမြွေဟောက်ကို သင်မသိလေသလော"

"အရှင်မင်းကြီး. . . အရှင်မင်းကြီးနားသွားနေသော မြွေဟောက်ဟူသည်ကား အဘယ်ပါနည်း"

ထိုအခါ မင်းကြီးသည် မိမိအိပ်မက်မြင်ပုံနှင့်ပုရောဟိတ် ပုဏ္ဏားတို့လျှောက်ထားပုံအကြောင်းစုံနှင့်ယာဇ်ပူဇော်ရန် စီမံ ပြုလုပ်ပုံတို့ကို မလ္လိကာမိဖုရားအားပြောပြသည်။

www.dhammaransi.com



ထိုအခါ မိဖုရားကြီးက-

"အရှင်မင်းကြီး. . . သတ္တဝါတို့၏အသက်ကိုအကျိုးမဲ့ မပျက်စီးစေပါလင့်၊ လောက၌ အတတ်ဆုံး၊ အမြတ်ဆုံး ပုဏ္ဏား ဖြစ်သောဘုရားရှင်ကိုမေးကြည့်ပြီးပါပြီလော"

ဟု မေးလျှောက်သည်။

"အရှင်မိဖုရား. . ဘုရားရှင်ကို မမေးလျှောက်ရသေးပါ"

"အရှင်မင်းကြီး. . . အလုံးစုံကိုသိတော်မူသော မြတ်စွာ ဘုရားရှင်သည် အရှင်မင်းကြီးကို အကောင်းဆုံးသောကုစားနည်း ကိုညွှန်ကြားနိုင်ပါသည်၊ အရှင်မင်းကြီးလည်း သက်သာရပါမည်၊ မြတ်စွာဘုရားအား သွားရောက်လျှောက်ထားကြည့်ပါ"

ထိုအခါကျမှ မင်းကြီးသည် မိဖုရားကြီး၏တိုက်တွန်း အကြံပေးချက်အရ ဘုရားရှင်ထံသို့သွားရောက်၍ မိမိ၏အိပ်မက် အကြောင်းကို လျှောက်ထားပြလေသည်။

ထိုအခါ ဘုရားရှင်သည် ကောသလမင်းကြီးကို **နှစ်သိမ့်** စေပြီး ကောသလမင်းကြီး၏အိပ်မက်ကို တစ်ခုစီလျှောက်စေပြီး ဘုရားရှင်က အစဉ်အတိုင်းအဖြေပေးကာ မင်းကြီး၏စိတ်ကို သက်သာရစေသည်။

www.dhammaransi.com



## ပထမအကြိမ်မြောက်အိပ်မက်

"အရပ်လေးမျက်နှာမှ နွားလားဥသဘလေးကောင်သည် မင်းရင်ပြင်သို့လာရောက်ပြီး ရှေ့မည်မာန်တွန်ကျူးမြည်ကြုံးဝါး လျက် မငြေ့ဘဲရှောင်ထွက်ဖယ်ခွာကုန်သည် ဟု အိပ်မက်မြင်မက် ပါသည်ဘုရား"

"မြတ်သောမင်းကြီး. . . ဤအိပ်မက်အကျိုးသည်ကား အသင်မင်းကြီး၏လက်ထက်၌မဖြစ်ပေါ်ပါ၊ နောင်အခါ တရား မစောင့်ရှောက်ကြသောမင်းတို့လက်ထက်၌သာဖြစ်ပါလိမ့်မည်။

အိပ်မက်၏အကျိုးကား အရပ်လေးမျက်နှာမှ မိုးတို့သည် ရွာအံ့ကဲ့သို့ ထစ်ချုန်းလျက်မရွာဘဲသာလျှင် ပျောက်ပျက်ကုန် လတ့်"

ထိုအခါ ကောက်ပဲသီးနှံတို့ပျက်စီး၍ လူတို့၌အစာရေစာ ရှားပါးငတ်မွတ်ခြင်းဖြစ်လတ့်၊ အသင်မင်းကြီး၏တစ်စုံတစ်ရာ အန္တရာယ်မရှိပါ၊ ပုဏ္ဏားတို့သည် လာဘ်လာဘကိုလိုချင်ကြသော ကြောင့် ဤကဲ့သို့လျှောက်ထားစီမံကြခြင်းဖြစ်ပါသည်။

www.dhammaransi.com



## (၂)ကြိမ်မြောက်အိပ်မက်

"နုနယ်သေးငယ်သောအပင်တို့သည် ပွင့်ချိန်မရောက်သေးဘဲပွင့်ကြ၊ သီးကြသည်ကို မြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး. . . နောင်အခါ လူတို့သည် သက်တမ်းတိုသောကာလ၌ ယောက်ျား၊ မိန်းမတို့သည် ပြင်းထန်သောရာဂရှိကုန်သည်ဖြစ်၍ အသက်အရွယ်ငယ်စဉ်ကပင် အိမ်ထောင်သားမွေးခြင်းတို့ကိုပြုလတ့်"

## (၃)ကြိမ်မြောက်အိပ်မက်

"နွားမကြီးသည် မိမိ၏မွေးစဖြစ်သော နွားမငယ်၏နို့ကိုစို့သည်ဟု မြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး. . . နောင်သောအခါ ကြီးသောသူတို့အား အရိုအသေပြုခြင်း ပျောက်ကွယ်သွားသောအခါ အမိ-အဖယောက္ခမစသည်တို့သည် ကိုးကွယ်အားထားစရာမရှိကုန်သည်ဖြစ်၍ မိမိတို့၏သားသမီး၊ သမက်၊ ချွေးမ စသည်တို့ထံ၌ ကပ်ရပ်နေရ၍ ငြိုငြင်စွာဖြင့် အသက်မွေးရကုန်လတ့်"

www.dhammaransi.com



## (၄)ကြိမ်မြောက်အိပ်မက်

"လှည်းတို့၌ ဝန်ကိုဆောင်နိုင်သောနွားကြီးတို့ကို လှည်း၌ မတပ်ဆင်မကဘဲ နွားငယ်တို့ကိုသာတပ်ဆင် က,စေကုန်၏၊နွားငယ်တို့သည် ဝန်ကိုမနိုင်၍ လှည်းတို့ကိုဆွဲငင်ခြင်းငှာ မတတ်နိုင်ကုန်သည်ကိုမြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး. . . နောင်အခါ တရားမစောင့်သောမင်းတို့လက်ထက်၌ အသက်ကြီး ဝါကြီး ပညာကြီးကုန်သောသူတို့အား အမတ် တရားသူကြီးစသော ရာထူးစည်းစိမ်တို့၌ မခန့်ထားမူ၍ အသက် ဝါ ပညာငယ်ကုန်သော လူငယ်တို့အားသာ ခန့်ထားကြလိမ့်မည်။

ထိုအခါ အခွင့်အခါမသိ၊ တန်ဖိုးမသိဖြစ်ကြ၍ မတော်မမှန်ဖြစ်ကြကာ အမှုမပြီး၊ အကျိုးမပြီးရှိပါမည်၊ ထိုအခါ လူငယ်တို့သည် မိမိတို့၏ရာထူးစည်းစိမ်ကိုစွန့်ကြလိမ့်မည်၊ လူကြီးများကလည်း ငါတို့သည် ပြင်ပကသာဖြစ်သည်ဟုဆိုပြီး လျစ်လျူရှုပြု၍ နေကြလိမ့်မည်၊ သို့ဖြစ်၍ တရားမစောင့် အမှုမပြီးကြသည်နှင့် မင်းနှင့်တကွတိုင်းပြည်ပါဆုတ်ယုတ်ပျက်စီးလိမ့်မည်"

www.dhammaransi.com



## (၅)ကြိမ်မြောက်အိပ်မက်

"ပါးစပ်နှစ်ပေါက်ရှိသောမြင်းသည် ကျွေးလာသောမုယော စပါးစသည်တို့ကို ပါးစပ်နှစ်ပေါက်ဖြင့်ပင်စားသည် ဟု မြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး. . . နောင်အခါ တရားမစောင့်သော မင်းတို့လက်ထက်၌ တရားမစောင့်သောတရားသူကြီးတို့သည် နှစ်ဖက်သောအမှုသည်တို့ထံမှပေးသော တံစိုးလက်ဆောင်တို့ကို စား၍ အမှုတို့ကိုမမှန်မကန်ဆုံးဖြတ်ကြလိမ့်မည်"

## (၆)ကြိမ်မြောက်အိပ်မက်

"အဖိုးတစ်သိန်းထိုက်သောရွှေခွက်ကို မြေခွေးအားကျင်ငယ်စွန့်ရန်ပေး၏၊ မြေခွေးလည်း ထိုရွှေခွက်၏ကျင်ငယ်စွန့်သည် ဟု မြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး. . . နောင်အခါ တရားမစောင့်သော မင်းတို့၏လက်ထက်၌ အမျိုးမြတ်သောသူတို့သည် ချီးမြှောက်ခြင်း မခံရသဖြင့် ဆင်းရဲကြကုန်မည်၊ အမျိုးယုတ်သောသူတို့ အစိုးတရ ကြွယ်ဝချမ်းသာလာကြမည်။

ထိုအခါ အမျိုးမြတ်သူတို့သည် အသက်မွေးခြင်းငှာ

www.dhammaransi.com



မတတ်နိုင်ကုန်သည်ဖြစ်၍ မိမိတို့၏သမီးတို့ကို အမျိုးယုတ်တို့အားပေး၍ အသက်မွေးကြလိမ့်မည်”

## (၇)ကြိမ်မြောက်အိပ်မက်

“တစ်ယောက်ယောက်သောယောကျ်ားသည် အင်ပျဉ်၌ထိုင်လျက် လွန်ကိုကျစ်၍ ခြေရင်း၌ထားပါ၏၊ ထိုအခါ အင်ပျဉ်အောက်၌ရှိသော ဆာလောင်မွတ်သိပ်နေသော မြေခွေးမသည် ထိုပိုင်ရှင်မသိဘဲ လွန်ကိုစားပစ်၏ ဟုမြင်မက်ပါသည်ဘုရား”

“အရှင်မင်းကြီး. . . နောင်အခါ မိန်းမတို့သည် အစားအသောက်၊ အဝတ်၊ အနေအထိုင်စသည်တို့၌ လော်လည်ခြင်းရှိ၍ မိမိတို့လင်ယောကျ်ားများ ဆင်းရဲငြိုငြင်စွာ ရှာဖွေစုဆောင်းအပ်သော ဥစ္စာပစ္စည်းတို့ကို အဝတ်အစားအသောက်တို့၌လည်းကောင်း၊ သောက်စားကစားခြင်းတို့၌လည်းကောင်း၊ အပျော်အပါးတို့၌လည်းကောင်း၊ ယောကျ်ားမြှောင်လင်ငယ်ထားခြင်းတို့၌လည်းကောင်း အရမ်းမဲ့ဖြုန်းတီးပစ်ကြသည်၊ မြေခွေးမသည် မသိစဉ် စားပစ်သကဲ့သို့ မယားတို့သည် လင်ယောကျ်ားမသိစဉ် တိတ်တဆိတ်ဖြုန်းတီးခိုးစားကြသည်”

www.dhammaransi.com



## (၈) ကြိမ်မြောက်အိပ်မက်၊

"ရေမရှိသောအိုးတို့ဖြင့်ခြံရံအပ်သော ရေပြည့်အိုးကြီး တစ်လုံးကိုမြင်ရပြီးလူတို့သည် အရပ်ရှစ်မျက်နှာမှ ရေတို့ကိုယူလာ ကြပြီး ထိုရေပြည့်နေသောအိုးကြီးအတွင်းသို့သာလျှင် လောင်း ထည့်ကြ၏၊ လောင်းထည့်သောရေတို့သည် ပြည့်လျှံ၍ကျကုန် သည်။

ဤသို့လျှင် အဖန်တလဲလဲ ရေပြည့်အိုးကိုသာလောင်း လျက် ရေမရှိသောအခြံအရံအိုးတို့အတွင်းသို့ကား မည်သူမျှမ လောင်းမထည့်ဘဲနေကြသည် ဟု မြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး. . . နောင်အခါ မကောင်းယုတ်မာ သောမင်းတို့လက်ထက်၌ မင်းနှင့်တကွ လူတို့တရားပျက်ကွက်ကြ သဖြင့် ဆန်စပါးအစာအာဟာရတို့ဩဇာညှံ့ဖျင်းသဖြင့် ဆင်းရဲခြင်း သို့ရောက်ကုန်ကြလတ့ံ၊ ထိုအခါ မင်းအစိုးရတို့သည် ဆင်းရဲသား တို့အား မင်း၏အမှုစီးပွားအတွက်ကိုသာ လုပ်ကိုင်ဆောင်ရွက်စေ အံ့၊ သို့ဖြစ်၍ မင်းတို့၌သာ ဥစ္စာအစာပြည့်စုံပြီး အကျိုးခံစားရ၍ ဆင်းရဲသားတို့မှာမူ ရေမရှိသောအိုးပမာ တစ်စုံတစ်ရာမရှိ ငတ် မွတ်ခေါင်းပါးခြင်းသို့ရောက်ကြလတ့ံ"

www.dhammaransi.com



## (၉)ကြိမ်မြောက်အိပ်မက်

"နက်ရှိုင်းကျယ်ဝန်းသော ရေကန်ကြီးတစ်ခုတွင် သတ္တဝါတို့ဆင်း၍ ရေသောက်ကြ၏၊ ကန်၏အလယ်ရေနက်ရာ၌ ရေသည်နောက်၍ ကန်နားဝန်းကျင်ရေတိမ်ရာ သတ္တဝါများနင်းသွားရာ၌ ရေသည်ကြည်လင်နေသည် ဟု မြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး. . . နောင်အခါ တရားမစောင့်သော မင်းတို့သည် မတရားအုပ်စိုးခြင်း၊ တံစိုးစားခြင်း၊ လော်လည်ခြင်း၊ သနားညှာတာကရုဏာမဲ့ခြင်း၊ ကြမ်းတမ်းရက်စက်ခြင်းတို့ရှိကြလျက် လူတို့အပေါ်၌ အထူးထူးအပြားပြားသောအခြင်းအရာဖြင့် အခွန်အထုပ်တို့ကို ခွဲခန့်ကောက်ယူကြမည်။

ထိုအခါ လူတို့မှာ တစ်စုံတစ်ရာမပေးဆောင်နိုင်၊ ပင်ပန်းဆင်းရဲလျက် မြို့ကြီးရွာကြီးမနေနိုင်ဘဲ ရပ်စွန်းပြည်နားသို့ သွားရောက်နေကြလိမ့်မည်၊ ကန်လယ်တွင်နောက်၍ ကန်ဘေးတွင်ကြည်သကဲ့သို့ မြို့လယ်ရွာလယ်၌ တိတ်ဆိတ်၍ ရပ်စွန်းပြည်နယ်၌ လူစည်ကားလာပါမည်"

www.dhammaransi.com



## (၁၀)ကြိမ်မြောက်အိပ်မက်

"အိုးတစ်လုံးတည်းဖြင့် တစ်ချိန်တည်းချက်သောထမင်းသည် အချို့ပျော့၏၊ အချို့ကားမနပ်၊ အချို့ကားနပ်၏ ဟု မြင်မက်ပါသည် ဘုရား"

"အရှင်မင်းကြီး . . . နောင်တရားမစောင့်သောမင်းတို့ လက်ထက်၌ မင်းတို့တရားမစောင့်သဖြင့် မိုးကွက်ကြားရွာပါမည်။

ထိုအခါ အချို့နေရာ၌ မိုးရွာလွန်း၍ ကောက်ပဲသီးနှံပျက်ပါမည်၊ အချို့နေရာ၌ မိုးမရွာ၍ ကောက်ပဲသီးနှံပျက်ပါမည်၊ အချို့နေရာ၌ မိုးမှန်၍ ကောက်ပဲသီးနှံကောင်းပါမည်။

ဤသို့လျှင် ထမင်းအိုးတွင်မြင်သော ထမင်းကဲ့သို့ ကောက်ပဲသီးနှံသုံးထွေ သုံးမျိုး ဖြစ်လာပါမည်"

## (၁၁)ကြိမ်မြောက်အိပ်မက်

"အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနှစ်ကို ယက်တက်ပုပ်ရည်ဖြင့် ရောင်းစားသည် ဟု မြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး . . . နောင်အခါ ငါ ဘုရားရှင်၏သာသနာတော်ဆုတ်ယုတ်သောကာလတွင် လော်လည်၍ လာဘ်လာဘကိုမက်သောကုန်သောရဟန်းအလဇ္ဇီ လူအလဇ္ဇီတို့သည်

www.dhammaransi.com



ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့၌အလိုရှိသည် ဖြစ်၍ လမ်းခရီးဆုံး အိမ်ဝ အိမ်ကြိုအိမ်ကြားတို့၌ ငါဘုရား၏ တရားတော်ကိုဟောကြားကြလိမ့်မည်။

နိဗ္ဗာန်အလို့ငှာဟောတော်မူအပ်သော အလွန်မွန်မြတ်သောတရားတော်တို့ကို တစ်ပဲ၊ ကစ်မူး၊ တစ်ကျပ် စသည်တို့အကျိုးငှာရောင်းစားဟောပြောကြသည်ဖြစ်၍ တစ်သိန်းထိုက်သောစန္ဒကူးနှစ်ကိုယက်တက်ရည်ပုပ်ဖြင့် ရောင်းစားသကဲ့သို့ ဖြစ်ကြသည်"

## (၁၂)ကြိမ်မြောက်အိပ်မက်

"ဘူးတောင်းတို့သည် ရေ၌နှစ်ကုန်သည် ဟု မြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး. . . နောင်အခါ တရားမစောင့်သောမင်းတို့လက်ထက်၌ အမျိုးယုတ်မာသူတို့ကိုသာ ရာထူးစည်းစိမ်ပေးသည်ဖြစ်၍ အမျိုးယုတ်တို့တန်ခိုးအာဏာကြီးမားထင်ပေါ်အရာရာ၌တွင်ကျယ်လျက် ယင်းတို့၏စကားသာလျှင် ဘူးတောင်းနှစ်သကဲ့သို့ နစ်၍တည်ကြကုန်မည်"

www.dhammaransi.com



## (၁၃)ကြိမ်ြောက်အိပ်မက်

"ကျောက်ဖျာကြီး ရေ၌ပေါ်သည် ဟု မြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး. . . နောင်အခါ မတရားမင်းတို့လက်ထက်၌ တော်မှန်လိမ့်မှာ ပညာရှိကုန်သောသူတို့၏စကားသည် မည်သည့်အရာဌာန၌မဆို လေးသောကျောက်ဖျာရေပေါ်တွင် ပေါ်သကဲ့သို့ နှစ်မြှုပ်ခြင်းမရှိ၊ မခိုင်မမြဲရှိကြမည်ဖြစ်သည်"

## (၁၄)ကြိမ်မြောက်အိပ်မက်

"ဖားမငယ်သည် ကြီးစွာသောမြွေဟောက်ကြီးကို စားမျိုသည် ဟု မြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး. . နောင်အခါ လူတို့သည် ပြင်းပြသော တဏှာ ရာဂရှိသည်ဖြစ်၍ ကိလေသာအလိုရမ္မက်နောက်သို့ လိုက်ကြကာ ငယ်ရွယ်သောမယားတို့၏အလိုသို့ လုံးဝလိုက်ကြလိမ့်မည်။

အလုပ်အကိုင်မှု၊ ဥစ္စာပစ္စည်းမှု ကျေးကျွန်မှု စီမံခန့်ခွဲမှုစသောအရပ်ရပ်တို့၌ လင်ယောကျ်ားပေါ်တွင် ဖားမငယ်သည် အဆိပ်ပြင်းသောမြွေဟောက်ကိုမျိုသကဲ့သို့ လွှမ်းမိုးအုပ်စိုးခြင်း ပြုကြလိမ့်မည်"

www.dhammaransi.com



## (၁၅)ကြိမ်မြောက်အိပ်မက်

"အရောင်အဆင်းမည်းနက် အဆင်းဆိုးသောကျီးတို့ကို ရွှေအဆင်းရှိသောရွှေဟင်္သာမင်းတို့က ခြံရံ၍နေကြသည်ကို မြင်မက်ပါသည်ဘုရား"

"အရှင်မင်းကြီး. . . နောင်အခါ အားနည်းသောမင်းတို့၏လက်ထက်၌ ထိုမင်းတို့သည် ဆင်စီး ၊မြင်းစီးစသောအတတ်တို့၌ မလိမ္မာ၍ စစ်ထိုးခြင်း မရဲရင့်ဘဲဖြစ်ကြကုန်မည်၊ ထိုအခါတိုင်းပြည်နိုင်ငံဆုံးရှုံးမည်ကိုစိုး၍တူသောဇာတ်ရှိကုန်သော သူကောင်းသားတို့အား အစိုးရခြင်းကိုမပေးမူ၍ မိမိတို့ထံ၌ ခ,စားကုန်သော အမျိုးယုတ်သောကျေးကျွန်တို့အားသာ ပေးကြလိမ့်မည်။

သို့ဖြစ်၍ အမျိုးကောင်းသားတို့ ကိုးကွယ်ရာမရှိဘဲ အစိုးရခြင်း၌တည်သော အမျိုးယုတ်ဟို့ထံ၌ ခ,စားကြကုန်မည်"

## (၁၆)ကြိမ်မြောက်အိပ်မက်

"ဆိတ်တို့သည် သစ်ကျားတို့ကိုသတ်စားကြသဖြင့် သစ်ကျားတို့သည် ကြောက်လန့်လျက် ဆိတ်တို့ကို အဝေးမှမြင်လျှင်ပင် တောချုံရှိရာသို့ပြေးကြသည် ဟု မြင်မက်ပါသည်ဘုရား"

www.dhammaransi.com



"အရှင်မင်းကြီး. . . နောင်အခါ တရားမစောင့်သော မင်းတို့လက်ထက်၌ အမျိုးယုတ်သောသူတို့သည် အစိုးရကုန်သည်ဖြစ်၍ အမျိုးမြတ်သူတို့မထင်ရှားသည်ဖြစ်လိမ့်မည်။

အမျိုးယုတ်မာသူတို့မှာ မင်းနှင့်အကျွမ်းဝင်သည်ဖြစ်၍ တရားရုံးတို့၌ ဩဇာအာဏာလွှမ်းမိုးလျက် အမျိုးမြတ်သူတို့၏ ဘိုးဘပိုင်လယ်ယာမြေဥစ္စာအရပ်ရပ်တို့၌ သိမ်းယူကြ၍ တရားတပေါင်ဖြစ်ကြသောအခါ တန်ခိုးမဲ့သူတို့အား ဖိနှိပ်ပုတ်ခတ်ခြိမ်းခြောက်နှင်ယုတ်လျက် အနိုင်ကျင့်ကြလိမ့်မည်။

ထိုအခါ အမျိုးမြတ်သူတို့သည် ကြောက်လန့်ခြင်း၊ စက်ဆုပ်ခြင်းရှိကြကုန်သည်ဖြစ်၍ လယ်ယာဥစ္စာတို့ကို ပေးအပ်ကုန်လျက် အိမ်သို့ပြန်၍နေကြမည်။

ထို့မှတစ်ပါး အကျင့်သီလရှိသော ရဟန်းတို့သည် အကျင့်သီလမဲ့သောရဟန်းတို့က ဖိနှိပ်သဖြင့် တောသို့ပြေးဝင်ခိုအောင်းကြလိမ့်မည်။

ဤသို့လျှင် အမျိုးကောင်း သူတော်ကောင်းတို့သည် လွတ်ရာကျွတ်ရာ တော၊ တောင်များသို့ ဆိတ်ကိုကြောက်သော သစ်ကျားတို့ကဲ့သို့ ပြေးပုန်းရှောင်ကြလိမ့်မည်"

www.dhammaransi.com



ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ကောသလမင်းကြီး၏(၁၆)ချက်မက်သောအိပ်မက်တို့ကို ရှင်းလင်းဟောကြားပေးပြီး-

"အရှင်မင်းကြီး. . . တစ်စုံတစ်ရာစိုးရိမ်ခြင်းမရှိပါလင့်၊ နောင်အနာဂါတ်ဟရားမစောင့်သောမင်းတို့လက်ထက်၌သာ ဖြစ်ပါလိမ့်မည်၊ သင်၏ပုရောဟိတ်ပုဏ္ဏားတို့သည် လာဘ်ကိုလို၍ ယဇ်ပူဇော်ခြင်းဖြင့် ကုစားသင့်သည်ဟုဆိုခြင်းဖြစ်ပါသည်၊ သူ့အသက်သတ်ဖြတ်ပြီး ယာဇ်ပူဇော်ခြင်းဖြင့် အကျိုးမဖြစ်ပါ၊ အသင်မင်းကြီး၌သာ မကောင်းမှုတို့တိုးပွားဖြစ်ပေါ်လာပါလိမ့်မည်" ဟု ဟောကြားတော်မူပြီး ရှေးဗာရဏသီမင်း၏ဘဝ အိပ်မက်မြင်မက်၍ ယာဇ်ပူဇော်ရန်ပြောသောပုဏ္ဏားတို့၏တပည့်ငယ်တစ်ယောက်က ယာဇ်ပူဇော်ခြင်းကိုမနှစ်သက်၍ မင်းကြီးကို ရသေ့တစ်ပါးက ခေါ်ဆောင်သွားပြီး အိပ်မက်အကျိုးအပြစ်တို့ကို ဟောပြောစေခဲ့ခြင်းအကြောင်းကို ပြန်လည်ဟောပြောပြလေသည်။

(ဧကနိပါတ်မဟာသုပိနဇာတ်)

www.dhammaransi.com



## ( ၉ ) စဏ္ဍပဇ္ဇောတမင်း၏အိပ်မက် နှင့် ရှင်မဟာကစ္စည်း၏အဖြေ

ဥဇ္ဇေနီပြည် ဘုရင် စဏ္ဍပဇ္ဇောတမင်းသည် ပုဏ္ဏားတို့၏ စကားကို ယုံကြည်မိ၍ သားကောင်တို့ကိုသတ်၍ ယာဇ်ပူဇော်သည်၊ မတရားသဖြင့်လည်း တရားဆုံးဖြတ်သည်။

သို့အတွက် ရှင်မဟာကစ္စည်းသည် အိပ်မက်ပေး၍ လေးဂါထာဖြင့် တရားဟောကြားခဲ့ပါသည်။

နံနက်ရောက်သောအခါ ထိုမင်းသည် ရှင်မဟာကစ္စည်းကို မိမိအိပ်မက်ကို လျှောက်ထားပြလေသည်။

ရှင်မဟာကစ္စည်းက အိပ်မက်တရားဂါထာ(၄)ဂါထာနှင့် သြဝါဒဒေသနာ(၂)ဂါထာကိုထပ်မံ၍ ဟောကြားပေးခဲ့ပါသည်။

ထိုအခါကျမှ မင်းသည် မထေရ်မြတ်၏အဆုံးအမခံတည်၍ ထိုမှားယွင်းသောအမှုတို့ကို ထာဝရရှောင်ကြဉ်၍သွားလေသည်။

၁။ ပရဿုပနိဓာယ၊ ကမ္မံ မစ္စဿပါပကံ
အတ္တနာ တံ နေသေဝေယျ ကမ္မမန္တ ဗန္ဓုဟိမာတိယာ
ပရဿ-မိမိမှတစ်ပါးသော မစ္စဿ-ပုဂ္ဂိုလ်၏၊ ပါပကံ-

www.dhammaransi.com



မကောင်းမှုကို၊ ဥပနိဓာယ-အမှီပြု၍၊ အတ္တနော-ကိုယ်တိုင်၊ နသေဝေယျ-မမှီဝဲရာ(လိုက်၍မပြုရာ)၊ မာတိယာ(မစ္စာ)-သတ္တဝါတို့သည် ကမ္မဗန္ဓု-မိမိပြုအပ်သောကံသာလျှင် ဆွေမျိုးပမာ အားထားလဲလျောင်းရာ ကိုယ်ပိုင်ဥစ္စာရှိကုန်၏။

၂။ နပရေဝစနာ စောရော၊ နပရေဝစနာမုနိ
အတ္တာစနံ ယထာဝေဒိ၊ ဒေဝါပိနံတထာဝိဒူ

ပရေဝစနာ-သူတစ်ပါး၏ကဲ့ရဲ့စကားကြောင့် စောရော-ခိုးပြသူခိုးလူမိုက်သည်၊ န-မဖြစ်နိုင်၊ (ပါပစရေနေဝ-ယုတ်မာသောအကျင့်ကြောင့်သာလျှင်၊ စောရော-လူဆိုးလူမိုက်သည်၊ ဟောတိ-ဖြစ်ရာချေ၏)၊ပရေဝစနာ-သူတစ်ပါးမြှောက်ပင့်ချီးမွမ်းစကားကြောင့်၊ မုနိ-သူတော်စင်သည်၊ နဟောတိ-မဖြစ်နိုင်၊(ပြဟ္မသာရေနေဝ-မြတ်သောအကျင့်ကြောင့်သာလျှင် မုနိ-သူတော်စင်သည်၊ ဟောတိဖြစ်ရ၏)နံ-ထိုလူဆိုးလူမိုက်ကို(ဝါ)သူတော်စင်ကို အတ္တာ-ထိုသူ၏စိတ်သည် ဝေဒိယထာ-ငါသည် လူဆိုးလူမိုက်တည်း၊ သူတော်စင်တည်း ဟု ဧကန်တိတိသိသကဲ့သို့၊ ဒေဝါပိ-နတ်တို့သည်လည်း၊ ဝိဒူ-ဤကား လူဆိုး၊ ဤကား သူတော်စင်၊ ဟူ၍ သိကြကုန်၏။

www.dhammaransi.com



၃။ ပရေစ နဝိဇာနန္တိ မယမေတ္ထ ယမာမသေ
ယေစတတ္ထ ဝိဇာနန္တိ တတောသမ္မန္တိမေဓဂါ

ပရေ-ပညာရှိမှတစ်ယောက်သောသူတို့သည်၊ ဧတ္ထ-ဤ သတ္တလောက၌၊ မယံ-ငါတို့သည်၊ ယမာမ-သေကြကုန်လတ့်၊ ဣတိ-ဤသို့၊ နဇာနန္တိ-မသိကုန်၊ တတော-ထိုသို့မသိကုန်သော ကြောင့်၊ တေသံ-ထိုသေရမည်ကိုမသိသောသူတို့အား (မဆင်မခြင်သမ္ပဇဉ်မရှိသောသူတို့အား)၊ မေဓဂါ-ညှင်းဆဲတတ်သည်ဖြစ်၍ဖြစ်ကုန်သော မကောင်းသောအကျင့်ယုတ်မာကျင့်ဆိုးတို့သည်၊ နသမ္မန္တိ-မငြိမ်းကုန်၊ ပဿဝန္တိ-တိုးပွားလေကုန်၏၊ ယေစ-အကြင်ပညာရှိတို့သည်ကား၊ တတ္ထ-ထိုသတ္တလောက၌၊ မယံ-ငါတို့သည်၊ ယမာမ-ဘဝတစ်ပါးသို့ရှောင်ရှားရကုန်လတ့်၊ ဣတိ-ဤသို့၊ ဝိဇာနန္တိ-သိကုန်၏၊ တတော-ထိုသို့သေရမည်ကိုသိသောပညာရှိတို့အား ညှင်းဆဲတတ်သောအကျင့်ယုတ် အကျင့်ဆိုးတို့သည်၊ သမ္မန္တိ-ငြိမ်းပြတ်ဆိတ်သုဉ်းကုန်၏။

၄။ ဇီဝတေ ဝါပိ၊ သပ္ပညော၊ အပိဝိတ္တ ပရိက္ခယော
ပညာယစ၊ အလာဘေန၊ ဝိတ္တဝါပိ နဇီဝတိ

သပ္ပညော-ပညာရှိသည်၊ ဝိတ္တပရိက္ခယောအပိ-ဥစ္စာကုန်ခန်းပင်ပန်းဆင်းရဲပါသော်လည်း၊ ဇီဝတေပါပိ-အပြစ်မဲ့ကင်း

www.dhammaransi.com



အသက်ရှင်ခြင်းရှိသောသူသာလျှင်ဖြစ်ပေ၏၊ ဒုပ္ပညော-ပညာမရှိသောသူမိုက်သည်၊ ဝိတ္တဝါပိ-ဥစ္စာ ရွှေ ငွေပေါများပါသော်လည်း၊ ပညာယ-နှိုင်းချိန်ဆင်ခြင်နိုင်သောပညာကို၊ အလဘေန-မရရှိသောကြောင့်၊ ဥဇီဝတိ-အပြစ်မဲ့ကင်း အသက်ရှင်ခြင်းရှိသောသူမဖြစ်ပါပေ။

ရှင်မဟာကစ္စည်းသည် အိပ်မက်တရား(၄)ဂါထာကို ပြန်ဟောကြားပြီးလျှင်-

သဗ္ဗသုဏာတိသောတေန၊ သဗ္ဗံပဿတိစက္ခုနာ

နစဒိဋ္ဌံ သုတံဓိရော သဗ္ဗံဥဇ္ဈိတု မရဟတိ

-သောတေန-နားဖြင့်၊ သဗ္ဗံ-အလုံးစုံသောအသံကို သုဏာတိ-ကြား၏။

-စက္ခုနာ-မျက်စိဖြင့်၊ သဗ္ဗံ-အလုံးစုံသောအဆင်းကို၊ ပဿတိ-မြင်၏။

-ဓိရော-ပညာရှိကား၊ သဗ္ဗံ-အလုံးစုံသော၊ ဒိဋ္ဌံ-မြင်အပ်သောအဆင်းကိုလည်းကောင်း၊ သုတံ-ကြားအပ်သောအသံကို လည်းကောင်း၊ ဥစ္စိတုဝါ-စွန့်ခြင်းငှာလည်းကောင်း၊ ဂမောတုဝါ-ယူခြင်းငှာလည်းကောင်း၊

www.dhammaransi.com



နဟာရတိ- မထိုက်၊ ဥဇ္ဈိတဗ္ဗ-စွန့်အပ်သောအဆင်း အသံကို၊ ဥဇ္ဈိတုံ-စွန့်ခြင်းငှာ အရဟတိ-ထိုက်၏၊ ဂဟေတဗ္ဗံ-ယူထိုက်သောအဆင်းအသံကို၊ ဂဟေတုံ- ယူခြင်းငှာ အရဟတိ-ထိုက်၏။

**စက္ခုမာဿ ယထာ အန္ဓော သောတဝါ ဗဓိရောယထာ ပညဝါဿ ယထာမူဂေါ၊ ဗလဝါ ဒုဗ္ဗလောရိဝ အထအတ္ထေ သမုပ္ပန္နေ၊ သယေထ မတသာယိတံ**

ဓိရော-ပညာရှိသည်၊ စက္ခုမာ-မျက်စိရှိပါလျက် ဥဇ္ဈိတဗ္ဗေ-စွန့်ထိုက်သော၊ ဒိဋ္ဌေ-မြင်အပ်သောရူပါရုံ၌ အန္ဓောယထာ-သူကန်းကဲ့သို့၊ အဿ-ဖြစ်ရာ၏၊ သောတဝါ-နားရှိပါလျက်၊ ဥဇ္ဈိတဗ္ဗေ-စွန့်ထိုက်သော သုတေ-ကြားအပ်သောသဒ္ဒါရုံ၌-ဗဓိရောယထာ-နား ပင်းသောသူကဲ့သို့ အဿ-ဖြစ်ရာ၏၊ ပညာဝါ-ပြောဆို ကျွမ်းကျင်ပညာရှင်ဖြစ်ပါလျက် အဝတ္တဗ္ဗေ-မပြောသင့် သောအရာ၌၊ မူဂေါယထာ-ဆွံ့သောသူကဲ့သို့ အဿ ဖြစ်ရာ၏၊ ဗလဝါ-ခွန်အားဗလရှိပါလျက်၊ အကတ္တဗ္ဗေ- မပြုထိုက်သောအရာ၌၊ ဒုဗ္ဗလောရိဝ-ပြုလုပ်ခြင်းငှာ

www.dhammaransi.com



စွမ်းနိုင်သောအားအင်ချိနဲ့သောသူကဲ့သို့ အဃ-ဖြစ်ရာ၏၊ ဒဓာ-ထိုမှတစ်ပါး အတ္တေ-မိမိကိစ္စသည် သမုပ္ပန္နေ-ဖြစ်လာကြုံလာသည်ရှိသော် အညကိစ္စ-သူတစ်ပါးကိစ္စကို၊ အက္ကရောန္တော-မပြုလိုသည်ဖြစ်၍၊ သဗ္ဗံ-အလုံးစုံသော၊ ကိစ္စံ-ကိစ္စကို၊ ကာတုံ-ပြုခြင်းငှာ၊ အသက္ကာန္တောဝိယ-မစွမ်းနိုင်ဘိသကဲ့သို့ မတသာယိကံ-သူသေ၏အိပ်ခြင်းနှင့်တူသောအိပ်ခြင်းကို၊ ကတွာ-ပြု၍ သယက-အိပ်ရာ၏၊ သကကိစ္စံပန-မိမိကိစ္စကိုမူကား ပဋိပဒေယျ၊ ပြီးစေရာ၏။

ထေရဂါထာ/၄/ဒု-အုပ်-၁၄၈-၁၅၀

## ရှေးဘုရင်တို့၏အိပ်မက်များ

## ( ဂ ) စလေငွေးမင်း၏အိပ်မက်

သက္ကရာဇ်(၂၆၈)ခုနှစ်တွင် ပုဂံ၌ စလေငခွေးမင်းထီးနန်းတက်သည်။

ထိုမင်း၏ဘဝအကြောင်းကား သက္ကရာဇ်(၉၆)ခုနှစ်တွင် သိခ်မင်း၏သားတော်ဖြစ်ကြသော သိန်းခွန်ညီအစ်ကိုသည် ထီး

www.dhammaransi.com



နန်းလုတိုက်ခိုက်ကြသည်၊ အကိုသိန်းခွန်သည် နိုင်၍ ပုဂံ၌မင်းပြုရသည်။

ညီသည်ထွက်ပြေး၍ စလေအရပ်၌ မထင်ရှားသောအသွင်ဖြင့် ပုန်းအောင်းကာနေရသည်၊ ထိုညီတော်၏သားမှ ငခွေးကိုမွေးဖွားသည်။

ငခွေး၏မိဘတို့က မချမ်းသာကုန်လုံး ဆင်းရဲလှ၍ ငခွေးကို သူကြွယ်တစ်ယောက်အိမ်တွင် ရောင်းရလေသည်။

ငခွေးကား ကွမ်း၊ ပန်း၊ ဖယောင်း၊ လိမ်းစရာနံ့သာတို့ကိုချစ်၏၊ ဝတ်ကောင်း၊ စားကောင်းကိုချစ်၏၊ တစ်နေ့သုံးခါ ဆံကိုအမြဲဖီး၏။

သူကြွယ်သည် ငခွေးကိုဝယ်ထားသော ကျွန်အဖြစ်အမြဲနှိပ်စက်ညှင်းပန်းခိုင်းသည်။

တစ်နေ့သောအခါ ပိုင်ရှင်သူကြွယ်သည် ငခွေးကို ပုဂံသို့ကုန်လှေ၌ လှေထိုးသားအဖြစ်ထည့်သည်။

ပုဂံသို့မရောက်ခင် တစ်ညသ၌ ငခွေးသည်-

"ချက်က အူထွက်၍ ပုဂံသို့ရစ်ပတ်ရသည်"

ဟူသောအိပ်မက်ကို မြင်မက်လေသည်။

www.dhammaransi.com



မိုးသောက်လျှင် လှေထိုး၍ဆန့်တက်ခဲ့သည်၊ လှေထိုးရာဝယ် မုန်လာလင်ပန်းကိုထိုးမိ၍ ထိုးဝါးတွင်ငြိပါလာသည်၊ ခွေးသည် မုန်လာလင်ပန်းကိုမြင်လျှင်-

"ငါ၏အိပ်မက်ဖြစ်ခဲ့လှသည်၊ သည်မုန်လာလင်ပန်းနှင့်ကျေလေတော့မည်"

ဟု စဉ်းစားပြီး မုန်လာလင်ပန်းကို ရေထဲသို့ပြန်ထိုးချထားခဲ့သည်။

ပုဂံသို့ရောက်လေသော် လှေမှဆင်းပြီး မင်းဆရာဖြစ်သော ပုရောဟိတ်၏အိမ်သို့သွားလေသည်၊ ပုရောဟိတ်ပုဏ္ဏားမရှိခိုက်ဖြစ်၍ ပုဏ္ဏေးမကိုပင် မိမိ၏အိပ်မက်အကြောင်းပြောပြသည်။

"ဘုန်းကြီးမည် အသက်ရှည်မည်"

ဟူ၍သာ ပုဏ္ဏေးမက ဟောလိုက်လေသည်။

ခွေးလည်း ပုဏ္ဏေးမသည် သေသေချာချာ အိပ်မက်ကိုဖတ်မပေးဟုဆိုကာ အိမ်ပေါ်မှဆင်းလာခဲ့သည်။

ထိုခဏမှာပင် ပုရောဟိတ်ပုဏ္ဏားအိမ်ပြန်ရောက်လာပြီး

"ငါမရှိစဉ် အဘယ်သူလာသနည်း"

ဟု မေးသည်။

www.dhammaransi.com



"လုလင်တစ်ယောက် ဤကဲ့သို့အိပ်မက်ကို လာဖတ်ခိုင်း၍ ဘုန်းကြီးမည်၊ အသက်ရှည်မည် ဟု ဖတ်ပေးလိုက်ပါသည်" ဟု ပြန်ပြောပြသည်။

ပုရောဟိတ်ပုဏ္ဏားသည် အိပ်မက်အကြောင်းကိုသိသော် စိတ်ဆိုးပြီး မယား၏ဆံထုံးကိုလှီးဖြတ်ပြီး အောက်သို့ပစ်ချလိုက်လေသည်၊ ထိုခဏမှာပင် ဆံထုံးကိုမိုးကြိုးပစ်ချလေသည်။

ပုဏ္ဏားသည် အိပ်မက်လာပြောသော ငခွေးနောက်သို့ အားချင်းပြန်လိုက်ရှာသည်၊ တွေ့သောအခါ-

"အမောင်က အဘယ်အရပ်၌နေပါသနည်း"

"စလေအရပ်မှာနေပါသည်"

"အမောင်ကား အဘယ်သူ၏အမျိုးအနွယ်ပါနည်း"

"အမျိုးအနွယ်အစကိုမသိရပါ၊ ဖခင်ကမူ သိန်းခွန်၏ညီအစ်ကိုမျိုးနွယ်ဖြစ်ပါသည်"

"အမောင်.. အမောင်မြင်မက်သောအိပ်မက်သည်ကား အလွန်ဖြစ်ခဲလှ၏၊ သီတင်းသီလကိုဆောက်တည်ပါလေ၊ မကြာမတင် ပုဂံပြည်ကြီးကိုအစိုးရသောမင်းဖြစ်လတံ့၊ အမောင်မင်း ဖြစ်သောအခါ ငါ့ကိုလည်းမမေ့ပါစေနှင့်"
ဟု ပြောကြားမှာလိုက်သည်။

www.dhammaransi.com



ငခွေးသည် ကုန်စည်အရောင်းအဝယ်ပြီးလျှင် စလေသို့ ပြန်စုန်ခဲ့သည်၊ အရှင်သူကြွယ်သည် ငခွေးကိုညှင်းပန်း၍ မနိုင့် အင်ကာခိုင်းစေသည်။

ငခွေးသည် ဒဏ်မခံနိုင်၍ ပုဂံသို့ထွက်ပြေးကာ ယာန်နုက် မင်းထံဝင်ရောက်ခစားလေသည်၊ မင်းကြီးသည် ဂုလင်၏အသွင် အပြင်ကိုမြင်သော် သနားတော်မူသည်ဖြစ်၍ မြင်းခံ ခန့်တော်မူ သည်။

မင်းကြီးသည် မောင်းမငယ်တစ်ယောက်နှင့်မြင်းတင်း ကုပ်သို့ နေ့ညဉ့်မပြတ်လာကြည့်သည်၊ ငခွေးသည် ထိုမောင်းမ ငယ်နှင့်ရည်ငံပြီးလျှင် တစ်နေ့တွင် မင်းကြီးကိုမြင်းချေးတွင်းတွန်း ချကာ လုပ်ကြံသတ်ဖြတ်ပြီး မြင်းခံငခွေးသည် မိဖုရားမောင်းမ တို့ကို မိမိအလိုသို့ပါဒေ ာင် ခြိမ်းခြောက်ပြီး မင်းအဖြစ်ကို ယူလေ သည်။

(ငခွေးကား ဘုရားရှင်ကိုနေမပူစေရန် အင်ဘက်သုံးချပ် ကာပေးခဲ့ဖူးသောဘီလူးဖြစ်၍ ဘုရားရှင်က ဤပြည်၌ မင်း(၃) ကြိမ်ဖြစ်မည် ဟု ဗျာဒိတ်ပေးခံရသူဖြစ်သည်။

မင်း(၃)ဆက်ကား စလေငခွေး၊ နရသူမင်း၊ နရသီဟ ပတေ့မင်း သုံးဘဝဖြစ်သည်)

www.dhammaransi.com



ငခွေးကား ဘုန်းတန်ခိုးအာဏာကြီး၏၊ ဘီလူးဘဝမှ လာသူဖြစ်၍ အမျက်စောင်မန်ကြီးသည်၊ စလေအရပ်၌ မိမိကို နှိပ်စက်ညှင်းပန်းခဲ့သောအရှင်ကိုဖမ်း၍သတ်လေသည်၊ အရှင်နှင့် တူသောသူတို့ကိုလည်းဖမ်း၍ရလျှင် ရေကန်၌ချပြီး ဝက် ဟူ၍ ဆင်ယက်ကနေ၍ လုံ့ဖြင့်ထိုးသတ်ခဲ့သည်။

စလေငခွေး၏ မင်းဖြစ်မည်ဟူသော ပုဗ္ဗနိမိတ်အိပ်မက် သည် အမှန်ပင်ဖြစ်ခဲ့လေသည်။

## ( ၁ ) အနော်ရထာမင်းတော၏အိပ်မက်

သက္ကရာဇ်(၃၅၄)ခုနှစ်တွင် စုက္ကတေးမင်းဖြစ်သည်၊ ညီ ငယ်အနော်ရထာစော ခ,စားလေသည်၊ အနော်ရထာစော၏ မယ်တော်မြောက်ပြင်မိဖုရားကား ကျည်စိုးနှင့်စုက္ကတေးမင်းတို့ မလိမ့်တပတ်လုပ်ကာ ဘုန်းကြီးဝတ်စေသော ကြောင်ဖြူမင်းကို လုပ်ကျွေးကာ အတူနေသည်၊ အနော်ရထာစောသည်လည်း ခမည်းတော်တို့နှင့်အတူတူနေလေသည်။

တစ်ဇနေ့သော် နောင်တော်စုက္ကတေးမင်းက အနော်ရထာ စောကို ညီသားနောင်မယ် ဟူ၍ခေါ်သည်။

www.dhammaransi.com



ထိုခေါ်သောအကြောင်းကို ခမည်းတော်ကြောင်ဖြူမင်းအား လျှောက်ထားသည်-

"အမောင်. . . အမိကိုယူလို၍ဆိုခြင်းဖြစ်သည်"

ဟု ခမည်းတော်ကပြောကြားသောအခါ အနော်ရထာစောသည်ကြီးစွာသောအမျက်ထွက်သည်ဖြစ်၍ ခမည်းတော်ထံတွင်ရှိသော သိကြားဆောင်နှင်းသော မြင်းနှင့်အရိန္ဒမာလှံ၊ သီလဝံသမား၊ ပတ္တမြားလက်စွပ်၊ ပတ္တမြားဥသျှောင်တို့ကိုတောင်းလေသည်၊ ဖခင်မင်းကြီးက အလုံးစုံကိုပေးလေသည်-

"ငါမြင်းမူကား ငါ့နန်းကျကတည်းကပင်လွတ်နေသည်၊ ငါဝတ်သောလက်စွပ်ကိုပြလျှင် အဖမ်းခံလိမ့်မည်၊ ရလျှင် ဤမြင်းကိုယူ၍ ပုပ္ပားအရပ်၌အလုံးအရင်းများအောင် ဆည်းပူးလေ-အင်အားနှင့်ပြည့်စုံမှ အမောင်နောင်တော်ကိုလုပ်ကြံလေ"

ဟု မှာကြားလိုက်သည်။

အနော်ရထာစောသည် ဖခင်လက်စွပ်ပြ၍ မြင်းကိုရသော် ပုပ္ပားအရပ်သို့သွား၍ လူသူစုရုံးနေသည်၊ ထိုကာလမှာပင် စုက္ကတေးက အနော်ရထာ၏မယ်တော်ကို တော်ကောက်ပြီး မိဖုရားမြှောက်လေသည်။

www.dhammaransi.com



အနော်ရထာမင်းစောသည် အလုံးအရင်းနှင့်ပြည့်စုံသော် ပုဂံသို့ချီတက်လာပြီး နောင်တော်ကို-

"နန်းကိုတည်ပေးမည်လော၊ စစ်ပြုမည်လော"

ဟု စေလိုက်သည်။

စုက္ကတေးသည် အနော်ရထာစေသောစကားကိုကြားလျှင် ပြင်းစွာအမျက်ထွက်သည်ဖြစ်၍-

"ချင်းမျှတည်း၊ ခံတွင်းမှ နို့အစ်မစင်သေးဖြစ်သူသည် ငါ့ကိုတိုက်မည်ဆိုသော်၊ အမတ်ဗိုလ်ပါတို့ကြည့်၍သာနေစေ၊ ငါနှင့်မြင်းတစ်စီးချင်းတိုက်မည်"

ဟူ၍ မှာလိုက်သည်။

အနော်ရထာစောသည် နောင်တော်မှာလိုက်သောစကားကိုကြားသော် ဝမ်းမြောက်ဝမ်းသာဖြစ်၍ ချိန်းဆိုချက်သောနေ့သို့ရောက်လျှင် နတ်မြင်းကိုစီး၍ ခမည်းတော်ပေးသောလှံ့ဓားကိုယူပြီး သမထီးချောင်းသို့သွားသည်။

နောင်တော် စုက္ကတေးမင်းသည် အနော်ရထာစောလာသည်ကိုမြင်လျှင် ဆီး၍ကြိုနှင့်၏။

"နောင်တော်. . . ငါ့ထက်ကြီးသူဖြစ်သည်၊ အလျှင်ထိုးလေ"

www.dhammaransi.com



ဟု အနော်ရထာကဆိုသောအခါ စုက္ကတေးမင်းကလှံဖြင့်ထိုးလေသည်၊ **အနော်ရထာသည် အရိန္ဒမာလှံဖြင့်ဆီးကာ၍ ကိုယ်တော်သို့မရောက်**ဘဲ မြင်းကာဦးကိုထိုးမိလေသည်၊ စုက္ကတေးမင်းသည် ထိုသည်ကိုမြင်သော် အလွန်ကြောက်ရွံ့ခြင်းဖြစ်၍ တုန်တခိုက်ရှိလေသည်။

"နောင်တော်အလှည့်ကုန်ပြီ၊ ဤအခါ ညီတော်အလှည့်သာရှိတော့သည်၊ ခံနိုင်အောင်ခံလေ"

ဟု အရိန္ဒမာလှံဖြင့်ထိုးလျှင် ရှေ့မှသည်နောက်သို့ထွင်း၍ ထုတ်ချင်းခပ်လေသည်။

စုက္ကတေးမင်းသည် မြင်းနှင့်တကွ မြစ်နားသို့ပါ၍ အနိစ္စရောက်လေသည်၊ ထိုအရပ်ကို "မြင်းကပါ" ဟု ယခုတိုင်ခေါ်လေသည်။

အနော်ရထာစောသည် နောင်တော်ကိုလုပ်ကြံပြီးသော် ခမည်းတော်ကျောင်းသို့သွား၍ မင်းပြုပါ ဟု တောင်းပန်သည်။

"ငါ့အသက်အရွယ်ကြီးပြီ၊ အမောင်သာမင်းပြုပါလေ"

ဟု မိန့်တော်မူသည်။

သက္ကရာဇ်(၃၇၉)နှစ်တွင် အနော်ရထာ ထီးနန်းတက်သည့် ခမည်းတော်ကိုလည်း မင်းမြောက်တန်ဆာငါးပါးနှင့်တကွ

www.dhammaransi.com



မင်းဆောင်၊ မင်းယောင် မင်းခမ်းနားဖြင့် အကုန်ကျင်းပစေ၍ ရဟန်းမင်းပြုထားသည်။

အနော်ရထာသည် မင်းဖြစ်လျှင် မင်း မိဖုရား မှူးမတ် ကလန်သံပျင်းတို့နှင့် ပြည်သူပြည်သားတို့ကို တရားသဖြင့် အုပ်စိုး စီရင်လေသည်။

အနော်ရထာမင်းစောသည် နောင်တော်ကိုလုပ်ကြံမိသည်ဟူ၍ ခြောက်လတိုင်တိုင် စက်တော်မခေါ်တတ်ရှိလေသည်။

ထိုအခါ သိကြားမင်းကလာ၍ ဤသို့အိပ်မက်ပေးလေသည်၊ မင်းကြီးသည် နောင်တော်အကြီးအား ပြစ်မှားမိသောမကောင်းမှုမှ ခါင်းပါးစေလိုသော် ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များစွာတို့ကိုပြု၍ နောင်တော်အားအမျှဝေပါ ၊ ထိုမှတစ်ပါး ရေတွင်း၊ ရေကန်၊ ဆည်၊ မြောင်း၊ လယ်ယာ၊ ချောင်းတို့ကို များစွာစီရင်၍ နောင်တော်အား ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေရာသည်" ဟု အိပ်မက်ပေးလေသည်။

ထိုသို့ သိကြားမင်းထံမှအိပ်မက်ရပြီးသော် အနော်ရထာမင်းစောသည် တရားစစ် တရားမှန်ကိုရှာဖွေခဲ့ရာ နောင်တွင် ရှင်အရဟံနှင့်တွေ့မိပြီး ဗုဒ္ဓသာသနာအစစ်အမှန်ကိုလက်ခံရရှိပြီး

www.dhammaransi.com



ဗုဒ္ဓသာသနာပြုမင်းနှင့် ပထမမြန်မာနိုင်ငံထူထောင်သောမင်းကောင်းမင်းမြတ်ဖြစ်လာရသည်။

## ( ဂ ) ရခိုင်ဆရာတော်၏အိပ်မက်နှင့် မင်းဖြစ်သော သား ၃–ဦး

သက္ကရာဇ်(၆၆၂)ခုနှစ်တွင် ပုဂံမင်းဆက်ကျော်စွာကို နန်းချ၍ ရှမ်းညီနောင်များဖြစ်ကြသော အသင်္ခယာ၊ ရာဇသင်္ကြန်၊ သီဟသူတို့သည် အပြိုင်မင်းပြုကြသည်။

- အကြီးဖြစ်သော အသင်္ခယာက မြင်းစိုင်းကိုမြို့တည်၍ ထီးနန်းစိုက်သည်။
- ညီအလတ် ရာဇသင်္ကြန်က မက္ခရာမြို့တည်၍ ထီးနန်းစိုက်သည်။
- ညီအငယ် သီဟသူက ပင်လယ်မြို့၌ထီးနန်းစိုက်သည်။

ထိုသို့ ညီနောင်သုံးဦးက ကျော်စွာမင်းကိုနန်းချသော သတင်းကို ရခိုင်မင်းသည်ကြား၍ သရက်မြို့သို့ချီတက်လာပြီး သရက်မြို့ကိုလုပ်ကြံတိုက်ခိုက်သည်၊ သရက်မြို့ကျလျှင် သရက်မြို့စားမင်းရှင်စောကို သားမယားနှင့်တကွ ရခိုင်သို့ယူဆောင်သွားသည်။

www.dhammaransi.com



မင်းရှင်စောသည် ရခိုင်တွင် သားသုံးယောက်ကို ပိဋကတ်ပေဒင်တတ်သော ဆရာတော်ထံတွင်အပ်၍ ပညာသင်ကြားစေသည်၊ ဆရာတော်သည် မင်းသားသုံးယောက်နှင့်ပတ်သက်၍ တစ်ညတွင် အိပ်မက်မြင်မက်သည်မှာ-

"မင်းသားကြီးကား စမုန်ရေကိုသောက်၍ကုန်သည်"

"မင်းသားလတ်ကား ဖိုးဦးမော်ရေကိုသောက်၍ကုန်သည်"

"မင်းသားငယ်ကား ဧရာဝတီမြစ်ရေကိုသောက်၍ကုန်သည်"

ဟူ၍ အိပ်မက်မြင်မက်လေသည်။

ဆရာတော်သည် နံနက်မိုးသောက်သော် မင်းသားသုံးပါးတို့ကိုခေါ်ကာ-

"အမောင်တို့ . . . စစ်ကိုင်း ပင်းယသို့သာသွားကြကုန်၊ မင်းချည်းသာဖြစ်မည်၊ မင်းဖြစ်လျှင် ငါ့ကိုမမေ့ကြကုန်လင့်"

ဟု မိန့်တော်မူသည်။

မင်းသားတို့သည် ဆရာတော်၏စကားကို မိဘတို့အား ပြန်လည်ပြောပြကြသည်။

www.dhammaransi.com



မင်းရှင်စောသည် အခွင့်အခါကိုယူ၍ သား၊ မယားကျေးကျွန်နှင့်တကွ ရခိုင်မှထွက်ခဲ့၍ ပင်းယမြို့သို့အိုက်ရောက်လာလေသည်။

မင်းသားကြီးကား ပင်းယစကား(၇)ကျော် ဒါယကာ ဥဇနာမင်းထံတွက် ခစားရှပြီး မြင်းစိုင်းမြို့ကိုက်ကျွေးမျခံရသည်။

မင်းသားလတ်ကား ဥဇနာတွင် ခစားရ၍ ဥဇနာမရှိသော် ညီတော်ငါစီးရှင်ကျော်စွာလက်ထက်တွင် စောရန်နောင်ဟူသောအမည်ဖြင့် ပြည်မြို့ကိုက်ကျွေးချခံရသည်။

မင်းသားငယ်ကား စစ်ကိုင်းမင်းဆင်ဖြူရှင်တရဖျားထံတွင် ခ,စား၍ အမြင့်မြို့ကို က်ကျွေးချခံရသည်။

ဤသို့လျှင် မင်းရှင်စော၏သားသုံးယောက်သည် ရခိုင်ဆရာတော်၏ ပုဗ္ဗနိမိတ်အိပ်မက်အတိုင်း မြို့စားစည်းစိမ်ခံစားကြရလေသည်။

www.dhammaransi.com



# ( ဃ ) မင်းခေါင်မင်းသားငယ်၏အိပ်မက်

မြန်မာသက္ကရာဇ် (၇၂၉)ခုနှစ်တွင် မင်းကြီးစွာစော်ကဲ နန်းတက်သည်။

မင်းကြီးစွာစော်ကဲတွင် တောင်နန်း-အလယ်နန်း-မြောက်နန်းမိဖုရားများနှင့် သားတော်သမီးတော်များရှိသည်၊ ရမည်းသင်းစား သီလဝ၏နှမခင်မိကို တောင်ညာစံဒေဝီမဟေသီ မိဖုရားမြှောက်သည်။

ထိုမိဖုရားမှ သားတော်ဆင်ဖြူရှင်တရဖျား တစ်ပါးဖွား မြင်၍ အိမ်ရှေ့မင်းအရာပေးထားသည်။

နောင်တွင် မင်းကြီးစွာသည် မြောက်ဘက်ကန်စွန်းနိမ့် အသည်သမီး စောဘေဇာကိုနန်းတင်ရာ သားတော် မင်းဆွေ၊ သားတော် ရှင်သိဒ္ဓတ်နှင့် သမီးတော် မင်းမြတ်လှ(၃)ဦး ထွန်းကားခဲ့သည်။

(နောင်တွင် မင်းဆွေကား ပြင်စည်ကိုစားရသည်၊ ရှင်သိဒ္ဓတ်က စစ်ကိုင်းကိုစားရသည်၊ ရှင်မြတ်လှကား ရာဇာဓိရာဇ်၏မိဖုရားဖြစ်သည်)

www.dhammaransi.com



ခမည်းတော်မင်းကြီးစွာသည် သားတော်မင်းဆွေနှင့် မင်းသိဒ္ဓတ်တို့ကို သားတော်ကြီးအိမ်ရှေ့မင်း ဆင်ဖြူရှင်မင်းဖြစ်လာလျှင် ညှင်းဆဲရစ်တော့မည် ဟု ယခုငယ်စဉ်ကပင် သေလေရာသင့်၏-ဟူ၍ အထိန်းတော်နှစ်ယောက်နှင့်အတူ ထွန်တုံးပူ တက်မှာထားလေသည်။

ထိုမှတစ်ဖန် တောင်တွင် ကျောက်စစ်မှာထားသည်။

ထိုမှတစ်ဖန် ပတိမ်မဘဲမှာထားသည်။

ထိုအခါ အထိန်းတော်ဖြစ်သော ခင်ညိုကားငြင်း၊ ခင်ဘာ ကစည်းစုပ်တီးမှုတ်၍ နတ်ကပြပြီး ရသောလာဘ်လာဘနှင့် မင်းသားနှစ်ပါးကိုပြုစုလုပ်ကျွေးရလေသည်။

မင်းဆွေအသက်(၉)နှစ်၊ မင်းသိဒ္ဓတ်(၇)နှစ်ရှိသော် မင်းကြီးစွာသည် သားတော်နှစ်ပါးကို "ကံအားလျော်စွာဖြစ်စေတော့" ဟူ၍သဘောထားပြီး ပြန်လည်ခေါ်ယူပြီးလျှင် ပင်လယ်ကျေးသံဃာရာဇာထံတွင်အပ်၍ စာသင်ရလေသည်။

ပင်လယ်ကျေး သံဃာရာဇာသည် ပိဋကတ်၊ ဗေဒင်၊ တတ်တော်မူ၍ မင်းသားနှစ်ပါး၏ဇာတာကိုစစ်ဆေးကြည့်သည်၊ မင်းဖြစ်မည်ကိုသိ၍ အလျင်မင်းဖြစ်စေလို၍ **သိဒ္ဓနမောဗုဒ္ဓါယ**

www.dhammaransi.com



**အ** အာ ဣ ဤ ဥ ဦ **ဧ** ဩ အံ့ အား ဟူ၍ စတင်သင်တော်မူလေသည်။

မင်းဆွေ**အသက်**(၁၂)နှစ်သို့ရောက်၍ တစ်ညတွင် အိပ်မက်မြင်မက်သည်မှာ-

"မင်းသား၏အူသည်ထွက်၍ အဝမြို့ကိုရစ်ပတ်ရ၏" ဟု မြင်မက်လေသည်။

မင်းသားငယ်သည်လန့်နိုးပြီး သန်းကောင်ကျော်အချိန်တွင် ဆရာတော်ကိုနှိုး၍ အိပ်မက်အကြောင်းလျှောက်ထားသည်။

ဆရာတော်သည် ရုတ်ချည်းထ၍ မင်းသားကိုခြေနှင့်ကန်ကျောက်ရာ မင်းသားငယ်မှာတုံးလုံးလဲကျလေသည်။

"အရှင်ဘုရား. . . သို့စဉ်တိုင်အောင်ပြုတော့သည်" ဟု လျှောက်သည်။

"ငါပဥ္စင်းပျို ငါးဝါရှိစဉ်က တောင်ဘီလူးပရက္ကမမှာ စာသင်သည်လေ့လာရာတွင် ဦးထုပ်ကျသည်ကိုခြေနှင့်နင်းမိလေ၍ မင်းဆရာဖြစ်မည်မချွတ်၊ မင်းဆရာဖြစ်လျှင် တတားဦးကိုဃက်မလျှိုအမိုးနှင့် တံတားလုပ်မည်ဟူ၍ ငါ အဓိဋ္ဌာန်ရှိသည်၊ မင်းသားယခုမက်သောအိပ်မက်သည် မကြာမတင်မင်းဖြစ်မည်၊ မေ့မည်

www.dhammaransi.com



စိုး၍ ငါ၏ခြေနှင့်ကျောက်ကန်သည်၊ မင်းသားမင်းဖြစ်လျှင် တတားဦးကို ယက်မလျှိုအမိုးနှင့်လုပ်ရမည်”

ဟု မိန့်တော်မူသည်။

“စိုးရိမ်တော်မမူပါနှင့် အလိုတော်တိုင်းပြီးရပါမည်”

ဟု မင်းသားကလျှောက်သည်။

ခမည်းတော်မင်းကြီးစွာသည် သားတော်မင်းဆွေ အသက်(၁၂)နှစ်ရှိသောအခါ အဆောင်အယောင်နှင့်တကွ ပြင်စည်မြို့ကိုစားစေသည်။

မင်းခေါင်ဟူသောအမည်ကိုခံတော်မူသည်ကား-ပုဂံရွှေစည်းခုံသို့သွားသောအခါ အရှေ့တောင်ထောင့်က သိကြားမင်းပြုလုပ်အပ်သော ခြသေ့်သည် နား-ပါး-ဦးလည်ထောင်၍ အမြီးချီလျက် မြူးရွှင်ပုံပြသည်။

ထိုညတွင် မင်းခေါင်ခံလေ ဟူ၍ အိပ်မက်ပေးသောကြောင့် မင်းခေါင် ဟူသောအမည်ကိုခံယူလေသည်။

မင်းဆွေ(မင်းခေါင်)သည် နောင်တော်ဆင်ဖြူရှင်တရဖျားနတ်ရွာစံသော် မှူးမတ်တို့ညီညွတ်၍ အင်းဝထီးနန်းကိုဆက်ခံစားရလေသည်။

www.dhammaransi.com



မင်းဆွေမင်းသားငယ်၏ ပဋ္ဌနိမိတ်အိပ်မက်သည် အင်းဝတွင် ထင်ရှားသောဘုရင်မင်းခေါင်ဖြစ်ပေါ်လာလေသည်။

## ( ၄ ) ငနွဲ့ကုန်းသူကြီးသမီးခင်ဦး၏ပထမအိပ်မက်

ငနွဲ့ကုန်းသူကြီးသမီး ခင်ဦးသည် ညအခါ ပန်းဆီးမီးတို့ဖြင့် ဘုရားကိုပူဇော်လျက် ရှိခိုးဝတ်တက်ပြီးလျှင် သမ္မာဒေဝနတ်များကိုအမျှပေးဝေကာ မေတ္တာပို့ပြီးအိပ်စက်သည်။

နံနက်လွန်အားကြီးချိန်တွင် အလွန်ထူးဆန်းသော အိပ်မက်တစ်ခုကိုမြင်မက်၍ ရုတ်တရက်လန့်နိုးလေရာ အမေ အမေ ဟု အလန့်တကြားအော်မိလေသည်။

ထိုအခါ မိခင်သည် သမီး၏အခန်းသို့ပြေးဝင်ပြီး အကျိုးအကြောင်းမေးသည်။

ခင်ဦးကိုခေါ်ရန် နတ်သားတစ်ယောက်သည် မြင်းပျံတွေက,ထားသော ဝေဇယန္တာနတ်ရထားကြီးတစ်စင်းသည် အိမ်နီးမှာ ဆိုက်ရောက်လာပြီး နတ်သားက အရှင်သိကြားမင်းကအခေါ်လွှတ်၍ လာခေါ်ရပါသည် ဟုပြောပြီး ရထားပေါ်တက်ခိုင်း၍ ခင်ဦးရထားပေါ်တက်လေသည်၊ ခင်ဦးလည်း ရထားပေါ်ရောက်

www.dhammaransi.com



လျှင် နတ်ရထားကြီးသည် တာဝတိံသာနတ်ပြည်သို့တက်သွားသည်၊ သိကြားမင်းထံရောက်သော် သိကြားမင်းကဆီးကြိုပြီး သူ့မကိုရထားပေါ်မှဆင်းရန် လက်ဆင့်ကမ်းကြိုဆိုပြီး ဘုံနန်းပြသာဒ်ကြီးပေါ်သို့ခေါ်သွားသည်၊ ဘုံနန်းပြသာဒ်ပေါ်သို့ရောက်သော် အိပ်ရာကလန့်နိုးသွားခဲ့သည်။

ဤအိပ်မက်ကို ငနွဲ့ကုန်းသူကြီးကတော်က သူကြီးကတော်ကို-

"သမီးမြင်မက်သောအိပ်မက်သည် လွန်စွာကြီးကျယ်၍ မင်္ဂလာရှိလှသည်၊ မိဘမျိုးရိုးတို့၏စည်းစိမ်ချမ်းသာထက် လွန်ကဲ၍ ကြီးကျယ်မြင့်မြတ်သောစည်းစိမ်ရာထူးရမည်မချွတ်"

ဟု ပြောဆိုပြီး ရတနာသုံးပါးကိုရှိခိုးစေပြီး မေတ္တာပို့စေသည်၊ မကြာခင် ခင်ဦးသည် မင်းကြီးညို၏တော်ကောက်ခြင်းကိုခံရပြီး မိဖုရားဖြစ်လာသည်။

တပင်ရွှေထီးဝတ္ထုတော်ကြီး

www.dhammaransi.com



# ( ခ ) တပင်ရွှေထီးမင်း မိခင် ခင်ဦး၏အိပ်မက်

မြန်မာသက္ကရာဇ်(၈၇၂)ခုနှစ်တွင် မင်းကြီးညိုသည် ကေတုမတီပြည်ကိုတည်ထောင်သည်၊ ကြာအင်းတစ်ဘက်ကို လည်း ပိန္နဲ၊ သရက်အစရှိသော သီးမျိုးဥယျာဉ်၊ စပါယ်၊ ကြက်ရုံး အစရှိသော ပန်းဥယျာဉ်ကိုစိုက်ပျိုးစေသည်။

ရေအိုင်းအလယ်၌ သာယာလှပသော အိမ်တော်ကို ဆောက်သည်၊ အင်းတစ်ဘက်တန်ဆောင်မင်းတဲဆောက်ပြီးလျှင် သဘင်မပြတ်ခံတော်မူ၍စံနေသည်၊ ရဟန်းသံဃာတို့ကိုလည်း မပြတ်လှူဒါန်းသည်။

တစ်ရံရောအခါ မိုးသည်းစွာရွာ၍ ကန်တော်ပေါက်ပြီး ဆည်တော်မူမည် ဟု ဝေါနှင့်ထွက်တော်မူရာတွင် ငွေ့ယ်ကုန်း သူကြီးသမီးသည် အဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံသည်ကိုမြင် လျှင် ထိုသူငယ်မ၏ရှေး၌ပြုဖူးသောကုသိုလ်ကံအကျိုးပေးချိန် ရောက်ပြီးဖြစ်၍ အလွန်တပ်မက်တော်မူသည်။

"ဤသူငယ်မ အဘယ်သူ၏သမီးနည်း"

ဟု မေးတော်မူသည်။

www.dhammaransi.com



"ကျွန်တော်မ ငနွယ်ကုန်းသူကြီး၏သမီးပါတည်း"

ဟု လျှောက်ကြားသောအခါ သူကြီးထံတောင်၍ နန်းကင်လေသည်။။

တစ်ရံရောအခါ မင်းကြီးကိုယပ်ခတ်၍ နေရာတွင် ခြေတော်ဖက်၍အိပ်ပျော်နေစဉ် လန့်၍ကျည်ကျည်ကျားကျား ထ၍အော်ဟစ်လေသည်။

မင်းကြီးသည် နိုးတော်မူ၍-

"သူငယ်မ. . . အဘယ်နည်း"

ဟူ၍မေးတော်မူရာ ခင်ဦးက-

"အရှင်မင်းကြီး. . . အလျှံတပြောင်ပြောင်တောက်ပနေသောနေမင်းကြီးသည် ကောင်းကင်မှကျလာပြီး ကျွန်တော်မျိုးမဗိုက်ထဲဝင်သည် ဟု အိပ်မက်ပြီးလန့်နိုးကာ ကြောက်လန့်၍အော်မိပါသည်"

ဟု မိမိအိပ်မက်သောအကြောင်းလျှောက်ထားသည်။

မင်းကြီးသည် ခင်ဦး၏အိပ်မက်ကိုဆန်းစစ်ဆင်ခြင်ပြီးလျှင်-

www.dhammaransi.com



"နင့်တွင် ပဋိသန္ဓေနေလာသောသူသည် နေ လကဲ့သို့ ဘုန်းကြီးမည်၊ ယောက်ျားသားမွေးဖွားလာလျှင် နင့်ကိုငါ မိဖုရား မြှောက်မည်" ဟု မိန့်ကြားလေသည်။

နေ့လစေ့၍ သက္ကရာဇ်-၈၇၈ ခုနှစ်ကဆုန်လပြည့်ကျော် (၁)ရက် ဗုဒ္ဓဟူးနေ့ည (၄)ချက်တီးအချိန်တွင် သားတော်ကိုမွေး ဖွားသည်။

ဖွားသောအခါ မိုးသည်းထန်စွာရွာ၍ မိုးသီးရှောက်လုံး ခန့်သည်းစွာကျရောက်သည်၊ တော၊ တောင်မြို့ရွာအားလုံးလည်း မီးလျှံကဲ့သို့တောက်ပသည်။

မင်းကြီး၏ဆရာတော်သည် -

"ယနေ့တိတ်နိမိတ်ကြီးသည် တရားမင်းမြတ်မှာ တစ်စုံ တစ်ခုသောအကြောင်းရှိမည်"

ဟူ၍ မိုးသောက်လျှင် အိမ်တော်အတွင်းသို့ ကြွလာတော်မူသည်။

မင်းကြီးသည် သားတော်ဖွားမြင်ကြောင်း လျှောက်ထား သည်။

"အမည်ပေးပြီးပြီလော"

ဟု ဆရာတော်ကမေးသည်။

www.dhammaransi.com



"တပင်ရွှေထီး ဟု သမုတ်ထားပါကြောင်း"

လျှောက်ထားသည်။

"မင်းဆက်ပြတ်ပြီ" ဟု ဆရာတော်ကမိန့်ကြားသည်။

သားတော်တပင်ရွှေထီးကိုဖွားမြင်လျှင် မင်းကြီးသည် ကတိအတိုင်း မယ်တော်ကို ရာဇဒေဝီ ဟူသောအမည်ဖြင့် မိဖုရားမြှောက်တော်မူသည်။

## ( ဿ ) ဘုရင့်နောင်မင်းတရားကြီး၏ဒိပ်မက်

မြန်မာသက္ကရာဇ်(၈၇၂)ခုနှစ်တွင် တပင်ရွှေထီးသည် စစ်တောင်းစားအမတ် သမိန်စောထွတ်လုပ်ကြံ၍ နတ်ရွာစံရလေသည်။

ထိုအချိန်တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာစစ်သူကြီးသည် ရန်သူများကိုတိုက်ခိုက်ရန် ဒလတွင်ရောက်နေသည်။

ဘုရင့်နောင်သည် တပင်ရွှေထီးနတ်ရွာစံ၍ သမိန်စောထွတ်သည် သမိန်စက္ကဝေါဘွဲ့ဖြင့်မင်းပြုကြောင်း ရှင်မိဖုရားစေသော တုရင်သီဟရောက်၍ အကြောင်းမျိုးကို စေ့ငှစွာ ကြားသိတော်မူလျှင် မြန်မာအမတ် မွန်အမတ် ရှမ်းအမတ်တို့ကိုခေါ်၍ တိုင်ပင်တော်မူသည်။

www.dhammaransi.com



အမတ်များအသီးသီးတွင် အချို့က ဟံသာဝတီကိုသိမ်းယူရန် အချို့က ဒလအခိုင်အလုံလုပ်ပြီး ရပ်တည်နေရန် အကြံပြုကြသည်။

ရန်အောင်ဘိလူးဟူသောအမတ်ကမူ-

"ယခု ပြည်ရေးကိုထောက်သော် ဝါး၊ အစည်းပြေသကဲ့သို့ ကသီကရဲ ကစဥ့်ကလျား၊ မွန်၊ မြန်မာ၊ ရှမ်းတို့အစုစုရှိနေသည်၊ ဒလသည် မွန်တို့အရပ်ဖြစ်နေသည်၊ မွန်တို့အင်အားကိုထောက်သော် ပျားအုံကိုလက်မထိစောက်သကဲ့သို့ရှိချေသည်၊ ကျွန်တော်တို့မြန်မာမူကား နည်းချေသည်ဖြစ်သောကြောင့် မွန်ဒ႑မတ်တို့ကို **သစ္စာပေး၍** ဒဂုန်၊ ဒလ၊ ခနေဖြူ ဂူထွတ်၊ ဟံသာတလှိုင်စသည့်မြို့**များသို့** ကျေးစားခန့်တော်မူပြီးမှ ခမည်းတော်၏နေပြည်တော် **ကေတုမတီသို့ချီတော်မူမှသင့်မည်**"

ဟု လျှောက်**ထားသည်။**

ထိုအမ**တ်၏လျှော**က်ထားချက်ကို သဘောတူ၍ မွန်အမတ်တို့ သစ္စာပေး**၍ အနောက်**ဘက်မြို့တစ်လွှားကို ကျေးစားချည်းထည့်ခဲ့၍ အလုံးအရင်း **ဆင်**၊ မြင်းအများနှင့်ဒဂုန်သို့ကူးပြီး ကေတုမတီသို့ အပြင်း ညဥ့် နေ့မဆိုချီတက်သည်။

www.dhammaransi.com



ဟံသာဝတီသို့မဝင်ဘဲ ဒါကျည်တောင်ကိုဖြတ်၍ချီသည်၊ သမိန်စက္ကဝေါက ဗညားဒလကိုဆင်လုံး မြင်းလုံးရင်းနှင့် ဆီးကြို၍ တိုက်လာသည်ကို ရန်တုံ့မမူ၊ ခြသေ့မင်းသည် မြေခွေးငယ်ကို ရန်မပြုသကဲ့သို့ မြေခွေးဟောင်သော်လည်း မတုန်မလှုပ်သကဲ့သို့ ဆက်လက်ချီတက်သည်။

ဟင်းခနွေဟူသောအရပ်သို့ရောက်လျှင် ရှင်မိဖုရားခေါင်လည်း ဟံသာဝတီက အခြွေအရံအပေါင်းနှင့် ရွှေဝေါစီးထွက်လာသည်ကိုတွေ့တော်မူသည်၊ ထိုအခါကျမှ ညီတော် သီဟသူမင်းခေါင်သည် တောင်ငူကိုသိမ်း၍ ထီးနန်းစံ ခြားနားကြောင်းစေ့ငုံစွာ သိသည်။

ဘုရင့်နောင်သည် မြို့သစ်ရေပုပ်တပ်တော်ကို ဇေယျဝတီဟူသောအမည်သမုတ်တော်မူ၍ ဆင်လုံးမြင်းရင်းများနှင့် ဗိုလ်ဝင်ခံ၍ နေလေသည်။

နှစ်လခန့်ရှိလျှင် ညီတော်သီရိဇေယျကျော်ထင် ညီတော်အလတ် နန္ဒယော်ဓာ စသောမျူးတော် မတ်တော် ဒေါဗညားအပေါင်းတို့ကို ခေါ်တော်မူ၍ ညှိနှိုင်းသည်။

"ဟံသာဝတီကိုအရင်တိုက်ရမည်လော၊ ကေတုမတီကို အရင်တိုက်ရမည်လော"

www.dhammaransi.com



အချို့က ဟံသာဝတီကိုအရင်တိုက်သင့်သည်၊ အချို့က ကေတုမတီကို အရင်တိုက်သင့်သည် ဟု လျှောက်ကြသည်။

ထိုအခါ သီရိဇေယျနော်ရထာက-

"ယခုအရေးကိုထောက်သော် ဖြေးဖြေးနှေးနှေးလုပ်ကြံတော်မူရမည့်အရေးမဟုတ်၊ လျင်လျင်ဆောဆော စစ်ဦးဘီလူးပါလုပ်ကြံတော်မူရမည့်အရေးဖြစ်သည်၊ ညီတော်မင်းခေါင်သည် တောင်ငူနေရင်းမဟုတ် ယာယီသာဖြစ်သည်၊ အရေးအရာ မညီညွတ်ခင် ကေတုမတီသို့အလျင်ချီတော်မူ၍ လုပ်ကြံမှသင့်မည်ထင်သည်"

ဟု နားတော်လျှောက်လေသည်။

ဘုရင့်နောင်သည် သီရိဇေယျကျော်ထင်လျှောက်ထားချက်ကို"အရေးသင့်လှသည်" ဟုဆိုပြီး ကေတုမတီကိုတိုက်ရန် စီရင်သည်။

ထိုညတွင်ပင် အိပ်မက်မြင်မက်တော်မူသည်မှာ-

"သရက်တစ်ခိုင်တွင် ငါးလုံးသီးသည်၊ အကောင်းဆုံးသရက်သီးကိုဆွတ်၍ စားတော်ခေါ်သည်"

ဟူ၍မြင်မက်သည်။

www.dhammaransi.com



"ဤအိပ်မက်အလိုတော်ကား တောင်ငူကခံနေသည်မှာ အမည်လည်းမင်းခေါင်ဖြစ်သည်၊ အခေါင်မှအသီးကို ငါဆွတ်၍ စားတော်ခေါ်သည် ဟုမက်သည်၊ ဤအလိုသော် ငါသည် ဇမ္ဗူ လုံးနှင့်တကွကို အောင်တော်မူမည်မုချမလွှတ်"

ဟု နိမိတ်ဖတ်လေသည်။

နောင်တွင် ဟံသာဝတီမှ စစ်ခေါင်းဆောင်(၇)ဦးနှင့် တပ်သား(၃၀၀၀)ထောင်ကျော်၊ မုတ္တမက စစ်ခေါင်းဆောင်(၃)ဦးနှင့် တပ်သား(၁၀၀၀)ကျော်၊ တောင်ငူမင်းခေါင်ကို သစ္စာမခံသော တပ်မှူး(၄)ဦးနှင့် တပ်သားများသည် ဘုရင့်နောင်ထံသစ္စာခံ ရောက်လာကြသည်။

သက္ကရာဇ်(၉၁၂)ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၂) ရက်နေ့တွင် ကေတုမတီကိုချီတက်တိုက်ခိုက်သည်။

နောက်ဆုံးတောင်ငူမင်းခေါင်သည် ဘုရင့်နောင်ကျော်ထင်နော်ရထာကိုမခံနိုင်ဘဲ အညံ့ခံရပြီး သစ္စာရေသောက်ရတော့သည်။

www.dhammaransi.com



## ( ၉ ) အလောင်းဘုရားမိခင်၏အိပ်မက်

မြန်မာသက္ကရာဇ်(၁၀၇၅)ခုနှစ်တွင် အင်းဝ၌ စနေမင်း နန်းစံချိန်ကာလဖြစ်သည်၊ မုဆိုးဘိုမြို့ကို သီရိမဟာဓမ္မရာဇာဘွဲ့ခံ မင်းညိုစံက မြို့စားအဖြစ် စီမံကျေးချခံရသည်၊ မင်းညိုစံ၏ မဟာဒေဝီမှာ စောငြိမ်းဦးဖြစ်သည်။

သက္ကရာဇ်(၁၀၇၅)ခု နတ်တော်လဆန်း(၇)ရက်နေ့ည တွင် မဟာဒေဝီ စောငြိမ်းဦးသည် မိမိအိပ်ခန်းဆောင်တွင် အိပ် နေစဉ်-

"ဖြူစင်လှစွာသောခြသေ့်မင်းသည် သားငှက်အပေါင်း ခြေလေးချောင်းသတ္တဝါမှာ ညီညွတ်ခစားလျက် မိမိရင်ခွင်ထက် တွင် စမ့်ါယ်သည်" ဟူ၍ ပထမအိပ်မက်မြင်မက်လေသည်။

ထို့နောက် တစ်ဖန်-

"အရှေ့လောကဓာတ်မှ နေမင်းသည် ကြယ်တာရာ နက္ခတ်အပေါင်းခြံရံလျက် ထွက်လာပြီးလျှင် မုဆိုးဘိုအလယ်၌ရွာ၌ အလည်တည့်တည့်တွင် ကြယ်တာရာအပေါင်းကြွေကျကာ ဘုံနန်းနှင့်တကွတည်လျက်နေသည်"

ဟူ၍ ဒုတိယအိပ်မက်မြင်မက်လေသည်။

www.dhammaransi.com



ထို့နောက် တစ်ဖန်-

"မုဆိုးဘိုရွာက တစ်ပြိုင်နက် မီးသုံးပုံထပြီးလျှင် ဟောင်ရွာနှင့်မြောက်ရွာက မီးနှစ်ပုံတဖြည်းဖြည်းမီးရှိန်စဲပြီးနောက် အလယ်ရွာကမီးတောက်သည် မိုးပါးနိုးစွာတက်ပြီးလျှင် အရပ်ရှစ်မျက်နှာတို့ကို ထွန်းလင်းတောက်ပ၍နေသည်"

ဟူ၍ တတိယအိပ်မက်မြင်မက်ပြီး လန့်၍နိုးလေသည်။

ထိုသို့ သုံးကြိမ်တိုင်တိုင် မြင်မက်၍ ဆန်းကြယ်ထူးဆန်းသောအိပ်မက်အကြောင်းကို မဟာဒေဝီသည် နံနက်မိုးသောက်အလင်းရောက်သည့်အထိပင်မစောင့်နိုင်ဘဲ မင်းညိုစံအိပ်ရာသို့ဝင်ကာ မင်းညိုစံ၏ခြေဖဝါးကို သာယာညင်းပြောင်းစွာဆုတ်နယ်လျက်ပြုရာ မင်းညိုစံသည်လည်း စက်ရာမှနိုးလာပြီး အချိန်မတော်စက်ရာသို့ဝင်လာပြီး နိုးသည့်အကြောင်းအခြင်းအရာကို မဟာဒေဝီစောငြိမ်းဦးအား မေးလေသည်။

မဟာဒေဝီက မိမိ၏ထူးဆန်းအံ့ဩဖွယ်ကောင်းသောအိပ်မက်သုံးမျိုးအကြောင်းကို မင်းညိုစံကိုပြောပြသည်။

မင်းညိုစံမှာ ဗေဒင်ကိန်းခန်းအတော်အတန်တတ်ကျွမ်းနားလည်သူဖြစ်၍ အိပ်မက်၏သဘော အကောင်းအဆိုးအကြောင်းအကျိုးကို အတန်ကြာစဉ်းစားဆင်ခြင်ကြည့်သည်။

www.dhammaransi.com



"ရှင်မ. . . ညီအိပ်မက်အလိုနိမိတ်ဆိုရလျှင် ထူးခြားမည့် သားကောင်းရတနာရမည့်ကြောင်းဖြစ်သည်၊ မင်းလောင်းမင်း လျာဖြစ်လျှင်လည်း ဧကရာဇ်တစ်ဆူ ဟူဟူစလောက်ထွန်းပေါက် ကျော်ကြားသာသနာပြုမည့်မင်းတစ်ပါးပင်ဖြစ်ပေလိမ့်မည်၊ ခြင်္သေ့ မင်းကဲ့သို့ ရဲရင့်ခြင်းနှင့်နှိမ်နင်းအောင်မြင်မည့် ဘုန်းလက်ရုံးနှင့် ပြည့်စုံသော ယောက်ျားမြတ်အာဇာနည်ဖြစ်ရန်ရှိပေသည်" ဟု မင်းညိုစံက အိပ်မက်နိမိတ်ကိုဖတ်ပေးလေသည်။

ဤသို့ ဝမ်းမြောက်ဖွယ်ရာနိမိတ်စကားပြောကြားသည်ကို မဟာဒေဝီစောငြိမ်းမင်းကြားလျှင် လွန်မင်းစွာဝမ်းမြောက်၍ လန်းလျက်ခြုံလာသောတစ်ဘက်ကို လောဘတ်တစ်ခါ မင်းညိုစံ အား ဦးသုံးကြိမ်ချသည်၊ ထို့နောက် မိမိအိပ်ခန်းပြန်ပြီး အိပ်စက် လေသည်။

နောက်နေ့စောစောတွင် ရဟန်းသံဃာများကိုဆွမ်း လောင်းလှူခြင်းကုသိုလ်မှုတို့ကို ပြုလုပ်ဆောင်ရွက်လေသည်။

ထိုနေ့မှလွန်မြောက်ပြီး မကြာခင် မဟာဒေဝီစောငြိမ်းဦး သည် အောက်ပါချင်ခြင်းများပြင်းပြစွာဖြစ်ပေါ်ခဲ့သည်-

- သက်တော်ထင်ရှားဘုရားရှင်ကိုဖူးတွေ့လိုခြင်းဆန္ဒ

www.dhammaransi.com



- သံဃာတော်များအား နေ့စဉ်ဆွမ်းလုပ်ကျွေးလိုသော ဆန္ဒ
- ဓမ္မစကြာနှင့်ပဋ္ဌာန်းတရားကို မကြာမကြာနာကြားလိုသောဆန္ဒ
- မရှိနွမ်းပါးဆင်းရဲသားများကိုပေးကမ်းစွန့်ကြဲလိုသော ဆန္ဒ
- ကျောင်းအိုကျောင်းပျက်၊ ဘုရားအို၊ ဘုရားပျက်၊ တံတားအိုတံတားပျက်၊ ရေတွင်းရေကန်အဟောင်းတို့ကိုပြုပြင်တည်ဆောက်လိုသောဆန္ဒ

ဤဆန္ဒချင်ခြင်းများ ပြင်းပြစွာဖြစ်ပေါ်ခဲ့သည်။

မင်းညိုစံသည် မဟာဒေဝီ၏ ချင်ခြင်းတပ်ပုံများကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးခဲ့သည်။

ပဋိသန္ဓေရက်(၅)လကျော်လာသောအခါ-

- မြင့်မြတ်သောနေရာတွင်မှထိုင်ခြင်း၊ လျောင်းခြင်းကို ပြုလုပ်လေ့ရှိလာသည်။
- စိတ်မာန်ခက်ထန်ကြွလာသည်။
- ရန်သူပေါ်ပေါက်က အသွေးအသားကို စားသောက်လိုက်မည်။

ဟူသော စိတ်ရှိခြင်းများ ထူးထူးခြားခြားဖြစ်ပေါ်လာသည်။

www.dhammaransi.com



တတိယအချက်မှာ **ချက်ချင်း**ကဲ့သို့ပင်ဖြစ်သဖြင့် မကြာမကြာ မုန့်ညက်ကို လူရုပ်**သဏ္ဌာန်**လုပ်စေ၍ ပွဲတော်တည်ပေးရသည်။

၁၀၇၆-ခုနှစ်**တွင် သီရိ**ပဝရမဟာဓမ္မရာဇာဓိပတိဘွဲ့ခံ တနင်္ဂနွေမင်းသည် **ထီးနန်းဆက်**ခံခဲ့သည်။

ထိုနှစ်တော်သ**လင်းလပြည့်**ကျော်(၁)ရက် သောကြာနေ့ ညဉ့်တစ်ချက်တီးအချိန်**တွင်** မြေငလျင်ပဲ့တင်ထပ်မျှ ဆက်ခါဆက်ခါဆက်လှုပ်သည်။

ထိုနိမိတ်ထူးများဖြစ်ပေါ်နေဆဲအခါတွင် မုဆိုးဘိုမြို့စားအိမ်ဦးဆောင်တွင် ဆရာတော်သံဃာတော်(၈)ပါးသည် အင်္ဂုလိမာလသုတ်၊ အာဋာနာဋိယသုတ်၊ ပဋ္ဌာနသုတ်၊ အောင်ခြင်းရှစ်ပါးတို့ကို ရွတ်ဖတ်သရဇ္ဈာယ်နေကြရာ ဩဘာသနမော အဒ္ဓဗေယျမင်္ဂလံ ဟု ရွတ်ဆိုမိသည်နှင့်တစ်ပြိုင်နက်တည်း အတွင်းဆောင်မှ မဟာဒေဝီစောငြိမ်းဦးသည် သားကို ချောမောစွာဖွားမြင်လေသည်၊ မွေးဖွားစဉ်-

- လွယ်ကူစွာဖွားမြင်ရခြင်း
- အညစ်အကြေးသွေးစသည်မလိမ်းမကပ်ခြင်း
- အချင်းစလွယ်သိုင်းပါခြင်း

www.dhammaransi.com



- ခြေကစ၍ဖွားခြင်း
- ခြေ လက်အင်္ဂါတို့ ဆန့်တန်းလှုပ်ရှားခြင်း
- လက်ကိုဖြန့်၍ဖွားမြင်ခြင်း

တို့ဖြင့် ထူးခြားစွာဖွားမြင်လေသည်။

ဆရာတော်သံဃာတော်များက ပြည်နှာ နမောအဌရေယျ မင်္ဂလံ ရွတ်စဉ်ဖွားသောသားဖြစ်၍ မောင်အောင်ရေယျ ဟု အမည်ပေးရန်မိန့်ကြားသဖြင့် မိဘတို့က "မောင်အောင်ရေယျ" ဟူ၍အမည်ပေးခဲ့ကြသည်။

## ( ၅၂ ) ဦးအောင်ဇေယျ ဇနီး မင်းညိုစံ၏အိပ်မက်

သက္ကရာဇ်(၁၁၁၃)ခုနှစ်တွင် ဟံသာဝတီဘုရင်သည် ညီတော် ဥပရာဇာနှင့် ဗညားဒလ၊ ဒလပန်းစသောတပ်မှူး ဗိုလ်မှူး သူရဲ သူခက် လက်နက်ဆင်၊ မြင်းများနှင့်တကွ စည်းကြပ်လျက် အင်းဝကိုချီတက်တိုက်ခိုက်သည်။ တန်ခူးလဆန်း(၆)ရက်နေ့ အဝမြို့ကျဆုံး၍ ဘုရင်နှင့်တကွ **အလုံးစုံကို** မွန်တို့က သိမ်းယူလေသည်။

www.dhammaransi.com



ထိုညတွင် မုဆိုးဘိုမြို့စားမင်းညိုစံအိပ်မက်သည်မှာ-

"မိမိ၏သားတော်အောင်ဇေယျသည် ခြင်္သေ့ကိုစီး၍ ဂေဟာင်းကင်တိမ်ယံသို့တက်သည်ကို ပြည်သူအပေါင်းတို့ကြည့်ကြစဉ် ကောင်းကင်မှသက်၍ ရွှေတန်ဆာဘုရားရင်ပြင်တော်တွင် ဘုရားသခင်ကို ရှိခိုးပူဇော်သည်"

ဟူ၍ မြင်မက်လေသည်။

ထိုအိပ်မက်အရ မိမိ၏သားတော်သည် မုချကေန်စင်စစ် ဘုရင်ဖြစ်လိမ့်မည် ဟု နိမိတ်ဖတ်၍ယုံကြည်ထားလေသည်။

## ( ည ) မောင်အောင်ဇေယျ၏ အိမ်ထောင်ရှင်ဘဝ အိပ်မက်

မောင်အောင်ဇေယျ ရှင်လူထွက်၍ အသက်(၁၉)နှစ်ရှိသော် မိဘနှစ်ပါးတို့က မဟာဒေဝီစောငြိမ်းဦး၏မောင်ရင်း ဦးဖိုးမြ မယ်ပလောင်တို့မှမွေးသော သမီး(၃)ယောက်အနက် ဒုတိယ သမီးခင်ယွန်းစံနှင့်လက်ထပ်ရန် သဘောတူကြ၍ ၁၀၉၅-ခုနှစ် နတ်တော်လဆန်း(၅)ရက်နေ့တွင် လက်ထပ်မင်္ဂလာအခမ်းအနား ကို ကျင်းပခဲ့သည်။

www.dhammaransi.com



မောင်အောင်ဇေယျနှင့်ခင်ယွန်းစံတို့မှ-

ပထမသားကို ၁၀၉၆-ခုနှစ်၊ ဝါခေါင်လဆန်း(၁၁)ရက်၊ အင်္ဂါနေ့တွင်မွေးဖွားသည်၊ ပုခက်တင်မင်္ဂလာကျင်းပနေစဉ် ပိုးလောက်များတက်၍ မောင်လောက် ဟုအမည်ပေးခဲ့သည်။ (နောင်တွင် နောင်တော်ကြီးမင်းဖြစ်လာသည်)

ဒုတိယသားကို ၁၀၉၈-ခုနှစ်၊ ဝါခေါင်လဆန်း(၁၃)ရက် တနင်္ဂနွေနေ့တွင် မွေးဖွားသည်၊ ပုခက်တင်မင်္ဂလာကျင်းပနေစဉ် ပိုးရွတက်အုံ၍ မောင်ရွ ဟုအမည်ပေးခဲ့သည်။

(နောင်တွင် ဆင်ဖြူရှင်မင်းဖြစ်လာသည်)

ထိုသားကိုမောင်ရွ ဟုအမည်ပေးသောညတွင် မောင်အောင်ဇေယျသည် ဘုရားကြည်ညိုခြင်း၊ မေတ္တာပို့ခြင်းပြုပြီးလျှင် အိပ်စက်ရာသို့ဝင်ရာ သန်းကောင်ကျော်အချိန်တွင် လက်ရုံးမီးတောက်သည်ကို အိမ်မက်ကျွန်မမြင်၍ အော်ဟစ်ရာအားလုံးသိကုန်သည်၊ နှုတ်ပိတ်ခ ငွေချိန် ၁၅-စီးဖလားတစ်လုံးပေးလိုက်သည်။

တစ်ဖန် နောက်ဆုံးညဉ့်အချိန်မျောက်မျဉ်းအိပ်ပျော်ချိန်၌ အိပ်မက်သည်မှာ-

www.dhammaransi.com



"ခံတွင်းမှ အခိုးအလျှံထွက်၍ အစဉ် တစ်လံနှစ်လံ မှ တစ်စတစ်စ တစ်ရာနှစ်ရာ တစ်ထောင် တစ်ယူဇနာ နှစ်ယူဇနာ စသည်ဖြင့် အခိုးအလျှံတို့သည် အစအဆုံးကောင်းကင်သို့ တက်သည်ကိုပြည်သူပြည်သားအပေါင်းတို့ကြည့်ရှုကြသည်"

ဟု အိပ်မက်မြင်မက်ပြီးလန့်နိုးသည်။

ယင်းအိပ်မက်အရ ငါ၏ဘုန်းတန်ခိုးသည် လူ့ပြည် နတ်ပြည်တိုင်အောင်ကျော်စောမည့်မင်းဖြစ်မည် ဟု အိပ်မက်နိမိတ်ဖတ်ယူလေသည်။ သို့သော် မည်သူ့ကိုမျှပြောမပြပါချေ။

## ( ၄ ) အလောင်းဘုရား၏အိပ်မက်

(၁၁၁၄)ခုနှစ်၊ ကဆုန်လဆန်း(၈)ရက်၊ ကြာသပတေးနေ့တွင် မွန်မင်း၏ဥပရာဇာက လူသုံးဆယ်နှင့်မုဆိုးဘိုမြို့စားဗလနန္ဒကျော်စွာဘွဲ့ခံ ဦးအောင်ဇေယျထံသို့ သစ္စာတော်ပေးစေလွှတ်သည်။

အလားတူ ကွေ့ရှမ်းဂုဏ္ဏာအိမ်ကလည်း လူ(၂၀)ကျော်စေလွှတ်၍ လက်အောက်ခံရန် သစ္စာပေးစေလွှတ်သည်။

ထိုအခါ ဦးအောင်ဇေယျ၏ဖခင် ဦးမင်းညိုစံနှင့်မယ်တော်စောငြိမ်းဦးတို့က လက်နက်လူသူအင်အားများပြီး တစ်တိုင်း

www.dhammaransi.com



ပြည်လုံးနိုးပါး အုပ်စီးမိပြီးဖြစ်နေသော ပဲခူးမင်းထံသတ္တာခံရန် အကြံပြုသည်။

ဦးအောင်ဇေယျက လက်မခံဘဲ-

"မည်သည့်ကိုယ့်ချစ်းရိမ်တော်မမူကြပါနှင့်၊ ယောကျ်ား ကောင်းတို့မည်သည့်မှာ လုံ့လဝိရိယ အကြံအစည်လျော့မြဲမ ဟုတ်၊ တစ်တိုင်းပြည်လုံးခံသော်လည်း ကျွန်တော်တို့ကြောက်ရွံ့ ဖွယ်မရှိပါ၊ လူနည်းသည်များသည်က ပမာနမဟုတ်၊ လုပ်ရည် ကြံရည်သာပမာနဖြစ်သည်၊ ပြည်သူပြည်သားအကျိုး၊ သာသနာ့ တော်အကျိုး၊ ဆွေတော်မျိုးတော်တို့၏အကျိုးတို့ကိုဆောင်ရွက် ပြီးလျှင် မင်းဧကရာဇ်အဖြစ်နှင့် ခမည်းတော် မယ်တော်တို့၏ ကျေးဇူးကိုဆပ်ပါမည်"

ဟု ပြောကြားနှစ်သိမ့်ကာ ညီတော် သားတော် ဆွေတော်မျိုး တော်များနှင့် ထိုသစ္စာရေတိုက်သောသူနှစ်ဦးကိစ္စကို ညှိနှိုင်း သည်။

ဟွေ့ရှမ်းဂုဏ္ဏာအိမ်လက်ထဲ၌ မရိုးတော်ခင်ပွန်း စည်သာ မင်းကြီးရှိ၍ ပြေလည်စွာဆက်ဆံပြီးပြန်လွှတ်ရန်စီမံပြီး မွန်၊ ပဲခူး မှ သစ္စာရေလာတိုက်သူများကို လမ်းခုလတ်မှ လျှို့ဝှက်တိုက်ခိုက် သတ်ဖြတ်ရန် စီမံကြသည်။

www.dhammaransi.com



နောက်နေ့မိုးလင်းသော် သံ(၂)ဘက်ကို တွေ့ဆုံလက်ခံပြီး-

"နှစ်ဦးစလုံးသစ္စာခံရန်မဖြစ်နိုင်၊ တစ်ဦးကိုအခြားတစ်ဦးက ပျပ်ဝပ်သောအခြေ၌ ငါတို့မှာ အထွေအရာမရှိပြီ"

ဟု ပြောဆိုပြီး လက်ဆောင်ပေးကာပြန်လွှတ်သည်။

ကွေ့ရှမ်းဂုဏ္ဍာအိမ်သံတို့ကိုအကြည်အသာပြန်ပို့ပြီး ပဲခူးသံတို့ကို လမ်းတစ်ဝက်မှနေ၍ တိုက်ခိုက်သုတ်သင်ရာ (၃) ယောက်သာလွတ်မြောက်ပြီး အင်းဝသို့ပြန်ရောက်သွားသည်။

ဥပရာဇာသည် မုဆိုးဘိုက သစ္စာမခံတိုက်ခိုက်လွှတ်လိုက်သည်ကို အံ့အားသင့်ပြီး-

တည်တော၊ ဟသ်ာ၊ ကျောက်ကာ၊ သာစည်၊ ဗဒုံ၊ အမြင့် ငါးစို၊ ဇင်ရှာ၊ ခင်ဦးစသောမြို့ရွာများက သစ္စာခံပြီး ငါမုဆိုးဘိုက ထောင်ထားလေသည်ကိုအပန်းတကြီးလုပ်ကြံရတော့မည်မဟုတ်"

ဟု လက်နက်အားကိုးပြင် စစ်သူကြီးဒလပန်းကိုမြင်း(၃၀၀)၊ လူ တစ်ထောင်အုပ်ချုပ်စေ၍ မုဆိုးဘိုသာမဟုတ်ရန်ငုတ်ပေါ်သမျှ နှိမ်နင်းရန်စေလွှတ်သည်။

ဒလပန်းသည် မုဆိုးဘိုကိုနှိမ်နင်းရန် စစ်ကိုင်းတစ်ဘက် သို့ တပ်အလုံးအရင်းနှင့်ကူးလေသည်။

www.dhammaransi.com



ထိုညတွင် အလောင်းမင်းတရား ဦးအောင်ဇေယျအိပ်မက်သည်မှာ-

"ခံတွင်းတော်မှအလျှံနှင့်တကွ အငွေ့ချောင်းချောင်းထွက်၍ အရပ်ထက်ဝန်းကျင် ကောင်းကင်အပြည့်အမိုးအထိဖုံးလွှမ်း၏၊ ထိုအငွေ့ကို သားတော်တို့နှင့်အတူထွက်၍ရှုစဉ် သားတော်အိမ်ရှေ့မင်း၊ မြေဒူးမင်း၊ ဗဒုံမင်းတို့၏ခံတွင်းကလည်း အလျှံနှင့်တကွသော အငွေ့များထွက်သည်"

ဟု အိပ်မက်မြင်မက်တော်မူလေသည်။

ထိုအိပ်မက်အရ မိမိသည် ဤစစ်ပွဲကိုနိုင်၍ မုချဘုရင်ဖြစ်မည်၊ သားတော်အစဉ်အဆက်လည်း မင်းဖြစ်မည် ဟု အိပ်မက်ကိုကောက်ယူဟော်မူသည်။

ထိုအိပ်မက်အတိုင်းပင် အလောင်းဘုရား၏သားတော်အစဉ်အဆက်သည် မင်းဖြစ်ကြလေသည်။

www.dhammaransi.com



## လူဝင်စားအိပ်မက်များ

### ( ဂ ) ဓမ္မစေတီမင်း၏သား မင်းရဲကျော်စွာအိပ်မက်ပေးပုံ

ဓမ္မစေတီမင်းကြီး၏သားတော် မင်းရဲကျော်စွာသည် ကျေးကျွန်ကြီးတို့နှင့်အတူ မြို့ကထွက်သွားသည်ကို ကူနဒီဇိတ်ကို လိုက်လံဖမ်းစေသည်၊ ဖမ်းမိသောအခါ ခမည်းတော်ဓမ္မစေတီမင်းကြီးက-

"ငါ့ကိုမမြင်လို၍ ထွက်သွားလေသည်၊ ငါလည်း မမြင်လို" ဟု အမိန့်တော်ရှိသည်။

ထိုစကားကို အိမ်ရှေ့မင်းအား ကူနဒီဇိတ်က လျှောက်ထားသည်၊ ထိုအခါ အိမ်ရှေ့မင်းက-

"ဒီလိုဆိုသတ်လေ" ဟု အမိန့်ပေးလိုက်သည်။

သတ်သောအခါ မင်းရဲကျော်စွာဆုတောင်းသည်မှာ-

"ငါတွင် အပြစ်မရှိပါပဲကို ယခုအသက်ကုန်ခြင်းသို့ ရောက်ရတော့မည်၊ အပြစ်မရှိသည်မှန်ပါလျက် ဤဘဝမှစုတေသော် မြန်မာမင်းတို့၏ဝမ်း၌ဝင်၍ အရွယ်သို့ရောက်လျှင် မွန်သုံးရပ်ကိုနှိမ်နင်းညှင်းဆဲ၍ အစိုးရသည်ဖြစ်စေသော်"

www.dhammaransi.com



ဟု ဆုတောင်းပြီးမှ ဝတ်စားဆင်ယင်သမျှတန်ဆာတို့ကို ရွှေမောဓောဘုရားသို့လှူလေသည်။

မယ်တော်က သားသတ်ခံရလျှင် ငိုယိုပြီး မင်းကြီးကို လျှောက်သည်တွင် မင်းကြီးက-

"ငါမသတ်စေရ၊ အိမ်ရှေ့မင်းက ကြန္တဇိတ်ကိုသတ်လေသည်"

ဟု အမိန့်ရှိတော်မူသည်။

မိခင်မှာသောကဖြစ်ပြီး စိုးရိမ်စရာဖြစ်လာ၍ ဆရာတော်များကိုလျှောက်ထားစေရာ ဆရာတော်များက မင်းရဲကျော်စွာမိခင်ကို မင်းကြီးမှာအပြစ်မရှိကြောင်းများကိုပြောဟော၍ သားတော်အတွက်အလှူဒါနပြုပေးရန်မိန့်ကြားပြီး နှစ်သက်သက်သာရာရစေသည်။

မင်းရဲကျော်စွာသည် ငွေယ်ကုန်စား သမီးခင်ဦး ကိုယ်လုပ်တော်ထံတွင် ဝင်စားမည်ပြုသောအခါ-

"ကျွန်ုပ်သည် ဓမ္မစေတီမင်း၏သားတော် မင်းရဲကျော်စွာဖြစ်သည်၊ သင့်ထံမှာလာနေမည်"

ဟု အိပ်မက်ပေးသည်။

www.dhammaransi.com



နောက်မကြာခင် ငှနွယ်ကုန်စား သမီးခင်ဦးမှ တပင်ရွှေထီးမင်းသား မွေးဖွားလာခဲ့လေသည်။

## ( ၂ ) သုံးဘဝလူ့ဝင်စား မုံတောဆရာတော်၏ အိပ်မက်ပေးပုံ

ဟံသာဝတီရောက်မင်းတရားကြီးလက်ထက်တွင် မုံတောဆရာတော်လောင်းသည် အင်တစ်ပင်မုတောရွာ၌ မိဘများနှင့်အတူနေသည်၊ အသက်(၁၀)နှစ်အရွယ်တွင် ဘုန်းကြီးကျောင်း၌ ပညာသင်ကြားသည်။

အသက်(၁၂)နှစ်အရွယ်တွင် ကျောင်းဆင်ဝင်ကပ်၌ ခဏနေစဉ် လူတစ်ယောက်ခဲကြေးစသော လေးလံသောပစ္စည်းများထမ်းဆောင်လာနေသည်ကိုမြင်၍ အနီးသို့ရောက်လာသော်-

"ကျောင်းဒါယကာကြီး. . . ဘာပြုလို့ဒီလောက်လေးလံတဲ့ပစ္စည်းတွေကို ထမ်းပိုးလာရပါသလဲ"

ဟု လှမ်းမေးလိုက်သည်။

"သား မယားစားသုံးဖို့ ထမ်းပိုးသယ် လုပ်ကျွေးရတယ် မောင်ရင်"

ဟုဆိုသဖြင့် သံဝေဂဉာဏ်ဝင်လာပြီး သက်နိုးဝတ်ဖလေသည်။

www.dhammaransi.com



သာမဏေတစ်ဝါအရတွင် ဆွမ်းခံထွက်ရင်း ခွေးရူးကိုက်ခံရပြီး ပျံလွန်တော်မူလေသည်။

ပျံလွန်ပြီး ရက်သတ္တပါတ်အကြာတွင် ဘဝဟောင်းမိခင်ကို "အမေ့ထံပြန်လာနေပါ့မယ်၊ နေခွင့်ပေးပါ "ဟုအိပ်မက်ပေးလေသည်။

"ငါ့သားပြန်လာရင် အမေကလက်ခံမှာပေါ့၊ ပြန်သာလာပါ "

ဟု မိခင်ကပြန်ပြောပြီး လန့်နိုးလေသည်။

မကြာခင် မိခင်တွင်ကိုယ်ဝန်ရှိပြီး ရက်၊ လစေ့သော် သားယောကျ်ားလေးမွေးဖွားသည်။

အသက်(၈)နှစ်အရွယ်တွင် "ငါ့ဆရာကျောင်းသို့ပို့ပေးပါ" ဟု ပူဆာလေသည်။

"မင်းဆရာကဘယ်မှာလဲ"

ဟုမေးသောအခါ မိမိ၏ယခင်ဘဝအကြောင်းစုံကို ပြန်ပြောပြလေသည်။

အသက်(၁၀)နှစ်အရွယ်တွင် ဘုန်းကြီးကျောင်း၌ ပညာစသင်သည်၊ ကျောင်းအနီးလွှစင်၌ လွှဆွဲနေကြသောသူတို့ထံ

www.dhammaransi.com



အဖော်ကျောင်းသားများနှင့်သွားရောက်ကြည့်သည်၊ လွှစင်၌ ပင်ပန်းကြီးစွာလွှဆွဲနေသူများကိုတွေ့၍-

"ဘကြီးတို့. . ဘာပြုလို့ဒီလိုပင်ပင်ပန်းပန်းအလုပ်ကို လုပ်နေကြရတာလဲ" ဟု မေးမိသည်၊

"လူ့ဘဝမှာ ဥစ္စာပစ္စည်းမရှိလျှင် ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ကြရပြီး သားမယားကိုလုပ်ကျွေးရသည်"

ဟု ဖြေကြားသောအခါ အထုံပါရမီကြောင့် သံဝေဂစိတ်ဝင်ကာ မိဘတို့ကို ရှင်ပြုပေးရန်ပြောပြီး ရှင်သာမဏေဝတ်လေသည်။

သာမဏေ (၂)ဝါအရတွင် ကုဋီသွားရာလမ်း၌ မြွေ ဟောက်ကိုက်ခံရသဖြင့် ပျံလွန်တော်မူပြန်သည်။

သားအလောင်းကို သုဿန်၌မြှုပ်နှံပြီး မိခင်ကြီးက မျက် ရည်စက်လက်နှင့်-

"ငါ့သားမောင်ရင်ကို ပြုသမျှကုသိုလ်အဝဝအတွက် အမျှ ပေးဝေပါတယ်" ဟု မိခင်ကြီးကပြောဆိုသည်။

ထိုညတွင် မိခင်ကြီးကို-

"အမေ. . သားပြန်လာနေမယ်၊ အမေ ပြန်လက်ခံပါ နော်"ဟုအိပ်မက်ပေးပြန်သည်၊ မိခင်ကလည်း အားရဝမ်းသာစွာ-

www.dhammaransi.com



"သားလေးပြန်လာမယ်ဆိုရင် အမေတို့ကလက်ခံပါတယ်၊ ဒီတစ်ခါ သားလေးကို အန္တရာယ်မထိ၊ ဆူးမငြိအောင် စောင့်ရှောက်ပါ့မယ်"

ဟု ပြောဆိုပြီး လန့်နိုးလေသည်။

ထိုသားလေး နေ့ရက်စေ့၍ မွေးလာသောအခါ မိဘတို့က- "ဒီကလေး ငါတို့ထံတွင်ပျော်လှသည်"

ဟုဆိုပြီး အမည်ပေးသောအခါ မောင်ပျော် ဟု အမည်ပေးကြသည်။

နောင် မောင်ပျော်သည် မိမိ၏ဘဝဖြစ်စဉ်အားလုံးကို ပြန်ပြောနိုင်သည်၊ အသက်(၁၃)နှစ်အရွယ်တွင် ရှင်သာမဏေပြုသည်၊ ပိဋကတ်ရှာပေ ဆရာပေါင်းများစွာထံ၌ သင်ကြားခဲ့သည်၊ သက်တော်(၂၀)ရဟန်းဖြစ်ပြီး အမရပူရနန်းတည်မင်းတရားကြီး၏သားတော်အိမ်ရှေ့မင်းက ကိုးကွယ်ခံရခဲ့သည်။

နောင်တွင် အင်းဝမြို့အရှေ့တောင်ထောင့် မိုးထိတိုက်ကိုအလှူခံရပြီး ကျောင်းထိုင်ရသည်၊ မင်းက "ဝံသာဘိသီရိသဒ္ဓမ္မလင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု "ဘွဲ့တံဆိပ်ဆက်ကပ်ခံရသည်။

www.dhammaransi.com



အသက်(၈၀)အရွယ်တွင် လူနတ်ချမ်းသာကိုမလို၊ ခန္ဓာဝန်ကိုပစ်ချ၍ နိဗ္ဗာန်ကိုသာတောင့်တသည်၊ အကြောင်းညီညွတ်လျှင် ယခု မိခင်ထံမှာပင်ပြန်ဝင်စားလိုသည်၊ ယောက်ျားကောင်း စစ်စစ်ဖြစ်၍ ရဟန်းဘဝနှင့်သာပျော်မွေ့လိုသည်-ဟုဆုတောင်းခဲ့သည်။

သက်တော်(၈၂)နှစ်၊ သိကြာတော်(၆၂)ဝါတွင် ပျံလွန်တော်မူလေသည်။

## ( ဂ ) ဆီးတောဆရာတော်လူဝင်စား၏ အိပ်မက်ပေးပုံ

ဆီးတောဆရာတော်ကို စလင်းမြို့မှ အသည်ကြီးကုန်သည်ကြီး မိဘနှစ်ပါးမှ ဖွားမြင်ခဲ့သည်။

ဘုရင်မင်းခေါင်၏ညီတော် သတိုးကျော်စွာသည် စလင်းမြို့ကိုးစားရသော မြို့စားအဖြစ်နှင့်နေစဉ် သတိုးကျော်စွာ၏မိဖုရားသည် ဆရာတော်လောင်းလျာကို ခေါ်ယူ၍မွေးစားသည်။

သတိုးကျော်စွာမိသားစု စလင်း မှ အင်းဝသို့ ပြောင်းရွှေ့သည့်အခါ ဆရာတော်လောင်းလျာကိုခေါ်ယူသွားကာ ရှင်ပြုပေးသည်၊ အသက်(၂၀)ပြည့်သောအခါ ရဟန်းဒါယကာခံ၍ ရဟန်းပြုပေးသည်။

www.dhammaransi.com



စာပေကျမ်းဂန်မှာ ထူးကဲစွာတတ်မြောက်၍ သီလဝန္တ လင်္ကာပေသလေ၊ သိက္ခာကာမအဖြစ်ထင်ရှားကျော်ကြားလာသည့် အခါ ဘုရင်မင်းခေါင်ကလည်း အက်လက်ကိုးကွယ်ခဲ့သည်၊ ရွှေ ကျောင်းတော်လည်းတည်ဆောက်၍လှူဒါန်းသည်။

ထိုအချိန်မှစ၍ ဆီးတောဆရာတော် ရွှေကျောင်းဆရာ တော်၊ ဆီးတောဘုရင်ဆရာတော်အဖြစ် ထင်ရှားခဲ့သည်၊ ဆရာ တော်ကို သတိုးကျော်စွာ၊ ဒုတိယမင်းခေါင် သားတော်နရပတိ မင်း၊ စလုံသား၊ ဘိုးဟန်သွား၊ ခုံမိုင်းသား၊ မိုးပြဲစား၊ ကုန်းဘောင် စော်ဘွားများနှင့် သတိုးမင်းစော ဟူသော မင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့ရသည်။

ဆီးတောဆရာတော်ပျံလွန်တော်မူခါနီးတွင် စလင်းမြို့ မှာရှိသော တောင်ဖီလာဆရာတော်အဖြစ် မွေးဖွားမည့်မိခင်ထံ သို့-“ငါဆီးတောဆရာတော်ဖြစ်တယ်၊ နင့်ထံသို့ ငါလာနေအံ့” ဟူ၍ အိပ်မက်ပေးခဲ့သည်။

အိပ်မက်မက်ပြီး (၁၀)လမြောက်တွင် ဆီးတောဆရာ တော် ဝင်စားသည့် တောင်ဖီလာဆရာတော်လောင်းလျာကို ဖွား မြင်သည်။

www.dhammaransi.com



အတိတ်ဘဝ ဆရာတော်ဖြစ်စဉ်က အ့ကျင့်နှင့်ပြည့်စုံ စာတတ်ပေတတ်ဖြစ်ခဲ့၍ ယခုဘဝလည်း စာတတ် ပေတတ်ဖြစ်ကာ မကာရလောပစာကျော်ခင်ကြီးပျော်ဆရာတော်အဖြစ် ထင်ရှားခဲ့ပြီး ထိုဆရာတော်ကို ငါးဆူဒါယကာ၏သားတော်မင်းကြီးနှောင်၊ ပြည်စားရန်နိုင်မှူးတို့က ကိုးကွယ်ဆည်းကပ်ခဲ့သည်။

အနောက်ဘက်လွန်မင်း ပြည်ကိုတိုက်၍နိုင်သောအခါ-

"ငါသည် ပြည်တိုက်ပွဲ၌ ရှင်တစ်ဆူနှင့်လူတစ်ယောက် ရခဲ့သည်"

ဟု မိန့်ကြားရာ၌ ရှင်တစ်ဆူဆိုသည်မှာ ဤတောင်ဖီလာဆရာတော်ကို ဆိုလိုခြင်းဖြစ်ပါသည်။

ဆရာတော်သည် မင်းဆရာအဖြစ် အပူဇော်ခံရပြီး ရွှေစက်တော်ဘုရားဖူးမှအပြန် ပခန်းရွှေဥမင်ဆရာတော်ထံ ဝင်ရောက်ဖူးမြော်ခဲ့သည်၊ ရွှေဥမင်ဆရာတော်ကကြောက်၍ တစ်ယောက်တည်းနေသည်ဟု ဆုံးမလိုက်ရာမှ သတိသံဝေဂရပြီး ထိုမှအပြန် မင်းနေပြည်တော်မဝင်တော့ဘဲ စစ်ကိုင်းတောင်ဖီလာချောင်သို့ဝင်ပြီး တရားအားထုတ်နေခဲ့သည်။

ဘုရင်က အမျိုးသမီးငယ်တစ်ယောက်စေလွှတ်ပြီး သီလစမ်းခိုင်းရာမှ မိမိသီလစင်ကြယ်ကြောင်းကို ဓားမတို့ဖြင့်သစ္စာဆို

www.dhammaransi.com



ခဲ့သဖြင့် ဓားမကူးဆရာတော်အဖြစ် ဗုဒ္ဓသာသနာတော်၌ ထင်ရှား ခဲ့သည်။

ဆရာတော်သည် ဘုရားဆုပန်ဆရာတော်ဖြစ်၍ ဒါရိ မေတ္တေယျဘုရားထံ ဘုရားဆုဗျာဒိတ်ရရန် ဂန္ဓမာတောင်စောင့် နတ်အဖြစ်နေရန် ဆုတောင်းခဲ့သည်။

## ( ဃ ) ဆီမီးခုံဒန်းကျောင်းဆရာတော် ဦးဂန္ဓ၏ အိပ်မက်ပေးပုံ

ဦးဂန္ဓသည် ဆီမီးခုံရွာရှိ ဒန်းကျောင်း၏ကျောင်းထိုင် ဆရာတော်ဖြစ်သည်၊ ဦးဂန္ဓ၏ဆရာမှာ သုဿန်ဓုတင်ဆောက် တည်သောဆရာတော်ဦးရေဝတဖြစ်သည်၊ ဆရာတော် ဦးရေဝ တသည် သတ်သတ်လွတ်စားပြီး ဗေဒင်ဟောလေ့ရှိသည်။

ဦးဂန္ဓသည် ဆရာတော်ကို အနီးကပ်ပြုစုရသူဖြစ်သည်၊ ဆရာတော် ဦးရေဝတပျံလွန်သောအခါ ထိုဆီမီးခုံရွာ၌ဆက်လက် ကျောင်းထိုင်သည်၊ ဦးဂန္ဓသည် ကျမ်းဂန်စာပေတတ်သော်လည်း လောကီလူသားတို့၏အနုပညာကို ဝါသနာပါသည်၊ ဇာတ်လမ်း များ၊ ဇာတ်ဝင်တေးသီချင်းများ၊ ဘုရားပွဲအတွက် ယိမ်းသီချင်း များ၊ ဘုရားစေတီဘွဲ့တေးသီချင်းများ စပ်ဟပ်မှုဝါသနာပါသည်၊ ရပ်ရွာ၏သာယာရေးဖိတ်စာ၊ အလှူမင်္ဂလာဖိတ်စာ စသည်တို့ကို

www.dhammaransi.com



လည်း ရေးသားမှုဝါသနာပါ၍ ဘဝတစ်လျှောက်လုံးရေးသားပေး ခဲ့သည်။

အထူးသဖြင့် ဘပြည့်များကို အကအခုန် အဆိုအတီး များ သင်ကြားပေးမှုဝါသနာပါသည်၊ ဗေဒင်ပညာကိုလည်း ဆရာ ထံမှရခဲ့၍ ဟောပြောခဲ့သည်။

မရှိဆင်းရဲသောကလေးများကို မိမိကျောင်းတွင်လက်ခံ ၍ ကျွေးမွေးသည်၊ အဝတ်အစားဆင်ယင်ပေးသည်၊ ပညာသင် ကြားပေးလေ့ရှိသည်။

ဦးဂန္ထသည် အသည်းရောင်ရောဂါဖြင့် ပျံလွန်တော်မူပြီး မကြာခင်ပင် ငါခုန်ရွာတောင်သူကြီး၏ဇနီးထံသို့ရောက်ကာ-

“ကျုပ် ဒါယကာမကြီးအိမ်မှာ လာနေပါရစေ”

ဟု အိပ်မက်ပေးခွင့်ပန်သည်။

တောင်သူကြီးဇနီးက-

“တပည့်တော်တို့က ဆင်းရဲပါတယ်၊ မလာပါနဲ့”

ဟု လျှောက်ထားလိုက်သည်။

ထိုအခါ ဆီမီးခုံရွာသို့ဆက်သွားပြီး လက်ဘက်ရည်ဆိုင် ပိုင်ရှင် ဦးရာဇကျော်၏ဇနီး ဒေါ်အေးထံသွားကာ-

www.dhammaransi.com



"ကျုပ် ဒါယကာမကြီးအိမ်မှာ လာနေပါရစေ"

ဟု အိပ်မက်ပေးခွင့်ပန်ပြန်ရာ ထိုအခါ ဦးရာကျော်၏ဇနီးက ဝမ်းသာအားရပင် လာနေပါ ဟု ကြိုဆိုလက်ခံလေသည်။

ဦးရာကျော်+ဒေါ်အေးတို့မှာ ယခင်ကလည်း ဦးဂန္ထကို ကိုးကွယ်ခဲ့သူများဖြစ်ကြပြီး ဦးရာကျော်၏သားနှစ်ယောက်ဖြစ်သော ချစ်ကိုကိုနှင့် မောင်လှတို့ကို ဦးဂန္ထက မွေးစားခဲ့သည်၊ ဦးဂန္ထပျံလွန်တော်မူသောအခါမှ ဦးရာကျော်တို့အိမ် ပြန်ရောက်ကြသည်။

ဦးဂန္ထ လူဝင်စားဖြစ်လာသောအခါ ချစ်ကိုကိုတို့၏ ညီတစ်ဖန်ဖြစ်လာသည်။

ဦးဂန္ထပြန်ဝင်စားသောအခါ ယခင်ဘဝက ဦးဂန္ထရုပ်နှင့် တစ်ထေရာတည်းတူလေသည်။

ဦးဂန္ထပျံလွန်ကာစ ဆရာဝန်ကသွေးစစ်လို၍ ခွဲကြည့်သည်၊ ထိုနေရာ၌ အမာရွတ်ပါလာသည်။

မိမိ ယခင်ဘဝက ကျောင်းထိုင်ခဲ့သော ဒန်းကျောင်းရှိ ပစ္စည်းများအားလုံးကိုမှတ်မိသည်။

မိမိကိုယ်တိုင် လက်သမားများကို စားပွဲကုလားထိုင်အစုံ

www.dhammaransi.com



ပြုလုပ်ခိုင်းခဲ့ဖူးသည်၊ ထိုပစ္စည်းများကိုတွေ့သောအခါ ဒါတွေဟာ ဒါယကာ၊ ဒါယကာမတွေက ရေစက်ချလှူထားတာမဟုတ်ဘူး၊ ငါပိုင်ပစ္စည်းတွေဆိုကာပြန်တောင်းသည်၊ လက်ရှိဆရာတော်က ပြန်ပေးလိုက်ရသည်။

ဦးဂန္ဓာဘ ရေးစပ်ခဲ့သောသီချင်းများ စာသားများကို မှတ်မိသည်။

ယခု လူ့ဘဝရောက်လာသောပခါ မောင်ကျော်မြင့် ဟု အမည်ပေးထားသည်၊ ယခင် ဦးဂန္ဓာဘဝက အသားမဲသော်လည်း ယခုဘဝတွင် အသားဖြူသည်။

မောင်ကျော်မြင့် အသက် ကိုရင်ဝတ်ရန်အရွယ်ရောက် လာသောအခါ ယခင်က တပည့်ဖြစ်ခဲ့သော ဗိုလ်တထောင်ရှိ ပုညသုခကျောင်း ဦးခေမာထံတွင်ကိုရင်ဝတ်သည်၊ ကိုရင်(၈)ဝါ ရပြီး ပဥ္စင်းခံကာနီးတွင် လူဝတ်လဲခဲ့သည်။

လူထွက်ပြီး ရန်ကုန်မြို့တွင် ခေတ်ပုံပညာသင်ယူသည်၊ အဆင်မပြေ၍ မွေးရွာ ဆီးမီးခုံသို့ပြန်လာပြီး ဖခင်ဦးရာကျော် လက်ဘက်ရည်ဆိုင်တွင် မိဘများကိုဝိုင်းကူညီလုပ်ပေးနေတော့ သည်။

www.dhammaransi.com



# ( ၄ ) ဦးဓမ္မစာရ၏ အိပ်မက်ပေးပုံ

သိမ်ကြီးကျောင်း၊ ကျောင်းထိုင် ဘုန်းကြီး ဦးဓမ္မစာရသည် ပေါင်းတည်မြို့၊ သိမ်ကြီးရပ်(၂၆)လမ်းတွင်နေသော ဦးစံမြင့်+ ဒေါ်မယ်စံတို့၏သားသမီးများဖြစ်ကြသော ကိုအုံးမောင်+မအုံးနန်း ရွှေ၊ မသိန်းညွန့်၊ မောင်ထွန်းရွှေ၊ မောင်မောင်ရွှေ၊ မောင်မြင့်ရွှေ ဟူ၍ သားသမီးခြောက်ယောက်အနက် စတုတ္ထမြောက်သား ဖြစ်သည်။

စတုတ္ထမြောက်သား ကိုထွန်းရွှေသည် အိုးအိမ်တည် ထောင်ခြင်းမပြုဘဲ သိမ်ကြီးတောင်ကျောင်း ဆရာတော်ထံတွင် ရှင်သာမဏေဝတ်ခဲ့သည်၊ ဘွဲ့အမည်မှာ "ရှင်ဓမ္မစာရ" ဖြစ် သည်။

ရှင်ဓမ္မစာရသည် လူလောက လူဝတ်ကြောင်ဘဝသို့ ပြန်လည်မသွားတော့ဘဲ လောကုတ္တရာစာပေများကိုဆက်လက် သင်ယူခဲ့သည်၊ အသက်(၂၀)ပြည့်သောအခါ ရဟန်းဘဝသို့ကူး ပြောင်းပြီး ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သဒ္ဓမ္မဇောတိ ကာရုံကျောင်းတွင် ပရိယတ္တိစာပေများကို ဆက်လက်သင်ယူခဲ့ သည်။

www.dhammaransi.com



စာပေအတော်တတ်မြောက်လာသောအခါ သိမ်ကြီးတောင်ကျောင်းဆရာတော်အမိန့်အရ သိမ်ကြီးကျောင်းတိုက်သိမ်ကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီးအဖြစ်ဖြင့် ပြန်လည်ကျောင်းထိုင်ရသည်။

မူလဆရာတော်ဖြစ်သော သိမ်ကြီးအလယ်ကျောင်းဆရာတော်ပျံလွန်တော်မူသောအခါ တောင်ကျောင်းဆရာတော်ဦးကဿပ(ယခု မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ)ဆရာတော်ကိုပင် ဆရာသမားအဖြစ်ခံယူပြီး ဆက်လ... ဩဝါဒခံယူခဲ့သည်။

ကံကြီးဆရာတော် ဦးနန္ဒိယမိတ္တသည် ဦးဓမ္မာစာရနှင့်အလွန်ရင်းနှီးသောသူငယ်ချင်းများဖြစ်ကြသည်။

သံဃာအဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်လာသောအခါ ဦးဓမ္မာစာရသည် ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ဖြစ်လာခဲ့သည်၊ သာသနာတော်အကျိုးကိုဆောင်ရွက်နေရင်း အဆုတ်ရောဂါဖြစ်လာ၍ ရန်ကုန်သို့ဆေးကုလာစဉ် ဦးနန္ဒမိတ္တကပင် လိုက်ပါကူညီဆောင်ရွက်ပေးခဲ့သည်။

သို့သော် အဆုတ်ရောဂါက မသက်သာဘဲ ၁၃၄၉-ခုနှစ်သီတင်းကျွတ်လတွင် အဆုတ်ရောဂါဖြင့်ပင် ပျံလွန်တော်မူလေသည်။

ပျံလွန်တော်မူပြီး မကြာမီရက်တွင် တစ်ညသ၌ အစ်မကြီး ဖြစ်သူ ဒေါ်သိန်းညွန့်ကို အိပ်မက်ပေးသည်။

"အစ်မကြီး. . . အစ်မကြီး ငါအရှေ့မှာဘဲနေတော့မယ်" ဟု လာပြောပြသည်။

သိမ်ကြီး(၂၆)လမ်းအရှေ့ပိုင်းတွင် ဦးဝမ္မသာရ၏ညီ ဦးမြင့်ရွှေ+ဒေါ်သောင်းမြင့်တို့၏သား ကိုအောင်ဇော်ဝင်းနှင့် ဇနီး ဒေါ်တင်တင်ဝင်းတို့နေထိုင်ကြသည်။

အိပ်မက်ပေးပြီး (၁၀)လာအကြာတွင် မတင်တင်ဝင်း မှ ဒုတိယမြောက်သားလေးတစ်ဦးမွေးဖွားလာခဲ့သည်၊ ပထမဦး ဆုံးကလေးမှာ သမီးဖြစ်သည်၊ မနွယ်နီအောင် ဟုအမည်ပေး ထားသည်။

ဒုတိယသားက လေးကို မိဘတို့က မောင်ပြည့်စုံဟိန်း ဟု အမည်ပေးထားကြသည်။

ထိုကလေးသည် စကားပြောတတ်သောအရွယ်တွင် မိမိ ၏အတိတ်ဘဝအကြောင်းစုံကိုပြန်ပြောပြသလို အလုံးစုံကိုလည်း မှတ်မိပြီး ထောက်ပြပြောဆိုနိုင်ခဲ့သည်။

www.dhammaransi.com



# မကျွတ်မလွတ်သူများ၏ အိပ်မက်ပေးမှု

## ( ဂ ) တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ မိခင်၏ အိပ်မက်ပေးပုံ

ဘုန်းတော်ကြီးမယ်တော်နာမည်ကား ဒေါ်သေးတာဖြစ်သည်၊ မယ်တော်ကြီးသည် ဆရာသမားများ၏အဆုံးအမနှင့် ဘုန်းကြီးကိုအကြောင်းပြုပြီး ဒါန သီလမှုများမနည်းခဲ့ပေ၊ အသက်အရွယ်ရလာသည့်အခါ ဘာဝနာနှလုံးသွင်းမှုကိုလည်း တတ်နိုင်သလောက်လေ့ကျက်ခဲ့ပါသည်။

မယ်တော်ကြီးသည် ဘုန်းကြီးကချင်တောင်တန်းနှင့် ဟူးကောင်းတောင်ကြားအတွင်း သာသနာပြုခရီးစဉ်ရောက်နေချိန် ၁၃၁၄-ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်နေ့ သောကြာနေ့ ညနေ(၄)နာရီအချိန် အသက်(၈၇)နှစ်၌ ညင်သာစွာနှင့်ကွယ်လွန်သွားခဲ့သည်ဟု သိရှိရပါသည်။

သို့သော်လည်း ဒါန၊ သီလ၊ ဘာဝနာတွေရှိပေမယ့် သေကာနီးအခါမှာ ဘုန်းကြီးကိုစွဲလမ်းသော အာသန္နကံစိတ်ထားပျံ့လွင့်မှု၊ သမာဓိမခိုင်မာမှုကြောင့် ပေတဂတိခေါ်သော ပြိတ္တာဘဝရောက်သွားရရှာသည်။

www.dhammaransi.com



မယ်တော်ကြီးဆုံးကြောင်းကို ဘုန်းကြီးက သာသနာပြု ခရီးစဉ်ပြီးလို့ မြစ်ကြီးနားကနေ ရန်ကုန်သို့ပြန်ရောက်မှ ကြေးနန်း စာအရ သိရှိရသည်။

"သံသရာတစ်ကွေ့မှာတွေ့ဆုံပြီး လမ်းခွဲကြရပြန်ပြီ"ဟု ဘုန်းကြီးက တရားနှင့်ဆင်ခြင်ထားလိုက်သည်။

"သတ္တဝါမှန်သမျှ မိမိပြုသောကံမှတစ်ပါး အခြား ဘယ်သူမျှ မတတ်နိုင်၊ ကယ်နိုင်မှာ မဟုတ်၊ ကိုယ့်လမ်းခရီးကို ကိုယ်ဆက်ကြရမှာဘဲ"

ဟု မယ်တော်ကြီးအတွက်ဖြေသိမ့်ထားလိုက်မိသည်။

ဒီလိုနှင့်ပင် ဘုန်းကြီးလည်း သာသနာပြုခရီးစဉ်အရ အာသံနယ်ခြားတောင်ဘက်ခရီးဆက်လက်၍ သာသနာပြုကြရ ပြန်သည်၊ ထိုနယ်ဝေးတောင်ကြီးမှာ လှည့်လှည်ပြီး သီတင်းသုံး သာသနာပြုနေခဲ့ပါသည်။

ထိုမှတစ်ဆင့် ချင်းတောင်ပြန်ရောက်တော့ မယ်တော် ကြီး၏သတင်းကြားရပြန်ပါသည်၊ မယ်တော်ကြီးသည် ကွယ်လွန် ကာနီးအချိန်ပိုင်း မစားချင် မသောက်ချင်ဖြစ်ပြီး ကာလအတန် ကြာအိပ်ရာထဲမှာလည်း လျောင်းနေရှာသည်၊သူမ၏အိပ်ရာ ခေါင်းရင်းမှာ ဘုန်းကြီး၏ဓာတ်ပုံချိတ်ဆွဲထားပြီး ဓာတ်ပုံကိုကြည့်

www.dhammaransi.com



လိုက်၊ လက်အုပ်ချီရှိခိုးလိုက်နှင့်မျက်ရည်တွေ တွေတွေစီးကျပြီး တမှိုင်မှိုင်တတွေတွေနှင့်ဖြစ်နေသည် ဟု ပြောကြသည်။

ဘုန်းကြီး၏အစ်မကြီးဖြစ်သူ ဒေါ်ယုတို့က ပြုစုချော့မော့ပြီး ကောင်းနိုးရာရာများကို ကျွေးမွေးပြုစုသော်လည်း မစားဘဲ ငေးမောပြီးနေသည် ဟုပြောကြသည်။

ကဆုန်၊ နယုန်လ မိုးတွေ လေတွေကျလာသည့်အခါမှာ ဆိုရင်-

"ငါ့သားကြီး ဘယ်ရောက်နေပါလိမ့်မတုန်း"

ဟုဆိုပြီး မကြာမကြာရေရွတ်ပြီး မျက်ရည်ကျနေသည်။

သေကာနီးကာလမှာ ငါ့သားကြီးနှင့် တွေ့ရတော့မှာမဟုတ်ဘူးဆိုသောစိတ်နှင့် ကွယ်လွန်ခဲ့ရပုံဖြစ်သည်၊ တစ်ဘက်က ကြည့်ရင်လည်း မိဘတို့၏မေတ္တာသံယောဇဉ်၊ တစ်ဘက်က ကြည့်ရင် သံယောဇဉ်နှောင်ကြိုးမဖြတ်နိုင်ခြင်းဖြစ်သည်။

ဘုန်းကြီးလည်း တောင်ပေါ်ဒေသရောက်လျှင်ရောက်ချင်း လုပ်လက်စသာသနာပြုလုပ်ငန်းများ ကိုယ်ရေးကိုယ်တာအလုပ်များနှင့်ပဲ တစ်နေ့ပြီးတစ်နေ့အချိန်ကုန်မှန်းမသိ ကုန်နေခဲ့သည်။

www.dhammaransi.com



မယ်တော်ကြီးကွယ်လွန်ပြီးနောက် နှစ်အတန်ကြာသော် ဘုန်းကြီးအိပ်မက် မြင်မက်သည်၊ အိပ်မက်ထဲမှာ မယ်တော်ကြီး ခမျာ ညိုးညိုးငယ်ငယ်နှင့် ဘုန်းကြီးကျောင်းရှေ့ မြေပြင်ပေါ်က ရပ်ရင်း ကျောင်းပေါ်မှာရှိသောဘုန်းကြီးကို လှမ်းလျှောက်ပါ သည်။

"မောင်ပဥ္စင်းဘုရား. . . ဖြစ်နိုင်လျှင် ဒကာမကြီးကို သင်္ကန်းတစ်စုံလောက်ချီးမြှင့်ပါ"

"အင်း. . ငါ ဒကာကြီး သေကာနီးကာလမှာ သံယော ဇဉ်တွယ်တာမှုကြောင့် ပေတဂတိရောက်နေသလို ကျွတ်ချိန်တန် ပြီတူပါရဲ့"

ဟု ဘုန်းကြီးကအောက်မေ့လိုက်သည်။

ဘုန်းကြီးလည်း မိမိပြုလုပ်သမျှကုသိုလ်ကောင်းမှုများကို မယ်တော်ကြီးကိုရည်စူး၍ ရေစက်ထက်တိုးပြီး အမျှအတန်းပေး ဝေပါသည်၊ သီးခြားရည်မှန်းပြီးလည်း ဒါနပြုပေးသည်၊ ဇာတိ ရပ်ရွာမှာရှိသော အစ်မကြီးဒေါ်ယုထံသို့လည်း စာတိုက်ကနေ သင်္ကန်းတစ်စုံပို့ပေးလိုက်ပြီး ရွာကျောင်းဘုန်းကြီးထံ မယ်တော် ကြီးကိုရည်စူးလှူပြီး မယ်တော်ကြီးကို အမျှဝေပါ ဟု အမှာစာပါ ထည့်ရေးပေးလိုက်သည်။

www.dhammaransi.com



အစ်မကြီးလည်း ဘုန်းကြီး၏အမှာစာအရ ဝါတွင်းဥပုသ်နေ့တစ်နေ့မှာ အလှူလုပ်ပြီးအမျှပေးဝေပါသည်။

နောက်တစ်နေ့နံနက်မိုးလင်းကာနီးအချိန်တွင် အစ်မကြီးကိုအိပ်မက်ပေးပါသည်။

"မယ်တော်ကြီးသည် သူနေခဲ့သောအိမ်နံဘေးမှာ ငုတ်တုတ်လေး ထိုင်နေသည်ကိုတွေ့ရသည်"

ထို့ကြောင့် အစ်မကြီးက လှမ်းမေးလိုက်သည်-

"ဪ. . . အမေ ဒီမှာဘဲရှိနေသေးသလား၊ မနေ့ကဘဲ အမေ့သားက အမေ့အတွက် ပို့ပေးလိုက်တဲ့သင်္ကန်းနှင့်ဆွမ်းပါကပ်ပြီး အမျှပေးဝေတာ အမေမရဘူးလား"
ဟု အစ်မကြီးက မေးလိုက်သည်။

"ညည်းတို့က ကျောင်းသွားတော့ ငါ့ကိုမှမခေါ်ဘဲ ငါကဘယ်လိုက်နိုင်မှာလဲ" ဟု ပြန်ပြောလေသည်။

အစ်မကြီးဒေါ်ယုက ထိုနေ့မှာဘဲ သင်္ကန်းလှူ ဆွမ်းကပ်ပြီး လှူပေးပါသည်၊ ကျောင်းမသွားခင် မယ်တော်ကြီးကိုလည်းကြိုတင်ဖိတ်ခေါ်သွားသည်၊ နာမည်ခေါ်ပြီး အမျှအတန်းပေးဝေလိုက်သည်၊ နောက်ပိုင်း၌ မည်သည့်အိပ်မက်မျှ မပေးတော့ပေ။

www.dhammaransi.com



ဘဝသံသရာတကွေ့ကျင်လည်ရာမှာ မိမိအနေဖြင့် တာဝန်သိသိ မိဘကိုကျေးဇူးဆပ်ခွင့်ကြုံရသလို ဝမ်းမြောက်နေရပါသည်။

ဘဝသံသရာမှာ ဥပါဒါန်သံယောဇဉ်အစွဲကြောင့် မခွဲနိုင်မခွာရက် တပ်မက်တွယ်တာမှုကြီး ကြီးလာ၍ မယ်တော်ကြီးသည် ဤဆွေမျိုးအသိုင်းအဝန်းထဲ၌ တစ်ဖန် လူလာဖြစ်ရပြန်သည်။

ဘုန်းကြီး၏အစ်ကိုကြီး ဦးဘတင်၏ဇနီးထံမှာ "သူလာနေရပါစေ"ဟု အိပ်မက်ပေးခွင့်ပန်ပြီး ပြန်ဝင်စားသည်၊ ယခုဘဝနာမည်က မိဆန်း ဖြစ်သည်။

မိဆန်းစကားပြောသောအချိန် မယ်တော်ကြီးအကြောင်း ဘဝဟောင်းက အဖြစ်အပျက်များကို တိကျစွာပြောပြနိုင်သည်၊ ဘုန်းကြီးနှင့်တွေ့လို့မေးမြန်းပြောဆိုသောအခါ၌ ပြောရင်းဆိုရင်းပင် မျက်ရည်ပေါက်ကြီးငယ်ကျရှာသည်။

သူမ အိမ်မှုကိစ္စလုပ်နိုင်သောအရွယ်လောက်တွင် တစ်နေ့ အဖော်မိန်းကလေးများနှင့်ရေခပ်သွားရင်း စကားစပ်မိကြပြီး-

"တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးက သူ့မယ်တော်ကြီးကို အမှတ်တရဖြစ်အောင် အရိုးအုတ်ဂူတစ်ခု လုပ်ထားတယ်၊ လာ. . တို့သွားကြည့်ရအောင်"

www.dhammaransi.com



ဟုပြောပြီး မိဆန်းကိုခေါ်သွားကာ ဂူကိုပြကြသည်၊ ဂူ၏မျက်နှာစာမှာရေးထားသောစာတမ်းကို မိဆန်းဖတ်ရသောအခါ ချီးပွဲချင်ပြန်သည် ဟုအဖော်များက ပြောပါသည်။

အရိယာမဖြစ်သေးသမျှ သံသရာသည်ထပ်ပြီးကြောက်စရာလန့်စရာကောင်းလှပါသည်၊ ဘဝခြားသော်လည်း သံယောဇဉ်ကြိုးက မပြတ်ကြပေ။

မယ်တော်ကြီးတစ်ဖြစ်လဲ ဘုန်းကြီးတူမဖြစ်လာသော မိဆန်းသည် ယခု အသက်(၁၆)နှစ်ရှိနေပြီဖြစ်သည်၊ ဘုန်းကြီး ဇာတိရပ် ငွေတွင်းကုန်းရွာကျောင်းရောက်တိုင်း မိဆန်းသည် ကျောင်းကိုအမြဲ လူကိုယ်တိုင်ဆွမ်းချက်ပို့ပေးလေ့ရှိပါသည်။

ကျောင်းရောက်လျှင်လည်း တော်တော်နှင့်မပြန်၊ တစ်ဘက်ကလေးပုခုံးတင်ပြီး ဘုန်းကြီးနားလာကန်တော့ရင်း ကျုံ့ကျုံ့ကလေးထိုင်ကာ ဘုန်းကြီး၏မျက်နှာကို လိုက်ကြည့်နေလေ့ရှိပါသည်။

ဘဝသံသရာဒဏ်ချက်များက အထိနာလေတော့ သံသရာဝဋ်က လွတ်ထွက်ဖို့ခဲယဉ်းကြပါသည်၊ အသိဉာဏ်ရှိသည့် ယခုလိုဘဝမျိုးမှာ ဒါယကာမကြီး ဒေါ်ရင်မေ၊ မောင်သိန်းအောင်၊ စာအုပ်ပါ သံသရာဝဋ်ကလွတ်အောင်ရုန်းကြစို့ဆိုသည့်အတိုင်း

www.dhammaransi.com



သံဝေဂဉာဏ်ဝင်ပြီးသကာလ သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဖို့သာ ရှိပါတော့သည်၊ တရားတော်မှ တစ်ပါး အခြားကိုးကွယ်စရာမရှိပေ။

(ဗုဒ္ဓမမ္မလောကစာစောင်တိုက်တွင် မိခင်ကြီးဒေါ်ရင်မေ သား ကိုသိန်းအောင်တို့၏ ဆွမ်းကျွေးအလှူ၌ ဆရာတော်ကြီး၏ ဟောပြောချက်တရားဖြစ်ပါသည်)

## ( ၂ ) အမေကို အမျှပေးပါ

အမေသည် သားများကိုရှင်ပြုပေးခဲ့သည်၊ သားငယ်ကို ရဟန်းခံပေးခဲ့သည်၊ ရွာဦးကျောင်းတွင် ရေတွင်းတူးလှူသည်၊ ဇရပ်ဆောက်လုပ်လှူခဲ့သည်၊ ဆွမ်းကျွေးဆွမ်းလောင်းကမပြတ် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ခဲ့သည်။

ဤမျှကုသိုလ်များပြားသောအမေသည် ကွယ်လွန်ကာနီး တွင် ထိုထိုသို့သော ကုသိုလ်ကောင်းမှုများကို အာရုံမပြုနိုင်ဘဲ အမေကိုကုသနေသော ဆရာစ,ကလက်လျှော့လိုက်သောအခါ အမေသည် သားသမီးများ၏တရုပ်ရှုပ်ငိုသံကိုစွဲလမ်းပြီး သံယော ဇဉ်တွယ်တာနှောင်ဖွဲ့နေမိသည်၊ ထိုနှောင်ဖွဲ့မှုဖြင့် သေဆုံးခဲ့ရ သောအမေသည် မကျွတ်မလွတ်သောဘဝ(ဝါ)ဝေမာနိကနတ် ပြိတ္တာဘဝသို့ရောက်ရတော့သည်။

www.dhammaransi.com



အမေအတွက် သားသမီးတို့က ဗုဒ္ဓဘာသာထုံးစံအတိုင်း သက်ပျောက်ဆွမ်း အိမ်ဆင်းဆွမ်း၊ မြေဆင်းဆွမ်း(အသုဘချသောနေ့ပြုသောဆွမ်း)များကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းပြီး အမေကို ကုသိုလ်အဖို့ဘာဂ အမျှပေးဝေခဲ့ပါသည်၊ ရက်လည်တော့လည်း ရက်လည်ဆွမ်းသွတ်ပွဲ၌ ရွာဦးကျောင်းဆရာတော်က-

"နင်တို့အမေက ပြုထားတဲ့ကုသိုလ်တွေအများကြီးပါ၊ ဒါပေမယ့် မလ္လိကာမိဖုရားတို့၊ သီရိမမွာသောကမင်းတို့လို သေကာနီးအာရုံပြုမှားလျှင်လည်း ဒါမှမဟုတ် သားစွဲ၊ သမီးစွဲ၊ ဥစ္စာစွဲကြောင့်လည်း မကောင်းတဲ့ဘုံဘဝရောက်တတ်ကြတယ်၊ အဲဒီတော့ အကယ်၍ မကောင်းတဲ့ဘုံဘဝရောက်လို့ သာဓုခေါ်နိုင်တဲ့ ဝေမာနိကပြိတ္တာဘဝရောက်နေခဲ့လို့ရှိလျှင် ယခု အမျှဝေလိုက်ရင်အမျှရပြီး သာဓုခေါ်နိုင်တော့ ကောင်းရာမွန်ရာဘုံဘဝ ပြန်လည်ရောက်ရှိခံစားရမှာပေါ့၊ အဲဒီတော့ တမလွန်ဘဝကအမေချမ်းသာစေချင်ရင် အစားအသောက် အဝတ်၊ အနေအထိုင်ကောင်းစေချင်ရင် ရေနွှင့်ဆွမ်း သင်္ကန်း အဆောက်အအုံအတွက် ရည်မှန်းလှူကြ၊ သင်္ကန်းမတတ်နိုင်ရင်လည်း မျက်နှာသုတ်၊ အနေကထိုင်စသည်လှူကြ၊ မအပ်စပ်တဲ့ငွေကြေးတွေမလှူကြနဲ့."

ဟု ဩဝါဒပေးပါသည်။

www.dhammaransi.com



သားနှင့်သမီးတို့သည် ဆရာတော်၏ဩဝါဒအတိုင်း ကုသိုလ်ပြုကာ အမျှဝေကြပါသည်။

အမေသေဆုံးပြီး၍ ရက်လည်ဆွမ်းသွတ်ပြီးကတည်းက ဘာမျှထွေထွေထူးထူး အရိပ်နိမိတ်ပြခြင်း၊ အိပ်မက်ပေးခြင်း မရှိခဲ့၍ ဒါန၊ သီလ၊ ဘာဝနာနှင့်ပြည့်စုံသောအမေသည် ဂုဏ်ကောင်းရာမွန်ရာဘဝသို့ရောက်နေမည် ဟု သားသမီးတို့က ယုံကြည်ထားသည်။

သို့သော် လိုလိုမယ်မယ် အမေ့အတွက် လပတ်ဆွမ်းကျွေးရန်ကိုမူ စိတ်ကူးမိကြပါသည်၊ သို့သော် ရတ်တရက်မလုပ်ဖြစ်ကြပါ။

တစ်နေ့တွင် အမေက သမီးကြီးကို အိပ်မက်ပေးလာပါသည်။

"သမီး. . အမေ ရိုးထိပ်က နဘဲပင်မှာနေရပါတယ်၊ အမေသွားချင်လှပါပြီ၊ အမေ့ကိုသွားနိုင်အောင်ကုသိုလ်ပြုပေးပြီး အမျှပေးဝေကြပါ" ဟု မြင်မက်လေသည်။

အိပ်မက်ဖြစ်၍ သွေးလေဓာတ်သဘောအရ အမေ့ကို လပတ်ဆွမ်းပြုလုပ်မည့်ကိစ္စစွဲလမ်း၍ အိပ်မက်မက်သည် ဟု သာမန်ထင်မှတ်ထားမိခဲ့ပါသည်။

www.dhammaransi.com



နောက်တစ်ရက်တွင် အမေသည် ညီမဖြစ်သူကို ကိုယ်ထင်ပြသည်။

"မကြီး . . ကျွန်မခြံထောင့်မှာ အမေ့ကို ရိပ်ကနဲမြင်လိုက်ရတယ်၊ သိပ်တော့မသဲကွဲဘူး၊ အမေ့ရုပ်သဏ္ဌာန်ဘဲ"

"ညည်း စိတ်ထင်လို့ပါအေ"

ဟု အငယ် ကြီးက နှစ်သိမ့်လိုက်သည်။

သို့သော် တစ်နေ့ မောင်နှမ(၄)ယောက် အမကြီးအိမ်တွင် အမေ လလည်ဆွမ်းသွတ်ပြုလုပ်ရန် ညှိနှိုင်းကြပါသည်။

လက်ဖက်ရည်၊ မုန့်စသည်ကိုစီမံပေးနေသော မောင်လေး၏သမီး မမြသင်ကလေးသည် ရုတ်တရက်ဝူးဝူးဝါးဝါးအော်ကာ ငိုငိုရီရီဖြစ်လာသည်၊ အားလုံးအံ့အားသင့်ပြီး မမြသင်ကို ဝိုင်းဝန်းပြုစုကြသည်။

"ငါ ညနေ နေဝင်ကတည်းက မိခင်နွဲ့နောက်ကလိုက်လာတာ၊ အစောက ဝင်ခွင့်မရသေးလို့ မဝင်ရတာ၊ ယခုမှဝင်ခွင့်ရတယ်၊ ငါက နင်တို့အမေပါ "

မမြသင်လေးက အမေ၏အသံနှင့်ပြောသည်၊ မခင်နွဲ့သည် ညနေက ရွာဦးကျောင်းဆရာတော်အတွက် ကြက်တက်ရွက်သုတ်ရန် ကြက်တက်ရွက်သွားခူးခဲ့သည်။

www.dhammaransi.com



သူက ငါ နင်တို့အမေဟုပြောပေမယ့် သားသမီးတို့က မယုံတစ်ဝက် ယုံတစ်ဝက်ရှိနေသည်၊ မမြသင်လေး၏အသံကမူ အမေ၏အသံအတိုင်းဖြစ်နေသည်ကတော့ မှန်ပါသည်။

"နင်ဘယ်သူလဲ မှန်မှန်ပြော၊ ငါတို့အမေက ကုသိုလ်တွေ အများကြီးပြုလာတာ၊ နတ်ပြည်ရောက်နေပြီ၊ နင် အူကြောင် ကြောင်လာပြီးမလိမ်နဲ့"

ဟု မောင်ငယ်က ခပ်ထန်ထန်ပြောပြီးမေးသည်။

"အောင်မယ် တင်အောင် နင်က ငါ့အမေကို နင့်နဲ့ငါနဲ့ ပြောရသလား၊ မိုက်ရိုင်းလှချည်လား"

ဟု မမြသင်လေးက အမေ့လေသံအတိုင်းငေါက်ပါသည်။

"သားတွေက မိုက်ရိုင်းလိုက်တာ၊ နင်တို့ကိုငါချစ်သလောက် နင်တို့က ငါ့အပေါ် ရက်စက်ကြတယ်၊ သမီးကြီးရယ် မေမေ့ကိုကယ်ပါဦး"

ဟု မမြသင်လေးက အမေ၏အသံနှင့်သနားစဖွယ်ပြောပါသည်။

"အမေဆိုတာတော့ဟုတ်ပါပြီ၊ ယခု အမေက ဘယ်က နေလာတာလဲ၊ ဘာကိစ္စနဲ့လာတာလဲ"

ဟု သမီးကြီးက ငိုနေသောအမေကို သနားပြီးမေးသည်။

www.dhammaransi.com



"ငါလေ သေကာနီး ညည်းတို့ငိုသံကိုစွဲလမ်းပြီးသေလို့ မကျွတ်မလွတ်ဘဝရောက်ပြီး ယခု ငါ မြောင်းရိုးထိပ်က နဘဲပင်မှာနေရတယ်၊ သမီးကြီးကို မေမေအိပ်မက်ပေးပါတယ်၊ သမီးငယ်ကိုလည်းကိုယ်ရောင်ပြပါတယ်၊ သမီးတို့က ဂရုမစိုက်လို့ အခု အမေကိုယ်ကိုင်လိုက်လာပြီး အမေ့မြေးထံဝင်ပူးပြောရတာပါ၊ အကူအညီတောင်းတာပါ၊ ငါ့ကို အကူအညီပေးကြပါ"

ဟု အမေက သနားစဖွယ်အသံနှင့်ပြောပါသည်။

"အမေ့ကို သမီးတို့ အမေဆုံးစကလည်း ကုသိုလ်ပြု အမျှဝေတယ်၊ ရက်လည်တော့လည်း အမျှဝေတယ်၊ အမေ ကုသိုလ်အမျှဝေတာမရဘူးလား"

"အမေ ဘဝကူးကူးခြင်း လူတစ်ယောက်ကခေါ်သွားလို့ လိုက်သွားရတယ်၊ သူခိုင်းတဲ့အလုပ်တွေလုပ်ရတယ်၊ ပြီးတော့ သူနေရာပေးတဲ့နဘဲပင်မှာနေရတယ်၊ သမီးတို့က မေမေ့ကို မဖိတ်တော့ မေမေမသိဘူး၊ ရလည်းမရဘူး"

ဟု အမေကပြောပါသည်။

နောက်ဆုံးတွင် သမီးနှင့်သားတို့က အဖေ၏ဗန်ကောက်ပုဆိုးကိုထုတ်ပြပြီးမေးသည်။

www.dhammaransi.com



"အေး အဲဒါ နှင့်အဖေရဲ့ဗန်ကောက်ပုဆိုးပဲ၊ အဲဒါကို အနေကထိုင်လုပ်ပြီး ဆရာတော်ကိုလှူဖို့လုပ်ထားတာ မေ့နေလို့ မလှူဖြစ်သေးတာ"

အမေကထိုသို့ပြောလာသောအခါ သမီးသားတို့က ယုံကြည်ကြတော့သည်၊ အမေ့အတွက် ကုသိုလ်ပြုပေးပါမည် ဟု ကတိပြုလိုက်ရသည်၊ ကတိပြုသည့်အတိုင်း အမေ့ကိုဖိတ်ပြီး သံဃာငါးပါးပင့်ကာ ဆွမ်းသွတ်အမျှဝေရသည်။

ထိုညတွင် အမေသည် မမြသင်လေးကို အလွန်တောက် ပသောနတ်ဝတ်တန်ဆာဖြင့်-

"သူ နတ်ပြည်သွားရပြီဖြစ်ကြောင်း၊ သားသမီးတို့ကို ကျေးဇူးတင်၍လာရောက်နှုတ်ဆက်ကြောင်း"

အိပ်မက်ထင်သလိုမြင်ရပြီး လန့်နိုးလာခဲ့သည်၊ လန့်နိုး လျှင်နိုးခြင်း အဖေနှင့်အမေကိုနှိုး၍ပြောပြသည်။

နံနက်တွင် ထိုသတင်းကိုကြားရသော သားနှင့်သမီးတို့ သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။

(ဖြူးမြို့နယ်၊ ကျောက်တိုင်ရွာမှ ဘုန်းကြီးအမေ ကျောင်း အမကြီး ဒေါ်စိန်တင်၏ပြောပြချက် ဖြစ်ပါသည်)

(ရကြပါစေ အမျှဝေ၏ စာအုပ်)မှ

www.dhammaransi.com



# ( ၈ ) အိပ်မက်ပေး၍ ကယ်နိုင်းသောအဘိုးအို

သမ်းလေး. . . ဘဘကိုကူညီပါ၊ ဘဘသမီးတို့အိမ်ရှေ့ ကစိန်ပန်းပင်မှာနေရပါတယ်၊ ဘဘသွားလိုပါပြီ”

ပိတ်ဖြူဝတ်ထားသော ကုလားလိုလိုအဘိုးအိုတစ်ဦး သည် ဂျူမလေးအိယာထံသို့ရောက်လာပြီး သနားစဖွယ်တောင်း ပန်တိုလျှိုးပြောနေသည်ကို အိပ်မက်ထဲတွင် တွေ့မြင်ရသည်။

ဤအိပ်မက်မြင်မက်ပြီး အိယာ လန့်နိုးသွားခဲ့သည်။

“ဘယ်လိုအိပ်မက်ပါလိမ့်၊ ဤအိပ်မက်မျိုးတစ်ခါမှ မမက်ဘူး၊ ကြောက်သလို တုန်လှုပ်မိသလိုလို ခံစားသွားမိသည်၊ ဘုရားသခင်ကိုလည်း တမ်းတဆုတောင်းမိလိုက်သည်။

“အို့. စိတ်ချောက်ခြားလို့မြင်မက်တာဖြစ်ပါလိမ့်မယ်” ဟု မိမိကိုယ်ကိုစိတ်ဖြေပြီး ပြန်အိပ်လိုက်မိသည်၊ အိပ်ပျော်သွား သည်၊ ထိုအကြောင်းကို သာမန်အိပ်မက်လို့ထင်ပြီး မေ့မေ့ ပျောက်ပျောက်နေလိုက်သည်။

နောက်တစ်ညရောက်လာပြန်ပါ၍ အိပ်ပျော်သွားသည်၊ ပိတ်ဖြူဝတ်ထားသောအဘိုးအိုသည် ယမန်နေ့ညကလိုပင် သနား စဖွယ်ပေါင်းပန်စကားဆိုပြန်သည်၊ အိယာ အိပ်မက်ဟ လန့်နိုး မိပြန်သည်။

www.dhammaransi.com



"ဘယ်လိုလဲ. . . ဘယ်လိုအိပ်မက်ပါလိမ့်"

ဟု စဉ်းစားမိပြန်သည်၊ မျက်စိထဲတွင် သနားစဖွယ်အဘိုးအိုမျက်နှာသည် တရစ်ဝဲဝဲမြင်နေရသည်၊ အဘိုးအိုသည် တစ္ဆေသရဲလား ဝိညာဉ်လား အဘိုးအိုသည့် တစ္ဆေ သရဲလို ကြောက်စရာကောင်းသောအသွင်မရှိ၊ ဘယ်လိုကြောင့် သူမထံလာရောက်ပြီး သနားစဖွယ်တောင်းခံနေပါသနည်း၊ ယမန်နေ့ညကလို တော်တော်နှင့် ပြန်အိပ်မရတော့၊ မျက်စိကြောင်တောင်နှင့် မိုးလင်းရတော့သည်။

နံနက်လက်ဖက်ရည်ဝိုင်းတွင် ထိုအကြောင်းကို မိဘ (၂)ပါးအားပြောပြသည်၊ မိဘနှစ်ပါးက ပြုံးပြုံးရယ်ရယ်နှင့်-

"သမီးစိတ်စွဲလို့ပါ၊ ဝတ္ထုစာအုပ်တစ်ခုခုကိုစွဲနေပြီး အဲဒီထဲက ဇာတ်ကောင်က သမီးလာရောက်ခြောက်လှန့်နေတာ ဖြစ်မှာပေါ့"

ဟု ဖခင်ကြီးက ရယ်မောစွာပြောသည်။

"မဟုတ်ဘူး. . . ဒက်ဒီရဲ့၊ သမီးက ဒီလို တစ္ဆေ သရဲ ဝတ္ထုတွေဖတ်တာမဟုတ်ဘူး၊ အခုဟာက ဒီအဘိုးအိုကြီးက ထင်ထင်ရှားရှားလာပြီး အိပ်မက်ထဲမှာ သမီးကိုပြောပြနေတာ၊ အကူအညီတောင်းနေတာ"

www.dhammaransi.com



"သမီးရယ် စိတ်ထဲစွဲမထားပါနဲ့၊ ဘုရားသခင်ကိုသာ အာရုံပြုဆုတောင်းလိုက်၊ သမီးအစွဲပျောက်ပြီး ဒီညကောင်းမွန်စွာအိပ်ပျော်မှာပါ။ ကဲ--ကဲဖေဖေအလုပ်တိုက်သွားတော့မယ်"

သမီးကိုချစ်သောဖခင်ကြီးက သမီးလေးကို နှစ်သိမ့်စကားပြောပြီး နှုတ်ဆက်ကာအလုပ်သို့ ထွက်သွားသည်။

အိယာသည်လည်း ဖခင်ပြောသလို ထိုအစွဲကိုဖျောက်ပြီး ကျောင်းသို့ထွက်ခဲ့သည်။

တတိယရောက်လာသည်၊ အိပ်မက်ထဲတွင် အဘိုးအိုသည် အိမ်ရှေ့စိန်ပန်းပင်ကဆင်းလာပြီး မိမိထံဆင်းလာနေသည်ကိုမြင်နေရသည်၊ မိမိက သူ့ကို စိတ်ဝင်စားစွာကြည့်နေမိသည်၊ သူနားသို့ရောက်လာသည်၊ ယမန်နေ့ညကလိုပင် သူ့ကိုကယ်ရန်သနားစဖွယ်ထပ်ပြောပြန်သည်။

အိယာသည် ထိုအဘိုးအိုကိုကြောက်တော့မကြောက်ပေသနား၍သာနေသည်၊ သို့အတွက် သူမသည် အဘိုးအိုကိုကြည့်ကာ-

"ကျွန်မ ရှင့်ကိုကယ်ပေးမယ်" ဟု ပြောလိုက်သည်။

"ဝမ်းသာလိုက်တာသမီးရယ်၊ မြန်မြန်လေးကယ်ပါနော်"

ဟု ပြောကာ အဘိုးအိုသည် ချာကနဲလှည့်ပြန်သွားသည်။

www.dhammaransi.com



အိယာအိပ်ရာမှလန့်နိုးမိပြန်သည်၊ ကြောက်လန့်သလို ဖြစ်ပြီး အသံကုန်အော်ဟစ်လိုက်မိသည်။

အိယာ၏မိဘနှစ်ပါးသည် အိယာ၏အော်ဟစ်သံကြောင့် သူတို့အခန်းထဲမှ ဒရောသောပါးပြေးထွက်လာပြီး-

"သမီးလေး ဘာဖြစ်လို့လဲ. . . ဘာဖြစ်လို့လဲ" ဟု စိုးရိမ်တကြီးမေးကြသည်၊ အိယာသည် မျက်စိကြောင်တောင်နှင့် မိဘနှစ်ပါးကိုကြည့်ပြီး မိခင်ကိုအားကိုးတကြီးလှမ်းဖက်ထားပြီး-

"ဒက်ဒီ-မာမီ သူပြန်လာပြန်ပြီ၊ သမီးကို တောင်းပန်တယ် သမီးက သူ့ကို ကယ်မယ်လို့ပြန်ပြောလိုက်တယ်"

"သမီးက သူ့ကို ဘယ်လိုကယ်တင်ရမှာလဲတဲ့"

"အဲဒါသမီးမသိဘူး၊ သူ့ကိုလည်း မမေးလိုက်မိဘူး"

"အဲဒါမှခက်ရောသမီး၊ သမီးစိတ်မစွဲနဲ့၊ နောက်နေ့ကျတော့ ဖေဖေဘုရားကျောင်းသွားပြီး ဘရသားကိုမေးကြတာပေါ့"

မိုးလင်းသော် မိသားစု စိန့်ဂျွန်းဘုရားရှိခိုးကျောင်းသွားပြီး ဘုရားဝတ်ပြုကြသည်။

သူတို့မိသားစုသည် (၇)မိုင်ခွဲ၊ ရွာတန်းရှည်ရွာထိပ် စော်ဘွားလေးကုန်းလမ်းတွင်နေသည်၊ တနင်္ဂနွေနေ့တိုင်း စိန့်ဂျွန်းဘုရားရှိခိုးကျောင်းသို့သွားကာ ဘုရားဝတ်ပြုကြသည်။

www.dhammaransi.com



ထိုဘုရားဝတ်ပြုပြီးနောက် ဘရာသားနှင့်တွေ့ပြီး အကျိုးအကြောင်းပြောပြသည်၊ ဘရာသားက "နာနာဘာဝကောင်တွေ နှောက်ယှက်တာပါ၊ သူ ဘုရားသခင်ထံဝတ်ပြုပြီး ဆုတောင်း မေတ္တာပို့သ ဖယ်ရှားပေးပါမယ်" ဟု ပြောလိုက်သည်။

သူဟို့မိသားစုဝမ်းမြောက်ဝမ်းသာနှင့်ပြန်လာခဲ့သည်၊ ထိုညတွင် ဘုန်းကြီးကကူညီပေးမည်ဆို၍ ဝမ်းမြောက်ဝမ်းသာ အိပ်ရာဝင်ခဲ့ကြသည်။

အမှန်ပင် ထိုညတွင် အဘိုးအိုပေါ်မလာပါ၊ အဘိုးအို မလာ၍ သူတို့ဝမ်းမြောက်ကြသည်၊ ဘရာသားကိုလည်းကျေးဇူး တင်သည်၊ ဘုရားသခင်ကိုလည်းကျေးဇူးဆုတောင်းပတ္ထနာ ကောင်းချီးထောမနာပြုမိကြသည်။

ပဉ္စမညတွင် အဘိုးအိုကရောက်လာပြန်သည်။

"သမီးကယ်မယ်ဆို မကယ်တော့ဘူးလား၊ ဘဘသွားချင် လှပါပြီ" ဟု အိပ်မက်မြင်မက်ပြန်သည်၊

အဘိုးအိုသည်ပြောပြီးပျောက်ကွယ်သွားသည်၊ အိယာ လန့်နိုးရပြန်သည်၊ မိဘအခန်းသို့ ဒရောသောပါးပြေးဝင်ပြီး အကျိုးအကြောင်းပြောပြရပြန်သည်။

www.dhammaransi.com



"တစ်ခုခုကော့ တစ်ခုခုဘဲ၊ ဘယ်လိုလုပ်ရပ့်ါမလဲ"

ဖခင်ကြီး မစ္စတာဂျွန်ပီလိုစမစ်သည် ဦးနှောက်ခြောက်သွားရသည်၊ သမီးလေးစိတ်ရောဂါများဖြစ်နေသလား ဟု အငွေးဝင်မိသည်၊ သမီးသည် နေ့လည်တွင် အကောင်းပကတိရှိသည်၊ ကျောင်းသွား၍စာသင်သည်၊ ပုံမှန်စားသည်၊ တွေတွေငေးငေး မှိုင်မှိုင်တွေတွေမရှိ။

"ဝိညာဉ်တစ်ခုခုက လာနှောင့်ယှက်နေတာဖြစ်မယ်"

နောက်နေ့မိုးလင်းတွင် သမီးကိုအားပေးစကားပြောပြီး အစောကြီး ကားဖြင့်ထွက်လာပြီး မိမိတို့ဂိုဏ်းချုပ်ဘုန်းကြီးထံ အကူအညီတောင်းခံရသည်၊ ဘုန်းကြီးကလည်း ဘုရားသခင်က ဆုတောင်းပတ္ထနာပြုပေးမည်ဟု ပြောပါသည်။

ဘုန်းကြီးထံမှတစ်ဆင့် အလုပ်တိုက်သို့ရောက်လာခဲ့သည်၊ သမီးအတွက် စိတ်သောကရောက်နေ၍ အလုပ်မဖြောင့်တော့ပေ။

ထိုစဉ် ရှာတန်းရှည်ရှာတွင်နေပြီး မိမိကုမ္ပဏီအလုပ်တွင် မန်နေဂျာလုပ်နေသော ဦးလှသွင်ဝင်လာသည်၊ မနေ့က ရောင်းဝယ်စာရင်းစာချုပ်ကိုလာရောက်တင်ပြသည်။

www.dhammaransi.com



မစ္စတာဂျွန်ပီလိုစမစ်သည် ထိုစာရင်းကိုစိတ်မဝင်စား၊ ဦးလှသွင်ကိုမြင်တော့ မြန်မာလူမျိုးများနှင့် တစ္ဆေ သရဲ မြန်မာလူမျိုးတွေကိုးကွယ်သောဗုဒ္ဓဘာသာအကြောင်းကို သတိရမိလိုက်သည်။

"မစ္စတာလှသွင် . . . ခင်ဗျားတို့မြန်မာတွေမှာ တစ္ဆေ သရဲတို့ရှိတယ်ဆိုတာ ယုံသလား"

"ယုံတာပေါ့ ဆရာ . . . ရှိလည်းရှိတာပဲဟာ"

"ကောင်းပြီ၊ တစ္ဆေ သရဲလာရင် ခင်ဗျားတို့ ဘာလုပ်သလဲ"

"ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာတော့ ဘုရားစာရွတ်တာပေါ့၊ ပြီးတော့ ဘုန်းကြီးတွေပင့်ပြီး ပရိတ်ရွတ် အမျှအတန်းပေးဝေတာပေါ့"

"အဲဒီလိုလုပ်တော့ အဲဒီတစ္ဆေ သရဲ တွေပြေးရောလား"

"ပြေးတာပေါ့ဆရာ"

မစ္စတာဂျွန်ပီလိုစမစ်သည် ဦးလှသွင်အဖြေကို စိတ်ဝင်စားသွားသည်၊ သို့အတွက် သူ့သမီးလေး၏အဖြစ်အပျက်အလုံးစုံကို အစအဆုံးပြောပြသည်။

www.dhammaransi.com



"ဆရာ. . . အဲဒါဆို သရဲခြောက်တာမဟုတ်ဘူး၊ စိန်ပန်းပင်မှာရှိနေတဲ့ပုဂ္ဂိုလ်တစ်ယောက်ယောက်က အဲဒီဘဝကနေ ကျွတ်ချင်လို့ ကုသိုလ်ပြုပေးဖို့၊ အမျှဝေပေးဖို့ လာတောင်းတာ"

ဦးလှသွင်က ဗုဒ္ဓစာပေသင်ယူဖူးသူဖြစ်၍ ထိုအကြောင်းကို သူ၏သူဌေးပြောပြကတည်းက သဘောသဘာဝကိုသိ၍ အထက်ပါအတိုင်းပြောပြလိုက်သည်။

"ဟုတ်လား. . . ခင်ဗျားတို့ဘာသာအရ အဲဒီပုဂ္ဂိုလ်ကို ကူညီလုပ်ကိုင်ပေးလို့ရသလား"

"ရပါတယ် ဆရာ"

"အိုကေ. . ဒါဆို ကျွန်တော်သမီးလေးကို ကူညီပေးပါဗျာ၊ ကျွန်တော်တို့ဘက်က ဘာလုပ်ပေးရမလဲ"

"အထွေအထူးလုပ်ပေးစရာမလိုပါဘူး၊ ဆွမ်းထမင်းနှင့်ဟင်းအနည်းငယ်စီ စီစဉ်ပြီး ကျွန်တော်တို့ဘုန်းကြီးပင့် အမျှဝေပေးလိုက်ရင် ရပါတယ်"

"ဒါဆို ဒီလိုလုပ်ပါ မစ္စတာလှသွင်. . . ခင်ဗျား အကုန်စီစဉ်ပေးပါ။ ကုန်ကျစရိတ်ကျွန်တော်ခံပါမယ်၊ မစ္စတာလှသွင်ကိုလည်း ဆောင်ရွက်ခ အထူးဘောက်ဆူးချပေးပါ့မယ်၊ ကျွန်တော့်သမီးလေးသာ ဒီအနှောက်အယှက်ကလွတ်ပါစေ"

www.dhammaransi.com



"ကောင်းပါပြီ ကျွန်တော်စီစဉ်ပေးပါ့မယ်ဆရာ"

"ကဲ. . ဒီလိုဆို ခင်ဗျားအလုပ်တွေကို လက်ထောက်မန်နေဂျာကို လွှဲခဲ့တော့၊ လိုအပ်တာတွေစီစဉ်လုပ်ပေတော့ဗျာ"

ဦးလှသွင်သည် လိုအပ်သည်တို့ကို လက်ထောက်မန်နေဂျာကိုလွှဲခဲ့ပြီး မိမိအိမ်သို့ပြန်လာကာ မိမိတို့ရွာတန်းရှည်ရွာထဲသို့ နိုင်ငံခြားသာသနာပြုသံဃတက္ကသိုလ်သင်တန်းမှ ဆွမ်းလာခံနေသော ရဟန်းတော်ကို အကြောင်းအကျိုးလျှောက်ထားသည်၊ အစီအစဉ်ပြုလုပ်သည်၊ အားလုံးပြီးစီးသောအခါ ညနေတွင် မိမိဆရာကို အကျိုးအကြောင်းများပြောပြသည်။

သမီးကိုလည်း ထိုညတွင် ထိုပုဂ္ဂိုလ်ထပ်မံလာရောက်၍ အိပ်မက်ပေးပါက နောက်နေ့နံနက် သင့်ကို အကူအညီပေးမည် လာခဲ့ပါ ဟု ဖိတ်ကြားလိုက်ရန် မှာခိုင်းထားခဲ့သည်၊ အိမ်တွင်လည်း လိုအပ်တာများကိုစီမံခဲ့သည်။

ထိုညတွင်လည်း ထိုပုဂ္ဂိုလ်သည် လာရောက်အိပ်မက်ပေးပြီး ဘယ်တော့ကယ်မှာလဲ ဟု လာမေး၍ သမီးက မှာကြားထားသည့်အတိုင်း နောက်နေ့နံနက်ကယ်မည်၊ လာခဲ့ပါ၊ ကျွန်မလာခေါ်ပါမည် ဟုပြောလိုက်သည်။

www.dhammaransi.com



အဘိုးအိုသည် ညှိုးငယ်သနားစဖွယ်သောမျက်နှာအမူအရာမှနေပြီး တက်ကြွရွှင်လန်းဝမ်းမြောက်သော အသွင်အမူအရာသို့ ချက်ချင်းပြောင်းသွားပြီး ချက်ချင်းပြန်လှည့်ထွက်သွားသည်။

အိယာသည် အိပ်ယာမှလန့်နိုးပြန်သည်၊ မိဘတို့ကို ချက်ချင်းနိုးပြီး အိပ်မက်အကြောင်းကို ပြောပြရပြန်သည်။

နောက်တစ်နေ့နံနက်တွင် ဦးလှသွင်၏အစီအမံဖြင့် မစ္စတာဂျွန်ပီလိုစမစ်အိမ်တွင် သံဃတက္ကသိုလ်မှ ဥက္ကဋ္ဌဆရာတော် ဦးပညာဒီပအပါအဝင် သံဃာငါးပါးဆွမ်းကျွေးသည်။

ဆွမ်းစားပြီးသောအခါ ဆရာတော်က အိယာကို စိန်ပန်းပင်ရှေ့သွားပြီး သင့်ကိုကယ်တော့မည်၊ အိမ်ပေါ်လာပြီး တရားလာနာပါ၊ ကုသိုလ်အမျှလာယူပါ " ဟုဖိတ်ကြားခိုင်းသည်။

အိယာနှင့် ဦးလှသွင်တို့ သွားရောက်ဖိတ်ကြားသည်။

(ထိုအချိန်က မစ္စတာဂျွန်ပီလိုစမစ်သည် သံဃာတော်များအားဆွမ်းကပ်သည်ကို မိတ်ဆွေများဖိတ်ပြီး ထမင်းကျွေးသကဲ့သို့သဘောထားသည် ဟု နောက်တွင်ပြောပြသည်)

ဆရာတော်နှင့် သံဃာတော်များသည် ပရိတ်ရွတ်ဖတ်ရေစက်ချအမျှဝေသည်၊ အထူးသဖြင့် ထိုအဘိုးအိုကို အထူးရည်စူး၍ အမျှပေးဝေသည်။

ဆွေသုဟာ ၈၄၀

www.dhammaransi.com



ညတွင် အိယာအိပ်မက်ထဲ၌ ထိုပုဂ္ဂိုလ်ပေါ်လာသည်၊ ကိုယ်ရောင်ကိုယ်ဝါတောက်ပနေသောအဝတ်တန်ဆာဒွါရများ ဆင်ယင်ထားပြီး နူးပျိုသောအသွင်ဖြင့်-

"သမီးလေးကိုကျေးဇူးတင်ပါတယ်၊ ကျုပ် ကောင်းရာမွန်ရာရောက်ပါပြီ"

ဟု ပြောပြီး ကွယ်ပျောက်သွားသည်၊ အိယာ၏စိတ်ထဲတွင် အလွန်ဝမ်းမြောက်ကြည်နူးစွာခံစားရမိသည်။

အိယာအိပ်ရာမှလန့်နိုးသည်၊ ထိုအဖြစ်အပျက်ကို မိဘများကိုပြောပြရာ မိဘများကလည်း အားရဝမ်းသာကြသည်။

နောက်နေ့အလုပ်သို့အရောက်တွင် မစ္စတာဂျွန်ပီလိုစမစ်သည် ဦးလှသွင်အား ညက သမီး၏အိပ်မက်နှင့်တွေ့မြင်ပုံအကြောင်းစုံကိုပြောပြသည်၊ ဦးလှသွင်ကိုလည်း ကျေးဇူးတင်၍ ဘောက်ဆူး(၅၀၀)ဆုချသည်။

ထိုအချိန်မှစ၍ မစ္စတာဂျွန်ပီလိုစမစ်သည် ဗုဒ္ဓဘာသာကို စိတ်ဝင်စားသွားသည်၊ ဗုဒ္ဓစာပေကိုလေ့လာသည်၊ မိမိသမီးကိုကယ်တင်ပေးသောသံဃာများကိုထပ်မံ၍ ဆွမ်းဖိတ်ဆက်ကပ်လှူဒါန်းသည်။

www.dhammaransi.com



၁၉၆၃-ခုနှစ်၊ တော်လှန်ရေးအစိုးရက ကုမ္ပဏီအလုပ်ရုံစက်ရုံများကို ပြည်သူပိုင်သိမ်းသောအခါ မစ္စတာဂျွန်ပီလိုစမစ်တို့၏ကုမ္ပဏီလည်းပါသွားသည်၊ သို့အတွက် သူတို့မိသားစု အမေရိကသို့ထွက်ခွာသွားခဲ့သည်။

မြန်မာပြည်မှထွက်ခွာပြီး မစ္စတာဂျွန်ပီလိုစမစ်သည် အမေရိကန်ပြည် လော့အိန်ဂျလိုမြို့၌ တောင်ပုလုဆရာတော်နှင့် တွေ့ဆုံမိပြီး ဗုဒ္ဓဘာသာအဖြစ်ခံယူကာ အိယာသည် တောင်ပုလုကမ္မဋ္ဌာန်းကျောင်းတွင် တရားအားထုတ်သောတောင်ပုလုတပည့်တစ်ဦးဖြစ်နေခဲ့လေပြီ။

(ပြိတ္တာလောကဖြစ်ရပ်ဆန်းများ စာအုပ် မှ)

## ( ဃ ) မင်းဓမ္မကုန်းတော် ကျောက်တော်ကြီးဘုရားရှိမြေအိပ်မက်ပေးပုံ

အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းမြေရှိ ကျောက်တော်ကြီးဘုရားသို့ အလျား(၈)ပေလုံးပတ်(၁၀)လက်မခန့်ရှိ မြွေကြီးတစ်ကောင်ကို မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာနေ ကိုနိုင်ဝင်း+မစုလှိုင်တို့က ရပ်ရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ထောက်ခံချက်ဖြင့် လာရောက်လှူဒါန်းခဲ့ကြသည်။

www.dhammaransi.com



မြွေကြီးကိုလာရောက်လျှုဒါန်းရသည့် အကြောင်းရင်းမှာ-

၂၀၀၆-ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်နေ့တွင် ကိုဝင်းနိုင်သည် မြွေကြီးတစ်ကောင်ကို ခရီးသွားရင်း ဖမ်းမိသည်၊ ထိုမြွေကြီးကိုရောင်းစား သတ်စားရန်စိတ်ကူးပြီး အိမ်သို့သယ်ယူလာခဲ့သည်။

ယင်းဇန်နဝါရီလ(၁၅)ရက်နေ့ညတွင် ကိုဝင်းနိုင်ကို မြွေကြီးက အိပ်မက်ပေးသည်-

"ငါ့ကိုမရောင်းနဲ့၊ သတ်မစားနဲ့၊ ဆင်ဖြူတစ်ကောင်၊ ဆင်မဲနှစ်ကောင်၊ မြင်းဖြူအထီးတစ်ကောင်ရှိတဲ့ဘုရားကိုပို့ပေးပါ၊ ပြန်လည်းအကျိုးပြုပါမယ်"

ဟူ၍ ထူးဆန်းစွာ အိပ်မက်ပေးလေသည်။

ကိုဝင်းနိုင်ကလည်း အိပ်မက်ထဲ၌ပင်- "အဲဒီ**ဘုရားကို** စုံစမ်းပြီး ရောက်အောင်ပို့ပေးပါမယ်"ဟု ကတိပေးလို**က်သည်။**

နံနက်မိုးလင်းသောအခါ အိပ်မက်အတိုင်း **ဘုရားကို** စုံစမ်းသည်၊ မင်းဓမ္မကုန်းရှိ ကျောက်တော်ကြီးဘုရား၌ **ဆင်ဖြူ** မြင်းဖြူရှိသည်ကိုသိရှိရပြီးလျှင် မြွေကိုသံသေတ္တာထဲ၌ထည့်ပြီး ဘုရားသို့ ဇန်နဝါရီ(၁၇)ရက်နေ့တွင် လာရောက်ပို့ဆောင်ပေးလေသည်။

www.dhammaransi.com



ယင်းမြွေကြီးကို ဂေါပကအဖွဲ့က "ငြိမ်းချမ်းမေ" ဟု အမည်ပေးကာ မြွေကြီးအတွက်လည်း အလှူခံပုံးပြုလုပ်ပေးပြီး အေးငြိမ်းစွာထားရှိပေးထားသည်၊ မြွေကြီးကလည်း ဘုရားရှေ့တွင် တည်ငြိမ်စွာဦးခိုက်နေခဲ့သည်။

ဇန်နဝါရီ(၂၄)ရက်နေ့တွင် မြွေကြီးအလှူခံပုံးမှ ငွေနှစ်သိန်း အလှူခံရရှိခဲ့သည်။

ထိုမြွေကြီးမှာ အသားမစား နို့ကိုသာသောက်သည်။

(လှမင်းထွေး၊ မျိုးမြန်မာဂျာနယ်(၁၆-၂-၂၀၀၆) မှ

## ( င ) ဖျာပုံမြို့ မဟာသံ့သာရဘုရားရှိ မြွေက အိပ်မက်ပေးပုံ

ဖျာပုံမြို့၊ ၁၈-ရပ်ကွက်၊ လိပ်အူကုန်းကျောင်းတိုက်တွင် မဟာသံ့သရရုပ်ရှင်တော်မြတ်ဘုရားရှိပါသည်၊ ထိုဘုရားသို့ အိပ်မက်အရ ရောက်လာသောမြွေများရှိပါသည်။

မြွေအိပ်မက်မှာ ကျောင်းကုန်းအရပ်ရှိ အိမ်တစ်အိမ်က ဘဲခြံသို့ မြွေကြီးတစ်ကောင်က ဘဲများကိုလာလာဝင်ဆွဲသတ်စားသဖြင့် အိမ်သားများက ထိုမြွေကိုဖမ်းပြီး သတ်ပစ်ခဲ့သည်။

www.dhammaransi.com



နောက်တစ်ကောင်ကိုမူ ဓားနှင့်ခုတ်မိရာ ဦးခေါင်းတွင် ဒဏ်ရာရသွားသည်။

ထိုဒဏ်ရာရသောမြွေကို ၁၇-ရပ်ကွက်မှ ကိုသန်းထွန်း+ မမေရီတို့ကတွေ့ရှိပြီး ရောင်းစားရန်အိမ်သို့ဖမ်းယူလာကြသည်၊ ညရောက်သောအခါ မြွေက -

"မိမိကို လိပ်အုကုန်းဆရာတော် ဦးနန္ဒမာလာဆီမှာ လှူပေးပါ "

ဟု အိပ်မက်လာပေးလေသည်။

သို့အတွက် ကိုသန်းထွန်းက ဆရာတော်ထံသို့ မြွေကို လာလှူလေသည်၊ ဆရာတော်က မြွေနှင့်ရဟန်းတော် မအပ်စပ် ဘူးဟုဆိုကာ အလှူမခံ ငြင်းပယ်လေသည်။

နောက် ခဏ ခဏလာပြောသောအခါ ဆရာတော်က မေတ္တာထားပြီး မြွေကိုအလှူခံထားလိုက်သည်။

ကျောင်းသို့မြွေရောက်ပြီး (၅)ရက်မျှကြာသောအခါ မြို့ထဲရှိဆရာဝန်ဦးဆာကားထံသွားပြီး-

"သူ၏ခေါင်းကဒဏ်ရာကိုကုပေးပါ "

ဟူ၍ အိပ်မက်ပေးပြန်သည်။

www.dhammaransi.com



နောက်ဆရာဝန်ဦးဆာကာသည် အိပ်မက် ၈ရပေ့ပ်-မဟုတ် ကျောင်းသို့လာပြီး မြွေရှိ-မရှိလာကြည့်သည်၊ မြွေနှင့် ဒဏ်ရာပေါ်တွေ့၍ ဦးဆာကားသည်လည်း အလွန်အံ့ဩသွားရပါသည်။

ထိုသတင်းသည်လည်း ပျံ့နှံ့သွားပြီး ကျောင်းသို့မြွေလာကြည့်သူများ အလွန်များပြားကုန်သည်။

လူတွေအရမ်းများ၍ ဆရာဝန်ဦးဆာကားက မြွေကိုသူ့အိမ်သို့သယ်ပြီး ဆေးကုသပေးသည်၊ ဓားဒဏ်ရာကိုချုပ်ပေးခဲ့သည်၊ အိမ်တွင်(၂)ရက်လောက်ဆေးကုပြီးသောအခါ ကျောင်းသို့ပြန်ပို့ပေးသည်၊ နောက်(၃)ရက်ကြာသောအခါ မြွေ၏ချုပ်ရိုးကို ဆရာဝန်ဦးဆာကားက လာရောက်ဖြည်ပေးသည်။

ထိုမြွေကိုလာရောက်ကြည့်သောပရိသတ်များမှလည်း အထူးစည်ကားပြီး အလှူငွေများထည့်လှူဒါန်းကြရာ အလှူငွေ(၈)သိန်းကျော်ရရှိခဲ့သည်။

နောင်တွင် အနီးအနားဝန်းကျင်က အိမ်ပေါ်သို့တက်လာသောမြွေကြီးများကိုဖမ်းမိသောအခါ ဘုန်းကြီးကျောင်းသို့ လာရောက်လှူဒါန်းကြသည်၊ ဘုန်းကြီးက မဟာသံဝေဂ ဘုရားတွင်ထားပေးသည်။

www.dhammaransi.com



ဆရာတော်က မြေမှရသောအလှူငွေများဖြင့် မြေကြီးအတွက်ရည်စူးပြီး ဘုန်းကြီးကျောင်းအတွင်းလမ်းခင်းပေးပြီး မြေကြီးများကို အမျှပေးဝေခဲ့သည်။

ထိုအိပ်မက်ပေးသောမြေကြီးမှာ တစ်နှစ်ကျော်အကြာတွင် သေဆုံးသွားခဲ့သည်။

( FLOWER NEWS ၁၆-၅-၀၆ မှ )

## နတ်ပေးအိပ်မက်ပေးများ

## ( က ) နတ်ကကောင်းကျိုးပေးသောအိပ်မက်

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးစဉ်အချိန်ကာလဖြစ်သည်၊ ရာဇဂြိုဟ်ပြည်သား မထင်ရှားသောအမျိုးသားတစ်ဦးသည် ကိစ္စတစ်ခုဖြင့် ညနေစာထမင်းထုပ်ကိုယူ ဘာ ဗာရဏသီမြို့သို့လာခဲ့သည်။

လမ်းခရီးတောအုပ်တစ်ခုသို့အရောက်တွင် မိုးချုပ်၍ ထိုတောအုပ်တွင် အနားယူအိပ်စက်ရန် စီမံလေသည်။

မိမိ၌ပါလာသော ထမင်းထုပ်ကို မိမိမစားခင်၊ တော

www.dhammaransi.com



စောင့်နတ်ငှာအား တင်မြှောက်ပသပူဇော်လေသည်၊ ထိုသို့ပူဇော် ပြီးမှ မိမိစားလေသည်။

ထိုညတွင် ထိုအမျိုးသားအား နတ်တစ်ပါးက အိပ်မက် ပေးသည်မှာ-

"သင်အိပ်သောသစ်ပင်၏အောက်တွင် ရွှေအိုးရှိသည်၊ ထိုရွှေအိုးကိုတူးယူ၍ ကုသိုလ်ကောင်းမှုပြုပါလေ"

ဟူ၍ အိပ်မက်ပေးလေသည်။

ထိုအမျိုးသားသည် နံနက်မိုးလင်းသော် ထိုအိပ်မက်ကို မယုံတယုံဖြင့် သစ်ပင်ခြေရင်းကိုတူးဆွကြည့်လေရာ နတ်အိပ် မက်ပေးသည့်အတိုင်း ရွှေအိုးကိုတွေ့လေသည်။

ထိုအမျိုးသားသည် ဝမ်းသာအားရစွာဖြင့်ပင် ထိုရွှေအိုး ကိုယူလာကာ အချို့ကိုထုခွဲရောင်းချပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်များကိုပင့်ဖိတ်၍ ဆွမ်းအလှူကိုပေးလှူလေသည်၊ မိမိသည်လည်း ထိုရွှေတို့ဖြင့် ချမ်းသာစွာနေရလေသည်။

(ဤသည်မှာ နတ်တို့အားအမျှပေးဝေခြင်း၊ ပူဇော်ခြင်း၊ (ဗလိနပ်စာပြုလုပ်ခြင်း)ကြောင့် နတ်တို့က ချစ်မြတ်နိုးသဖြင့် မိမိ ပေးနိုင်သောလမ်းညွှန်နိုင်သောနေရာ ဥစ္စာရှိက လမ်းညွှန်ပြီး ဥစ္စာကိုပေးခြင်းဖြစ်ပါသည်၊ နတ်တို့ဟူသည် မိတ်ဆွေကောင်း

www.dhammaransi.com



သဖွယ်ရှိပါသည်၊ သူတို့ကို ပူဇော်ပသပါက သူတို့က တတ်နိုင်လျှင် မိမိကလည်း အတိတ်ကောင်းမှုကံ ပစ္စုပ္ပန်ကောင်းမှုကံရှိပါလျှင် ဤကဲ့သို့အိပ်မက်ပေးပြီး ကူညီလေ့ရှိကြပါသည်။

## ( ၁ ) ရှုကွဲစိုးနတ်ကူညီပေးခံရသော ဘိုင်ဘင်ဆရာတော်၏အိပ်မက်

ရွှေလီမြစ်ကမ်းနံဘေးတွင် အိမ်ခြေ (၂၅) အိမ်မျှသာရှိသော ဘိုင်ဘင်အမည်ရှိသော ရွာသိမ်ရွာငယ်ကလေးတွင် သက်တော်(၃၀)အရွယ်ရှိ ဆရာတော် ဦးပညာဇောကသည် ရပ်ရွာဒါယကာ၊ ဒါယကာမများအကျိုးအတွက် ကျောင်းထိုင်နေပေးခဲ့သည်။

ဦးပညာဇောတသည် ဝန်းသိုမြို့၊ ခန္တီးပရိယတ္တိစာသင်တိုက်၌ စာသင်ခဲ့ပြီး ခန္တီးဆရာတော်ထံ၌ ဝိပဿနာတရားများအားထုတ်ကြိုးစားခဲ့ဖူးသည်။

ဤဘိုင်ဘင်ရွာကလေးရှိ သက်ကယ်တဲကျောင်းတွင်ကျောင်းထိုင်ရင်း မိမိကျောင်းခေါင်းရင်းရှိ ညောင်ပင်ကြီး၏ခြေရင်း၌ထိုင်ကာ အမြဲပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများကို ပြုလုပ်လေ့ရှိသည်။

www.dhammaransi.com



တစ်ညတွင် ပြုလုပ်နေကျအတိုင်း ညောင်ပင်ရင်းတွင် တရားထိုင်နေစဉ် အိပ်ပျော်သကဲ့သို့ဖြစ်သွားပြီး အိပ်မက်ထဲ မြင်မက်လေသည်၊ အိပ်မက်ထဲတွင် ပိတ်ဖြူကဲ့သို့ စင်ကြယ်သော အဝတ်အစားနှင့် အဘိုးအိုတစ်ယောက်သည် မိဂိရှေ့သို့ရောက်လာပြီး-

"ကိုယ်တော် ဒီနားမှာကျောင်းဆောက်ပါ"

ဟု ပြောပြီး ပျောက်ကွယ်သွားသည်။

ဦးပညာဇောတသည် လန့်နိုးသလိုဖြစ်ပြီး သတိရကာ အိပ်မက်မက်တာဘဲဟု ယူဆကာ တရားကိုဆက်လက်အားထုတ်သည်၊ ဤအိပ်မက်ကိုလည်း မေ့မေ့ပျောက်ပျောက်ထားလိုက်သည်။

တစ်ညတွင် ယင်းကဲ့သို့အိပ်ပျော်သလိုလိုဖြစ်ကာ အိပ်မက်ထဲတွင် အဘိုးအိုကပေါ်လာပြန်သည်။

"အရှင်ဘုရား . . ကျောင်းဆောက်ဖို့မလုပ်သေးဘူးလား"

"ဒါယကာကြီး. . . ဦးပဉ္စင်းမှာ ကျောင်းဆောက်ဖို့အင်အားမရှိဘူး"

"ဆောက်သာဆောက်ပါ၊ အားမငယ်နဲ့"

www.dhammaransi.com



ထိုကဲ့သို့ပြောပြီး ပျောက်ကွယ်သွားပြန်လေသည်။

ဆရာတော်သည် မိမိ၏ရပ်ရွာသည် ရွာသိမ်ရွာငယ်ဖြစ်၍ မဖြစ်နိုင် ဟု မှတ်ယူကာ မေ့ထားလိုက်ပြန်သည်။

တစ်နေ့တွင် ဒါယကာတစ်ယောက်ကျောင်းပေါ်တက်လာပြီး-

"အရှင်ဘုရားကို ကျောင်းဆောက်ပြီးလှူလိုပါသည်၊ တပည့်တော်တစ်ဦးတည်း ဆောက်ပါမည်"

ဟု လျှောက်ထားပြီး ပြန်သွားလေသည်။

ဆရာတော် ဦးပညာဇောတသည် ရပ်ရွာမှ ဒါယကာ၊ ဒါယကာမများကို ခေါ်ယူဆွေးနွေးပြသည်၊ ကျောင်းဆောက်လုပ်နိုင်ရန်အတွက် မြေနေရာသတ်မှတ်ရေး၊ ရှင်းလင်းပေးရေးကိုလည်း ညှိနှိုင်းဆောင်ရွက်ရသည်။

ယင်းသို့တိုင်ပင်ပြီး ရှင်းလင်းနေစဉ် ကျောင်းနေရာနှင့် မလွတ်သောညောင်ပင်ကိုခုတ်ဖြတ်တူးဖော်ရှင်းလင်းပြီး မြေညှိထားလိုက်ကြသည်။

ထိုညတွင် ဆရာတော် ဦးပညာဇောတအိပ်ပျော်နေစဉ် အဘိုးအိုသည်ပေါ်လာပြီး ပြောပြန်သည်-

www.dhammaransi.com



"အရှင်ဘုရား. . . ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာဖြစ်လို့လဲ. . ဒါယကာကြီး"

"ညောင်ပင်ကြီးလှဲလိုက်တော့ တပည့်တော်နေစရာမရှိ ဖြစ်နေရပြီ"

"သြော်-ဒါယကာကြီး. . . ဦးပဥ္စင်းမသိလို့ပါ၊ ဒါယကာကြီးအတွက် နတ်ကွန်းဆောက်ပေးပါ့မယ်"

ဆရာတော်သည် အိပ်ရာမှလန့်နိုးလာပြီး-

"ဒါဆိုရင် ငါ့ကိုအိပ်မက်ပေးနေတာ ကျောင်းဆောက်ဖို့ကူညီနေတာ ဒီညောင်ပင်စောင့်နတ်ရက္ခစိုးကြီးဖြစ်ရမယ်" ဟု တွေးတောဆင်ခြင်ပြီး ရပ်ရွာလူကြီးများကိုခေါ်ပြီး နတ်ကွန်းကိုတည်ဆောက်ပေးသည်။

ကျောင်းဒါယကာမှာ ရွှေလီသူဌေးဟု နာမည်ကြီးနေသော မိုးလုံးရွာမှ ဦးဘတုတ်နှင့် ဒေါ်ခင်ညိုတို့ဖြစ်သည်။

ကျောင်းဒါယကာများမှ ကျောင်းဆောက်ပြီးသောအခါ ၁၃၅၁-ခု၊ တပေါင်းလဆန်း(၇)ရက်နေ့တွင် ကျောင်းရေစက်ချ လှူဒါန်းပွဲကျင်းပလေသည်။

www.dhammaransi.com



## ၈ ) အိပ်မက်ပေး၍ ရွာစောင့်နတ်ကူညီမှု

၁၉၄၉-၅၀ ပြည့်နှစ်တွင် သောင်းကျန်းမှုများ ထကြွချိန်ဖြစ်သည်၊ ဖြူးမြို့သို့ တောင်ငူရှိ ကရင်တပ်(၁)ခုသည် တောခို၍ အစိုးရကိုဆန့်ကျင်ကာ ဖြူးမြို့ကို သိမ်းပိုက်ထားချိန်ဖြစ်သည်။

ဖြူးမြို့တောင်ဘက် ကျွန်းခင်းရွာမှလူတို့သည် ကရင်သူပုန်ဘေးကြောင့် အနောက်ပဲခူးရိုးမခြေရင်းသို့ ရွှေ့ပြောင်းနေကြရသည်၊ မိမိတို့၏ကျွဲ၊ နွားများကိုမူ ထိုရိုးမတောထဲတွင် ကျောင်းရသည်။

တစ်နေ့တွင် ဇယားရွာနှင့် သပြေလှရွာ၌ တာဝန်ကျနေသော ကရင်တပ်စုသည် ထိုတောထဲနွားစားကျက်၌ အစာစားနေကြသောနွားများကို လက်နက်အားကိုးဖြင့် မောင်းယူသွားကြသည်၊ နွားကျောင်းသားတို့မှာမူ အသက်ဘေးလု၍ ထွက်ပြေးခဲ့ကြရသည်။

ထိုကရင်သူပုန်တပ်စု နွားများလုသွားပြီး နောက်(၂)ရက်ကြာသော် ကိုလှတင်+မအုန်းမြင့်တို့လင်မယားတွင် မအုန်းမြင့်သည် ညတွင် အိပ်မက်မြင်မက်လေသည်-

www.dhammaransi.com



"ငါ ရွာစောင့်နတ်ဖြစ်တယ်၊ နင်တို့ရဲ့နွား(၂)ကောင် ပြန်လွတ်လာလို့ ငါ့ရဲ့ကြိုပင်မှာချည်ထားတယ်၊ လာရောက် ယူလှဲ့ကြ" ဟု အိပ်မက်ပေးပြီး ပျောက်သွားသည်။

နံနက်မိုးလင်းသော် မအုန်းမြင့်က မိမိယောကျ်ားကိုလှတင်ကို အကျိုးအကြောင်းပြောပြသည်၊ ကိုလှတင်က မယုံကြည်ချေ။

မအုန်းမြင့်က မဟုတ်သော်ရှိ-ဟုတ်သော်ရှိ သွားရောက်ကြည့်ရန်တိုက်တွန်းသည်၊ ကိုလှတင်သည် မအုန်းမြင့် နားပူနားဆာလုပ်နေသဖြင့် နားအေးစေရန်သဘောဖြင့် ထိုနေရာသို့ လိုက်သွားသည်။

ညက ရွာစောင့်နတ် အိပ်မက်ပေးသည့်အတိုင်းပင် မိမိတို့၏နွား(၂)ကောင်သည် ကြိုပင်တွင်ချည်ထားသည်ကို အံ့ဩစွာတွေ့လိုက်ရလေသည်။

လင်မယားနှစ်ယောက်မှာ အားရဝမ်းသာစွာဖြင့် မိမိတို့နွားများကို ဆွဲယူလာခဲ့သည်၊ ရွာတော်ရှင် ရွာစောင့်နတ်ကိုလည်း ရှိခိုးပူဇော်ခဲ့ကြသည်။

(ဤသည်မှာ ရွာစောင့်နတ်က အိပ်မက်ပေး၍ အကူအညီပေးခဲ့ခြင်းအဖြစ်မှန် ဖြစ်ပါသည်)

---

**ဆွေသဟာ စာပေ**

www.dhammaransi.com



## ( ဃ ) နှတ်ပေးအိပ်မက်ကြောင့် ပျက်စီးရသောဆရာတော်

သီဟိုဠ်ကျွန်း၊ ရောဟနဇနပုဒ်၊ နာဂတောင်ဝိဟာရနေ မထေရ်ကြီးတစ်ပါးသည် သံဃိကကျောင်း၌ သံဃာကိုမပန်ကြား ဘဲ မိမိ၏သဘောဖြင့် ကံ့ကော်ပင်ကြီးတစ်ပင်ကို ခုတ်လှဲလိုက် လေသည်။

ထိုကံ့ကော်ပင်၌နေသော ရုက္ခစိုးနတ်သည် မိမိ၏ဘုံ ဗိမာန်ကိုဖျက်ဆီးရလေမည်လော ဟု စိတ်ဆိုးသည်ဖြစ်၍ ထို မထေရ်ကြီးပျက်စီးစေရန် ကြံစည်လျက် ရှေးဦးစွာ မှန်သော အိပ်မက်တစ်ခုကိုပေးလေသည်။

ထိုမှန်သောအိပ်မက်ကိုရသဖြင့် မထေရ်ကြီး၏စိတ်ထဲ ဝယ် မိမိမြင်မက်သောအိပ်မက်ဟူသမျှ မှန်ကန်သည်သာ ဖြစ် သည် ဟု ယုံကြည်သွားလေသည်။

ရုက္ခစိုးနတ်သည် မထေရ်ကြီးကို ပထမပိုင်းတွင် မှန်ကန် သောအိပ်မက်များပေးပြီး ဖြားယောင်းနေခဲ့သည်။

မထေရ်ကြီး၏ မိမိအိပ်မက်အပေါ် ယုံကြည်မှုများလာ သောအခါ နောက်တစ်ကြိမ်၌-

www.dhammaransi.com



"အရှင်ဘုရား. . . ဤနေ့မှစ၍ (၇)ရက်မြောက်သော နေ့တွင် အရှင်ဘုရားတို့၏အလုပ်အကျွေးဒါယကာဖြစ်သော ပြည့်ရှင်မင်းကြီးသည် သေလွန်ပါလိမ့်မည်"

ဟူ၍ အိပ်မက်ပေးလေသည်။

မထေရ်ကြီးသည် ယခင်က မိမိ၏အိပ်မက်များမှန်နေ၍ ယခုလည်းမှန်မည် ဟု ယုံကြည်ကာ စိတ်ကောင်းခြင်းကြီးစွာဖြစ်လျက် နန်းတော်သို့ကြွကာ မောင်းမတို့အား တိုးတိုးတိတ်တိတ်ပြောကြားလေသည်။

သို့သော် မောင်းမတို့ကား စိတ်ကိုမထိန်းနိုင်ကြသဖြင့် အော်ကြီးဟစ်ကျယ်ငိုကြွေးကြလေသည်။

မောင်းမတို့၏ငိုသံကြောင့် နန်းတော်တစ်ခုလုံး ပွက်လောရိုက်သွားပြီးလျှင် မင်းကြီးလည်း ကြားသိသွားလေသည်။

မင်းကြီးက အကြောင်းအကျိုးကိုမေးမြန်းသည်ရှိသော မထေရ်၏ အိပ်မက်စကားမိန့်ကြားချက်ကြောင့် ငိုကြွေးကြခြင်းဖြစ်ကြောင်း လျှောက်ထားကြလေသည်။

မင်းကြီးကား မထေရ်၏အိပ်မက်စကားကိုယုံကြည်ခြင်းမရှိသလို အနည်းငယ်မျှကြောက်ရွံ့တုန်လှုပ်ခြင်းလည်းမရှိပေ။

www.dhammaransi.com



ပြောကြားသောရက်ကိုသာ ရေတွက်ထားစေပြီး စောင့်သည်၊ တစ်ရက်-နှစ်ရက်မှစ၍ (၆)ရက်လွန်ပြီး (၇)ရက်မြောက်ရောက်လာသောအခါ မောင်းမတို့နှင့်တကွ တစ်နန်းတွင်းလုံးအသည်းတထိတ်ထိတ် ရင်တဖိုဖိုနှင့်စောင့်နေကြရသည်။

သက်ဆိုင်ရာမှူးမတ်တို့ကလည်း မြို့တော်ပတ်ဝန်းကျင်နှင့် နန်းတော်ပတ်ဝန်းကျင်၌ ရဲမက်အစောင့်အရှောက် အစီအမံတို့ကို ထူထပ်စွာချထားပြီး စောင့်ရှောက်နေကြရသည်။

(၇)ရက်မြောက်နေ့ကား ချောမောစွာဖြင့် ပြီးမြောက်ကုန်ဆုံးသွားလေသည်၊ မင်းကြီးတွင် မှဲ့တစ်ပေါက်မျှမစွန်းဘဲ ကျန်းမာပကတိချမ်းသာစွာရှိလေသည်။

ထိုအခါ မောင်းမမိဿံများနှင့်တကွ မှူးမတ်ပြည်သူတို့မှာ ဝမ်းသာမဆုံးရှိကြလေသည်။

မင်းကြီးကား အဓိပ္ပာယ်မရှိ၊ ယုတ္တိ ယုတ္တာကင်းမဲ့သောစကားဖြင့် မိမိနှင့်တကွ မောင်းမံ မှူးမတ် ဗိုလ်ပါအားလုံးတို့ကိုစိတ်ဓာတ်ချောက်ချားအောင် ပြုလုပ်သည်၊ သက်သက်လုပ်ကြံပြောဆိုသည် ဟု ယူဆပြီးလျှင် မထေရ်ကြီးအပေါ်တွင် ကြီးစွာအမျက်တော်ရှလေသည်။

www.dhammaransi.com



“ရဟန်းတော်ဖြစ်လျက် ဤမဟုတ်မမှန် လုပ်ကြံစကား ပြောဂကသောအမှုအတွက် ထိုမထေရ်၏မြေလက်တို့ကို ဖြတ်စေ” ဟု မင်းကြီးက အမိန့်ချမှတ်လေသည်။

ဤကဲ့သို့ ကြီးမားသောမင်းပြစ်မင်းဒဏ်ကို မထေရ်ကြီး ခံသွားရသောအခါ ကံကော်ပင်စောင့်ရုက္ခစိုးနတ်သည် အလွန် ကျေနပ်ဝမ်းမြောက်သွားလေသည်။

(ဤဖြစ်စဉ်တွင် မထေရ်ကြီးသည် သံဃိကပိုင်ကျောင်း တိုက်မှ သစ်ပင်ကိုခုတ်လှဲလိုလျှင် သံဃာကိုပန်ကြားရမည် ဖြစ် သည်၊ သံဃာများ၏သဘောတူညီချက်ဖြင့်ခုတ်လှဲလျှင် ရုက္ခစိုး နတ် အန္တရာယ်မပြုနိုင်ပါ။ သံဃာ၏အမိန့်ကို နတ်များမလွန်ဆန် နိုင်ပါ၊ နာခံရသည်သာဖြစ်ပါသည်၊ မထေရ်ကြီးသည် မိမိပိုင်မ ဟုတ်သော သံဃိကပိုင်သစ်ပင်ကိုခုတ်လှဲ၍ ရုက္ခစိုးနတ်က ဤကဲ့ သို့ အကောက်ကြံအိပ်မက်ပေးခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် အများပိုင်၊ နိုင်ငံပိုင်၊ အစိုးရပိုင်သစ်ပင်များကို အကြောင်းအားလျော်စွာခုတ်လှဲရန်လိုအပ်သည့်အခါ သက်ဆိုင် ရာအာဏာပိုင်တို့၏ အမိန့်အာဏာဖြင့်သာလျှင် ခုတ်လှဲရသည်။

ထို့ပြင် မိမိပိုင်ဖြစ်စေ၊ အများပိုင်ဖြစ်စေ သစ်ပင်တစ်ပင် ကို ခုတ်လှဲတော့မည်ဆိုပါက ထိုသစ်ပင်တွင်မှီခိုနေထိုင်ကြသော နတ်တို့ကို-

www.dhammaransi.com



"ဤသစ်ပင်ကို သင်၏ဘုံဗိမာန်ပျက်စီးရန် ဟမင်ရည်ရွယ်၍ခုတ်လှဲသည်မဟုတ်ပါ၊ အကြောင်းအားလျော်စွာ လိုအပ်သောကြောင့်သာ ခုတ်လှဲရခြင်းဖြစ်ကြောင်း"
ဟု မေတ္တာရပ်ခံပန်ကြားပြီးမှ ခုတ်ရပါသည်။

ဤသို့ပြုလုပ်သော် မိမိတွင် အန္တရာယ်ကင်းပါသည်၊ ရှေးလူကြီးသူမများက သစ်ပင်ကိုခုတ်လျှင် နတ်နေကိုင်းချန်ထားရမည် ဟု ဆိုဆုံးမလေ့ရှိကြသည်၊ ရဟန်းများဆိုလျှင် သစ်ပင်ခုတ်ခွင့်မရှိ၊ ခုတ်ပါက ပါစိတ်အာပါတ်သင့်ရလေသည်)

ဆွေသဟာ စာပေ

www.dhammaransi.com



# အခန်း ( ၃ )

## အိပ်မက်ကောင်းမက်လိုသော်

ချမ်းသာအိပ်နိုး၊ ကောင်းကျိုးမက်မြင်
နတ်လူစောင့်ရှောက်၊ မျက်မှောက်ချစ်ခင်
အဆိပ်လက်နက်၊ နှိပ်စက်မထင်
စိတ်တည်လှ၊ ကြည်မြမျက်နှာသွင်
တစ်ပါးဘဝ၊ သွားရခါဝယ်
တွေဝေလွတ်ကင်း၊ သန့်ရှင်းလို့ရယ်
ပြဟ္မာနန်းသို့၊ လွမ်းဖို့တကယ်
ဆယ့်တစ်မျိုး၊ အကျိုးမှတ်ကြကွယ်။

ဆွေသဟာ စာပေ

www.dhammaransi.com



## ( ဂ ) နတ်များကို အမြဲပေ မေတ္တာပို့ပါ

ဤလောကတွင် လူသားတိုင်းသည် အိပ်ရာထက်ဝယ် အိပ်ပျော်နေစဉ် အိပ်မက်ကောင်းကိုမက်လိုကြသည်၊ အိပ်မက် ကောင်းတွင် အတိတ်ကောင်း နိမိတ်ကောင်းများကို ရလိုကြသည်။

ထို့အတွက် မေတ္တာသုတ်ပရိတ်တော်၌-

" သုခံ သုပတိ သုတ္တောစ ပါပံ ကိဉ္စိနပဿတိ
ဧဝမာဒိ ဂုဏူပေတံ ပရိတ္တံ တံ ဘဏာမဟေ"

ဘေးကင်းရန်ကွာ ချမ်းချမ်းသာသာအိပ်စက်ရ၏၊ အိပ်ပျော်နေစဉ်အခါ၌လည်း တစ်စုံတစ်ခုသောဒိပ်မက်ဆိုးကို မမြင်မက်ပေ

ဤသို့အစရှိသော ဂုဏ်အာနိသင်နှင့်ပြည့်စုံသော မေတ္တာသုတ်ပရိတ်တော်ကို သူတော်ကောင်းဖြစ်သော ကျွန်ုပ်တို့သည် ညီညီဖြဖြ ရွတ်ဆိုကြပါစို့ "

ဟု ဆိုထားသည့်အတိုင်း လူသားအားလုံးနှင့် ကိုယ်စောင့်နတ် အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ မြို့ရွာစောင့်နတ် စသည့်တို့ကို မေတ္တာပို့ပြီး အိပ်စက်ရန်လိုအပ်ပါသည်။

---

ဆွေသဟာ စာပေ

www.dhammaransi.com



ဤကမ္ဘာလောက လူသားတို့၏ပတ်ဝန်းကျင်တွင် ကိုယ်စောင့်နတ် အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်စသော နတ်ပြည်ခြောက်ထပ်မှတစ်ပါးသော အောက်နတ်ဟု ဆိုအပ်သော ဘုမ္မစိုး၊ ရုက္ခစိုးနတ်များ ရှိနေကြပါသည်။

ထို့ကြောင့် အရံအတားပရိတ်တော်များ ရွတ်ဖတ်သော အခါ ထိုနတ်များအား ပင့်ဖိတ်ထားသည်ကို တွေ့ကြရပါသည်။

ယေသန္တာ သန္တစိတ္တာ၊ တိသရဏ သရဏာ
ဧတ္ထ လောကန္တရေဝါ
ဘုမ္မာ ဘုမ္မာစဒေဝါ ဂုဏ ဂဏ ဂဟဏာ
ဗျာဝဋာ သဗ္ဗကာလံ
ဧတေအာယန္တု ဒေဝါ ဝရကနကမယေ
မေရုရာဇေ ဂသန္တော သန္တော သန္တောသဟေတုံ
မုနိဝရဝစနံ သောတုမဂ္ဂံ သမဂ္ဂါ

"ဤလောက၌လည်းကောင်း၊ အခြားတစ်ပါးသောကမ္ဘာလောကဟူသမျှတို့၌လည်းကောင်း နေထိုင်လျက်ရှိကြကုန်သော သူတော်ကောင်းဖြစ်ကုန်သော ငြိမ်သက်တည်ကြည်သောစိတ်ရှိကုန်သော ရတနာသုံးပါးကိုသာကိုးကွယ်ဆည်းကပ်၍ မြတ်သော

www.dhammaransi.com



ဗုဒ္ဓဘာသာဝင်ဖြစ်ကုန်သော ဒေချိန်ရှိသရွေ့ နေ့ညမပြတ် လော ကီကောင်းကျိုး လောကုတ္တရာကောင်းကျိုးတို့နှင့်ပြည့်စုံစေခြင်းငှာ လှူလပြုကြကုန်သော-

- မြေကိုမှီ၍နေသော အကြင်ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့ သည်လည်းကောင်း

- ကောင်းကင်၌တည်နေသော အာကာသစိုးနတ်တို့ သည်လည်းကောင်း

- မြတ်သောရွှေစိုင်းအတိပြီးသော မြင့်မိုရ်တောင်၌နေ ကြကုန်သော သူတော်ကောင်းဖြစ်ကုန်သော အကြင် စတုမဟာရာဇ် တာဝတိံသာနတ်တို့သည် လည်းကောင်း ရှိကြပါသည်။

ထိုနတ်မြတ်နတ်ကောင်း သူတော်ကောင်းတို့သည်ရောင့် ရဲလွယ်မှုအကြောင်းပြုသော မြတ်သောဘုရားရှင်၏ပရိတ်တော် ကို နာကြားနိုင်စိမ့်သောငှာ စုပေါင်းညီညာရောက်လာကြပါကုန် လော”

ဟု အောက်နတ်ဖြစ်သော ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ် များကို ဖိတ်ကြားပြီး အောက်ပါဥပါဒ်(၁၆)မျိုးမှ စောင့်ရှောက် တာဝန်ပေးထားသည်ကိုလည်း တွေ့ရပါမည်-

**ဉာဏသဟာ ဓာဋပ**

www.dhammaransi.com



"အို-နတ်များကို့. . . မင်းဘေး၊ သူခိုးဘေး၊ လူလချင်း အန္တရာယ်ပြုဘေး၊ နတ်ဘီလူးပြိတ္တာတို့ဘေး၊ မီးဘေး၊ ရေဘေး၊ မြေဘုတ်ဘီလူးဘေး၊ သစ်ငုတ်ခလုတ်ဘေး၊ ဆူးငြောင့်ဘေး၊ ပြိုပ်ဆိုးနက္ခတ်ဆိုးဘေး၊ ဇနပုဒ်၌ဖြစ်သောရောဂါဆိုးဘေး၊ အကုသိုလ်ဒုစရိုက်ဘေး၊ အတွေးအမြင်မှားယွင်းသောဘေး၊ သူယုတ်မာဘေး၊ ကြမ်းတမ်းသောဆင်ဆိုး၊ မြင်းဆိုး၊ သားကောင်ဆိုး၊ နွားဆိုး၊ ခွေးဆိုး၊ မြွေဆိုး၊ ကင်းမြီးကောက်၊ ကင်းခြေများ မြွေစိမ်း၊ ကျားသစ်၊ ဝက်ဝံ၊ အောင်း၊ တောဝက်၊ ကျွဲ၊ ဘီလူးဘေး၊ (၃၂)ပါးသော ကြမ္မာဘေး၊ (၉၆)ပါးသောရောဂါဘေး၊ (၁၆)ပါး သောဥပါဒ်ဘေးတို့မှ အစောင့်အရှောက်ကုန်ယူကြပါကုန်" ဟု နတ်များကို အစောင့်အရှောက်ပြုလုပ်ခိုင်းထားပါသည်။

တစ်ဖန် ရတနသုတ်ပရိတ်တော်၌-

တသ္မာဟိဘူတာ နိသာမေထသဗ္ဗေ

မေတ္တံကရောထ မာနုသိယာပဇာယ

ဒိဝါစ ရတ္တောစ ဟရန္တိယေဗလိံ

တသ္မာဟိ နေရက္ခထ အပ္ပမတ္တာ။

"အို-နတ်များတို့. . . သင်တို့သည် စူးစိုက်နာကြားကြ ပါကုန်လော့၊ နတ်များအားလုံးသည် လူသတ္တဝါများအပေါ်၌

www.dhammaransi.com



ချစ်ခင်မြတ်နိုးအကျိုးလိုလားသည့် မေတ္တာစိတ်ကိုထားကြပါကုန်၊ အကြင်သူတို့က နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း ဗလိနတ်စာပူဇော်ရာကို ဆောင်ယူပူဇော်ကြကုန်၏၊ ထိုသို့ပူဇော်ကြသောကြောင့် ထိုလူသားတို့ကို မမေ့မလျော့ စောင့်ရှောက်ကြပါကုန်” ဟူ၍ အစောင့်အရှောက်ပြုရန် အမိန့်ပေးထားပါသည်။

အာဋာနာဋိယပရိတ်တော်၌-

“အာကာသဋ္ဌာစ၊ ဘူမဋ္ဌာ၊ ဒေဝနာဂါမဟိဒ္ဓိကာ

တေပိအမှေ၊ နုရက္ခန္တု၊ အရောဂေနသုခေနစ”

“တန်ခိုးကြီးမားကုန်သော အာကာသစိုးနတ်၊ ဘုမ္မစိုးနတ် နဂါးတို့သည် ကျွန်ုပ်တို့ကို အနာရောဂါကင်းဝေးစေရန် ချမ်းသာစေရန် အစဉ်စောင့်ရှောက်ကြပါကုန်စေသတည်း”

“ကတ္တိမန္တော စ ယေဒေဝါ၊ ဝသန္တာဂ္ဂကသာသနေ

တေပိအမှေ နုရက္ခန္တု အရောဂေနသုခေနစ”

“ဂေါတမဘုရား သာသနာတော်၌နေကြကုန်သော တန်ခိုးရှင်များဖြစ်ကြကုန်သော အကြင်နတ်တို့သည်ရှိကြကုန်၏၊ ထိုနတ်တို့သည် ကျွန်ုပ်တို့အား အနာရောဂါမရှိ၊ ချမ်းသာမှုအတွက် မပြတ်စောင့်ရှောက်ကြည့်ရှုကြပါကုန်လော့”

ဟူ၍ အမိန့်ပေးထားသည်ကိုလည်း တွေ့ရပါသည်။

---

ဩဃသဟာ စာပေ

www.dhammaransi.com



နတ်တို့အား လူတို့သည် ဗလိနပ်စာပေးသင့်ကြောင်းကို အင်္ဂုတ္တိုရ်၌ဟောထားသလို မဟာဝဂ္ဂ မဟာပရိနိဗ္ဗာနသုတ်၌ လည်း-

"ရိုးရာပူဇော်မြဲဖြစ်သော နတ်တို့ကိုပူဇော်ရမည်၊ ထိုသို့ ပူဇော်ပေးက လူတို့အားမဆုတ်ယုတ် မပျက်စီးကြောင်းတို့ကို ဘုရားရှင်က ဟောကြားထားပါသည်"

ဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်း ပဋ္ဌာန်းမူလဋီကာကျမ်းတို့၌-

"-နတ်တို့သည် လူတို့အား ရာထူးဌာနန္တရစသော စည်းစိမ် ဥစ္စာကိုပေးတတ်သူ

-လူသားတို့၏ပူဇော်သက္ကာရကိုခံယူထိုက်သူ

-အကျိုးတရားပြ၍ ညွှန်ကြားဆုံးမတတ်သူ

-ပျက်စီးခြင်းဘေးဒုက္ခအမျိုးမျိုးတို့မှလွတ်ကင်းသူတို့က ငါတို့အားထားရာ ပူဇော်ရာဖြစ်ပေသည် ဟုချီးမွမ်းအပ်သူ တို့ဖြစ်သည် ဟု ဖွင့်ဆိုပြထားပါသည်။

ပိဋကတ်တော်လာ ဇာတကများတွင်လည်း သိကြားမင်း အပါအဝင် နတ်ကောင်းနတ်မြတ်များက ကူညီစောင့်ရှောက် သောအဖြစ်အပျက်များ၊ ဥစ္စာပစ္စည်းပေးမှုအဖြစ်အပျက်ဇာတ် လမ်းများ များစွာပါရှိပါသည်။

ဆွေသယာ ဓာပေ

www.dhammaransi.com



## ( ၁ ) မေတ္တာအာနိသင်ကြောင့် နတ်များက ကူညီစောင့်ရှောက်ပုံ

အခါတစ်ပါး ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူပြီးလျှင် ဟိမဝန္တာနှင့်တစ်စပ်တည်းတည်နေသော တောအုပ်တစ်ခုသို့ဝင်ရောက်ကာ သစ်ပင်ရင်းဖျားခြင်း ကရားအား ထုတ်ကြသည်။

ထိုရဟန်းတော်တို့၏သီလတန်ခိုးကြောင့် သစ်ပင်ဖျား ပေါ်ရှိ ရုက္ခစိုးနတ်များမှာ သစ်ပင်ပေါ်၌မနေဝံ့ကြဘဲ ကလေးများ ကိုလက်ဆွဲကာလှည့်လှည်နေကြရသည်။

တစ်နေ့ ပြန်နိုးနိုးစောင့်နေခဲ့ကြရာ အရှင်မြတ်များမပြန် ကြတော့မည်ကိုသိရ၍ မနေဝံ့အောင် ညဉ့်အခါ ကြောက်မက် ဖွယ်အဆင်းအသံများပြကာ ခြောက်လှန့်ကြတော့သည်။

ထိုအကြောင်းကြောင့် ရဟန်းများထိတ်လန့်ကြောက်ရွံ့ ကြ၍ ရောဂါအမျိုးမျိုးရကာ သမာဓိမရဖြစ်ကြရသည်၊ မိမိတို့ ဤအရပ်မှာမနေသင့် ဟုဆုံးဖြတ်ပြီးလျှင် ဘုရားရှင်ထံကြွရောက် ကြ၍ ထိုအကြောင်းကိုလျှောက်ထားကြသည်။

ဘုရားရှင်သည် ထိုအရပ်မှလွဲ၍ ဤရဟန်းများ၏သပ္ပါ ယဖြစ်မည့်နေရာ၊ တရားရမည့်နေရာကိုမမြင်သဖြင့် ထိုအရပ်သို့

www.dhammaransi.com



ပင်ပြန်သွားရန်မိန့်ကြားပြီး နတ်ဝင့်ကိုမေတ္တာပို့ရန် မေတ္တာသုတ်ကိုသင်ကြားပေးခဲ့သည်။

ရဟန်းတော်များသည် ပြန်လာကြပြီးလျှင် ဘုရားရှင်သင်ကြားပေးအပ်သည့်အတိုင်း မေတ္တာပို့ဘာဝနာပွားများ၍တစ်ဆိုရာ နတ်များက ချစ်မြတ်နိုးကြပြီး ဝတ်ကြီးဝတ်ငယ်များပင် ပြုလုပ်ပေးကာစောင့်ရှောက်မှုပေးကြသည်။

ထိုမေတ္တာကိုအခြေခံ၍ ဝိပဿနာကိုဆက်လက်အား ထုတ်ကြရာ ဝါတွင်းမှာပင် ရဟန္တာအဖြစ်သို့အားလုံးရောက်ကြရလေသည်။

ဤသည်မှာ နတ်တို့အား မေတ္တာပို့ပေးကြသဖြင့် နတ်တို့ကချစ်ခင်မြတ်နိုးပြီး ပြန်လည်ကူညီသဖြင့် မြင့်မြတ်သောရဟန္တာဘဝသို့ရောက်ရမည့်အဖြစ် ဖြစ်ပါသည်။

ထို့ကြောင့် နတ်များ၏အကူအညီနှင့် နတ်များက အိပ်မက်ကောင်းပေးစေလိုလျှင် မေတ္တာပို့ပြီးအိပ်ကြပါ။

www.dhammaransi.com



# ( ၈ ) မြစ်စောင့်နတ်ကို အမျှပေးဝေသောအကျိုး

ဗာရဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလဖြစ်သည်၊ ဘုရားလောင်းသည် သူကြွယ်မျိုးဖြစ်၍ လိမ္မာသောအဖြစ်သို့ရောက်သော် ဥစ္စာကိုဖြစ်စေ၏၊ ဘုရားလောင်း၌ ညီတစ်ယောက်သည်ရှိ၏။

အဘကွယ်လွန်သော် ထိုညီအစ်ကိုနှစ်ယောက်တို့သည် အဘဥစ္စာကိုမခွဲဘဲ အတူတကွကုန်ကူးကြသည်၊ ကုန်ကူး၍ အသပြာတစ်ထောင်ရသော် ပြန်လာကြသည်။

မြစ်ဆိပ်၌ လှေကိုခဏဆိုက်၍ ထမင်းစားကြသည်၊ ဘုရားလောင်းသည် ထမင်းစားကြွင်းတို့ကို ဂင်္ဂါမြစ်၌ငါးတို့ကို ကျွေးမွေးပြီး မြစ်စောင့်နတ်အား ဒါနအဖို့ကို အမျှပေးဝေလေသည်။

မြစ်စောင့်နတ်သည်လည်း ဒါနအဖို့ကို အမျှရသဖြင့် နတ်စည်းစိမ်အခြံအရံပွားများလေသည်၊ မိမိ၏စည်းစိမ်ပွားများခြင်းကို ဆင်ခြင်သော် ထိုအမျှရသည့်အကြောင်းကိုသိသည်။

ဘုရားလောင်းသည် သဲပြင်ပေါ်၌ အပေါ်ရုံပုဆိုးကိုခင်းပြီး လျောင်းစဉ်အိပ်ပျော်သွားသည်။

---

www.dhammaransi.com



ညီသည်ကား ခိုးတတ်ကောက်ကျစ်သောသဘောရှိ၍ ရရှိလာသောငွေတစ်ထောင်ကို အစ်ကိုအား မပေးလိုသဖြင့် ကျောက်စရစ်တို့ဖြင့် အသပြာအထုပ်အတုကိုပြုလုပ်ထားသည်။

ခရီးထွက်၍ မြစ်လယ်သို့ရောက်သော် ညီသည် လှေကို လှုပ်စေ၍ကျောက်ထုပ်ကိုရေ၌ချသည်၊ သို့သော် မိမိချမိသည်ကား ကျောက်ထုပ်မဟုတ်ဘဲ အသပြာထုပ်ဖြစ်နေသည်။

အသပြာထုပ်ကိုချပြီးသော် အစ်ကိုကို "မည်သို့ပြုလုပ်ရအံ့နည်း "ဟုဆိုသည်၊ အစ်ကိုက "မစိုးရိမ်လင့်"ဟုနှစ်သိမ့်ဖြေစေသည်။

မြစ်စောင့်နတ်သည်-

"ဤသူသည် ပေးအပ်သောဒါနကိုဝမ်းမြောက်၍ နတ်စည်းစိမ်ဖြင့် ငါ့အားပွားများရာ၏၊ ထိုသူ၏ဥစ္စာကိုစောင့်ရှောက်ပေးအံ့"

ဟု ကြံ၍ မိမိ၏အာနုဘော်ဖြင့် ထိုဥစ္စာထုပ်ကို ငါးကြီးအားမျိုစေသည်၊ မိမိကလည်း ထိုငါးကိုစောင့်ရှောက်ထား၏။

ညီသည် အိမ်သို့ရောက်သော် အစ်ကိုကိုလှည့်စား၍ ဤဥစ္စာအားလုံးငါရပြီဟူသော ဝမ်းမြောက်သောစိတ်ဖြင့်အထုပ်ကို

www.dhammaransi.com



## ( ဃ ) နတ်ကို ပူဇော်လုပ်ကျွေးသောအကျိုး

တာရကာသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ကာလဖြစ်သည်၊ ဘုရားလောင်းသည် တာရကာသီနှင့် မနီးမဝေးသောအရပ်ရှိပေါက်ပင်၌ ရုက္ခစိုးနတ်ဖြစ်လေသည်။

ထိုအခါ တာရကာသီသားတို့သည် နတ်တို့အား ကိုးကွယ်ကြသည်၊ နတ်တို့ကိုပူဇော်ခြင်း၌ အမြဲလုံ့လပြုကြသည်။

ထိုအခါတစ်ယောက်သောဆင်းရဲသားပုဏ္ဏားသည် "ငါသည် တစ်ပါးသောနတ်ကိုလုပ်ကျွေးအံ့"ဟူ၍ မြင့်သောအရပ်၌ တည်သောပေါက်ပင်ကိုအောက်၌ရှင်းလင်းပြီးလျှင်-

"ချမ်းသာစွာအိပ်ရပါ၏လော"

ဟုဆိုကာ ပေါက်ပင်ကို လက်ျာရစ်ပူဇော်၍ ပြန်လာခဲ့လေသည်။

နောက်နှစ်ရက်ကြာ တစ်ဖန်စောစောသွား၍ ပန်းစသည် ပူဇော်ကာ ချမ်းသာစွာအိပ်ရပါ၏လော ဟုမေးသည်။

ပေါက်ပင်စောင့်ရုက္ခစိုးနတ်သည်-

"ဤပုဏ္ဏားကား အလွန် ငါ့အားလုပ်ကျွေး၏၊ ထိုအကြောင်းကိုမေးအံ့"

www.dhammaransi.com



ဟု ကြံစည်ပြီးလျှင် ပုဏ္ဏားအသွင်ယူကာ ထိုပုဏ္ဏားတံမြက်စည်းလှဲရာအရပ်သို့ချဉ်းကပ်၍-

"ပုဏ္ဏား. . . သင်သည် စိတ်စေတနာမရှိ၊ စိတ်မရှိ၍ မကြားတတ်သော ဤပေါက်ပင်ကို အမြဲပူဇော်ပ,သပြီး ချမ်းသာစွာအိပ်ရပါ၏လော ဟု မေးနေရပါသနည်း"

ဟု မေးသည်။

"ပုဏ္ဏား. . . ဤပေါက်ပင်သည် အဝေးကလည်းမြင်ရ၏၊ ကြီးလည်းကြီး၏၊ မြင့်သောညီသောမြေအရပ်၌တည်၏၊ နတ်တို့၏နေရာဖြစ်၏၊ ထို့ကြောင့် ဤပေါက်ပင်၌ တန်ခိုးကြီးသောနတ်တစ်ပါးပါး နေပါမည်၊ ထိုနတ်ကိုရည်ပြီး ငါ ရှိခိုးပူဇော်ပါ၏"

ဟု ပုဏ္ဏားကအဖြေပေးသည်။

"ပုဏ္ဏား. . သင်ပြုအပ်သောကျေးဇူးကိုသိသည်ဖြစ်၍ ငါသည် သင့်ကို အစွမ်းသတ္တိအားလျော်စွာ သင့်အားကျေးဇူးပြုပါအံ့၊ သင်ပြုခဲ့သောကောင်းမှုကျေးဇူးသည် အချည်းနှီးမဖြစ်စေရပါ၊

အချင်းပုဏ္ဏား. . . တည်ပင်၏နောက်၌ ညောင်ကြွတ်ပင်ရှိပါ၏၊ ထိုအပင်၏အမြစ်ရင်း၌ ရှေးကယဇ်တင်ခဲ့သော များ

www.dhammaransi.com



စွာမသာရွှေရှိသော ရွှေအိုးကိုမြှုပ်ထားပါသည်၊ ထိုရွှေအိုးကိုထုတ်ယူ၍ ချမ်းသာစွာနေပါလေ”

ဟုဆိုသ ည်။

တစ်ဖန်-

“အချင်းပုဏ္ဏား . . မင်းကိုယ်တိုင် သွားထုတ်ယူနေပါက ပင်ပန်းနေပါမည်၊ သင်သွားနှင့်ပါ၊ ငါသည်သာလျှင် ရွှေအိုးကို ထုတ်ယူ၍ သင်၏အိမ်သို့ပို့ပေးပါမည်၊ သင်သည် ရွှေအိုးကို သင့်ရာဌာ၌မြှုပ်နှံထားပြီး ထိုရွှေအိုးမှရွှေကိုထုတ်ယူကာ ချမ်းသာစွာနေပြီးဒါန၊ သီလ၊ ဘာဝနာတို့ကို ပြုလုပ်ဆောက်တည်ပါလေ”

ဟု ထပ်မံပြောပြီး ရွှေအိုးကို ပုဏ္ဏားအိမ်၌ သင့်လျော်ရာနေရာ၌ မြှုပ်နှံထားပေးလေသည်။

ဤသည်မှာ ရက္ခစိုးနတ်အား ပူဇော်သဖြင့် နတ်က ပြန်လည်စောင့်ရှောက်ပေးခြင်းဖြစ်ပါသည်။

(စတုတ္ထနိပါတ ပလာသ ဇာတက)

www.dhammaransi.com



## ( ၄ ) ကျွန်ုစ်မင်းကို မင်းမဟာဂီရိနတ်က ကူညီပုံ

ရှေးဘဝ၌ ထီးလှိုင်ရှင်လောင်းကား မင်း၊ မြေးတော် ဒေ့လောင်းစည်သူ(သီရိဇေယျသူရ)ကား မင်းသား၊ ရှင်အရဟံ ကား ပုဏ္ဏား၊ မဟာဂီရိနတ်ကား သူဌေးသား၊ သက်မင်းကတုံ အား စစ်သူကြီး အသီးသီးဖြစ်ကြသည်၊ ထိုငါးဦးသည် ဘုရားသို့ သွားရောက်ဝတ်ပြုကြပြီး-

-မင်းသားက လာလတ္တံ့သောဘဝ၌ ဘုန်းကြီးသောမင်း ဖြစ်စေသော်

-ပုဏ္ဏားက မင်းကိုးကွယ်သောဆရာရဟန်းဖြစ်စေသော်

-စစ်သူကြီးက ပြည်ထောင်ဘက်မင်းဖြစ်စေသော်

-သူဌေးသားက မင်းတို့ပူဇော်ရာနတ်ဖြစ်စေသော်

-မင်းက ဤသူလေးယောက်တို့ဖြစ်ရာ အကြီးအမှူးဖြစ် ၍ အုပ်ချုပ်ရစေသော်

ဟူ၍ ဆုတောင်းဆုပန်ကြလေသည်။

ထိုသူငါးယောက် ဆုတောင်းထားသည့်အတိုင်း-

မင်းသည် ငါးလိုင်ရှင် (ကျွန်စစ်သားမင်း)ဖြစ်လာသည်။

www.dhammaransi.com



မင်းသားသည် သီရိဇေယျသူရ(အလောင်းစည်သူ) ဖြစ်လာသည်။

ပုဏ္ဏားသည် ရှင်အရဟံ ဖြစ်လာသည်။

သူဌေးသားသည် မဟာဂီရိနတ်ဖြစ်လာသည်။

စစ်သူကြီးသည် သက်မင်းကတုံ ဖြစ်လာသည်။

တစ်ရံရောအခါ သက်မင်းကတုံသည် ထီးလှိုင်ရှင်မင်းပိုင်သော ကျေးစွန်ရွာနားတို့သို့ထိပါးလာသည်ဟူ၍ မင်းကြီးအား လျှောက်ထားလေသည်။

မင်းကြီးက သက်မင်းကတုံကိုရအောင်ဖမ်းယူလေ ဟူ၍ ရဲမက်ဗိုလ်ပါဆင်လုံးမြင်းရင်းအများနှင့်ခန့်၍စေလွှတ်သည်။

ရှင်အရဟံသည် မင်းကြီးထံကြွလာပြီး-

"မင်းကြီး. . . ရှေးဘဝ၌ ဆုတောင်းဘက်ဖြစ်သည့်ခင်ပွန်းကိုမဖြစ်မှားသင့်"

ဟု ရှေးဆုတောင်းအကြောင်းကို ထုတ်ဖော်၍ပြောကြားသည်။

ထိုခဏမှာပင် မင်းမဟာဂီရိနတ်ကလည်း ကိုယ်ထင်ပြပြီး မင်းကြီးကိုတားမြစ်သည်။

www.dhammaransi.com



"မဟာဂီရိနတ်သည် ငါနှင့်ဆုတောင်းဘက်ဖြစ်လျှင် ငါ ဆင်းရဲသောအခါ၌ အဘယ်ကြောင့် မမ,စပါသနည်း" ဟု မိန့်တော်မူသည်။

"မင်းကြီးအား အနော်ရထာမင်းစော ကြိုးဖြင့်နှောင်၍ လှံဖြင့်ထိုးသောအခါ ငါစောင်မ၍ ကြိုးကိုထိုးမိလျှင် နှောင်ကြိုး ဖြတ်၍ မင်းကြီးလွတ်သည်ကား ငါ မသည်မဟုတ်လော"

ငရမန်ကန်းနှင့်စစ်သည်ဖြစ်၍ တောင်ခွင်တွင်စစ်ပျက်၍ ညဉ့်မှောင်မိုက်ကိုပြောသောအခါ ဖွတ်ရေဝတ်လုံကိုဝတ်၍ မြင်း ကျားစီးလျက် မင်းကြီးရှေ့ကခရီးညွှန်သည်ကား ငါ မဟုတ်တုံ လော"

"စောလူမင်းကို သင်ခိုးသောအခါ လူသူလိုက်လံ၍ ရေ တွင် ပင်ပန်းစွာမကူးနိုင်ရှိသည်ကိုမြင်၍ ကျွန်းငယ်သောင်ဖန် ဆင်းပြီးလျှင် မြစ်တွေးငှက်အသောင်းမြည်နှင့်သည်ကား ငါ မဟုတ်တုံလော"

"တံငါသားအဖ အယောင်ဆောင်၍ တံခွက်လှေငယ်နှင့် အောင်သာတစ်ဘက်သို့ပို့သည်ကား ငါမဟုတ်တုံလော" ဟု ဆိုသောအခါ မင်းကြီးက-

www.dhammaransi.com



"ဟုတ်ပေ၏၊ ငါ နတ်မှန်းမသိပါ"

ဟု မိန့်တော်မူပြီး ရှင်အရဟံသည် သက်မင်းကတုံကိုဆုံးမ၍ ရန်စစ်ကိုငြိမ်းစေသည်။

ထို့ကြောင့် အထက်ပါဇာတ်လမ်းတို့ကို သိရှိနှလုံးသွင်းလျက် အိပ်မက်ကောင်းကိုမက်လိုလျှင် မိမိပတ်ဝန်းကျင်ရှိနတ်များကို မေတ္တာပို့အမျှဝေပူဇော်ကြရပါမည်။

အန္တရာယ်ကင်းစေရန် စီးပွားဥစ္စာပြည့်စုံစေရန်နှင့်ပတ်သက်သောနတ်ကောင်းနတ်မြတ်များ၏အကူအညီ၊ နတ်ကောင်းနတ်မြတ်များအိပ်မက်ပေးစောင့်ရှောက်မှုကိုအလိုရှိသော်-

"မိမိကိုယ်တိုင်ပြုခဲ့ဖူးသော ဒါန၊ ပြုဆဲသောဒါနရှိရန်လိုပါသည်၊ မိမိကိုယ်တိုင်ဆောက်တည်ကျင့်သုံးခဲ့သော သီလ၊ ဆောက်တည်ကျင့်ဆဲသီလရှိရန်လိုပါသည်"

အတိတ်၊ ပစ္စုပ္ပန်၊ ဒါန၊ သီလရှိသောပုဂ္ဂိုလ်တို့ကို နတ်ကောင်းနတ်မြတ်များက အိပ်မက်ပေးခြင်း၊ ကူညီခြင်းရှိပါသည်၊ အနာထပိဏ်သူဌေး၏တံခါးစောင့်နတ်က အနာထပိဏ်သူဌေးကို ဆင်းရဲအောင်ပြုလုပ်ခဲ့သော်လည်း အနာထပိဏ်သူဌေးက ဒါန၊ သီလနှင့်ပြည့်စုံသောပုဂ္ဂိုလ်ဖြစ်၍ နတ်ကဖျက်ဆီး၍မရဘဲ

www.dhammaransi.com



နောက်ဆုံး အခြားက ရတနာရွှေ ငွေတွေကိုပါ သယ်ဆောင်ကူညီပေးရသောအဆင့်သို့ရောက်ရှိသွားခဲ့ရသည်။

ထို့ကြောင့် အိပ်မက်ကောင်းနှင့် ဥစ္စာစည်းစိမ်ကောင်း ရယူလိုကြပါလျှင်-

- ဒါန ပေးလှူပါ
- သီလဆောက်တည်ပါ
- ကုသိုလ်အဖို့ဘာဂကိုနတ်တို့အားအမျှပေးဝေပါ

ဟူ၍ တိုက်တွန်းလိုက်ရပါသည်။

www.dhammaransi.com

# အိပ်မက်ပဟုသည်



မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ ၊ ဘီအေ )